www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၄-ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၁၀၀) ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင် (သစ္စာမွန်စာပေ)(ယ-၂၂၄၀) အမှတ် (၃၈)၊ မလွှကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့် | - | ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) |
| မျက်နှာဖုံးပုံနှိပ်သူ | | သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ်(၁၀၆)၊ တာမွေလမ်း၊ တာမွေကြီး (က+ဂ) ရပ်ကွက် တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - | Lလင်း |
| ကွန်ပျူတာ | - | အောင်ကျော်ကျော် (ခရီးသည်) |
| ဖြန့်ချီရေး | - | တူးတူး (သစ္စာမွန်) |
| အတွင်းဖလင် | - | ကိုအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |

သစ္စာမွန်(T.S.M)Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃

ရွှေဘဝင် ၊

မေတ္တာစရီးကြမ်း / ရွှေဘဝင်

ရန်ကုန် သစ္စာမွန်စာပေ၊ ၂၀၁၄။

၂၁၀-စာ၊ ၁၂း၁၈ စင်တီ။

(၁) မေတ္တာစရီးကြမ်း


www.burmeseclassic.com

www.burmeseclassic.com

(×-+××-+×)ခုနှစ်. . .

မြန်မာပြည်တွင် ပြည်တွင်းစစ်မီးလျှံတောက်လောင်ဆဲကာလတွင် ဗမာပြည်ကွန်မြူနစ်အလံနီများ ကြီးစိုးခဲ့သောရွာကလေးတစ်ရွာ. . ထိုရွာလေးအမည်မှာ ကျွန်းချောင်း. .

လူတစ်ယောက်၏ ဘဝလုံခြုံမှုကင်းမဲ့လျက် နိုးစပ်ရာလက်နက်ကိုင်သူ ကွန်မြူနစ်တို့အား ကြောက်နေရသောအခြေအနေအချိန် ကာလလေးမှာအလံနီတို့၏ကြိုးဆွဲရာကနေရသော. . သူကြီးဦးအုံမောင်သည် ကျွန်းချောင်းရွာ၏အရှင်သခင်တစ် ယောက်ဖြစ်နေသည်။

သူ့ကို အန်တုဖို့မဆိုထားနှင့် မော်၍ပင်ကြည့်ဝံ့သူမရှိလှပေ။ သူ၏ရက်စက်လှသောကြာပွတ်အောက်တွင် စတေးခဲ့ရသော အသက်တွေက မနည်းလှပေ. . .

ဦးအုံမောင်မနှစ်မြို့သူဆိုလျှင် အစိုးရသတင်းပေး. အလံနီဆန့်ကျင်ရေးသမားဆိုသော စွဲချက်က လူတစ်ယောက်

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com



ဓါဘဝကို ပြောင်းလဲစေခဲ့သည်။ သို့ပေမယ့် ဦးအုံ့မောင်နှင့် လုံးလုံးမကိုက်ညီသော အရာကတော့. . .

ဦးအုံ့မောင်တွင် အလွန်ချောမောလှပသောသမီး. . သျှင်ငယ်နှောင်းဆိုသည့် သမီးလေးရှိခြင်းပင်ဖြစ်သည်။

"ဒိုင်း. . ."

ရွာထိပ်မှ သေနတ်သံကြောင့် တစ်ရွာလုံးမီးကိုရေနှင့် ငြိမ်းလိုက်သလို တိတ်ဆိတ်သွားပြီး. . ဘယ်လိုအနိဋ္ဌာရုံကို မြင်တွေ့ရတော့မလဲဆိုသည်ကို စောင့်နေကြရတော့သည်။

"ဟယ်. . ကိုသာဒင်ကြီးကို ဖမ်းလာပြီတော့"

အမျိုးသမီးတစ်ယောက်ဆီက စတင်ပြီးကြားလိုက်ရသောအသံပင်ဖြစ်သည်။

"ဘာဖြစ်လို့လဲ. . မမြကြည်"

"ဘယ်သိမလဲတော်. . ."

"ကိုသာဒင်ကြီးက. . အလံနီပါတီဝင်မဟုတ်ဘူး လား"

"ဟုတ်တယ်လေ. . ."

"ဒါဆို. . ပါတီပေါ်မှာ သစ္စာဖောက်လို့နေမှာပေါ့"

တစ်ယောက်တစ်မျိုးစီပြောနေကြချိန်တွင် ဦးအုံ့မောင် လက်ရုံးတပည့်ဖြစ်သူ ကျားနီမောင်တစ်ယောက် မြင်းတစ်စီး ဖြင့် ရွာထဲသို့ဒုန်းစိုင်းဝင်လာပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ရွာမှာရှိတဲ့လူတွေအားလုံး ရွာနောက်ကသချိုင်းကို ခုချက်ချင်းလာခဲ့ကြ.. လိုက်မလာသူကတော့ ကိုယ့်တွင်း ကိုယ်တူးဖို့သာပြင်ထားကြ..."

ကျားနီမောင်.. ရွာသူရွာသားများကို ခြောက်လှန့် စကားပြောပြီး သဲလမ်းပေါ်မှာဖုံတထောင်းထောင်းနှင့် ထွက် သွားလေသည်။

သချိုင်းမြေပေါ်တွင် တွင်းတစ်ခုကိုတူးထားပြီး ထိုတွင်း ရှေ့တွင် လက်ပြန်ကြိုးတုပ်ခံထားရသူမှာ ကိုသာဒင်...

"အားလုံးကြည့်ထား.. သာဒင်ကို ဘာလို့အပြစ်ပေး ရသလဲဆိုတာ သိချင်မှာပေါ့"

ဦးအံ့မောင်မှ ရွာသူရွာသားများဘက် လှည့်ပြီးမေး လိုက်သော်လည်း.. စကားသံမထွက်ဘဲနေလေသည်။

"မေးနေတာ မကြားဘူးလား.. စွတ်ပြီးပစ်လိုက် ရရင်တော့ မသာတွေပေါ်ကုန်တော့မယ် ပြောကြစမ်း"

"သိချင်ပါတယ်"

"အေး.. သိချင်ရင်ပြောပြမယ်၊ သာဒင်ဟာ အစိုးရ အတွက်သူလျှိုလုပ်ပေးနေလို့ အပြစ်ဒဏ်ပေးရတာ.. မင်းတို့ အားလုံးလည်း မှတ်ထား.. အစိုးရတပ်တွေလာတဲ့အခါ မေးတာမြန်းတာလုပ်လို့.. ပြောရင်.. ဒီပုံစံအတိုင်းသွားရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ.. ကျားနီ"

"ဗျာ.. သူကြီး"

"ရှင်းပစ်လိုက်တော့..."

ကျားနီမောင် သူ့ခါးကြားက ခြောက်လုံးပြူးကို ထုတ်ပြီး.. သာဒင့်နဖူးထင်ကိုတေ့လိုက်ပြီး...

"မင်း.. ဘာတွေမှာချင်လဲ သာဒင်"

"ဟော့ကောင် ကျားနီ.. မင်းသိအောင်ပြောလိုက် မယ်၊ မင်းတို့အတွက် အလှည့်ဆိုတာပြန်ရောက်မှာပဲကွ.. မစစ်မှန်တဲ့လမ်းစဉ်တွေဟာ ဘယ်တော့မှမတည်တံ့ဘူး ကျဆုံးရမယ်"

"သေခါနီးတောင်.. စကားက ခပ်မာမာပြောတုန်းကဲကွာ.."

"ဒိုင်း..."

သာဒင့်နဖူးထင်တွင် သွေးများမြင်မကောင်းအောင်တွေ့လိုက်ရပြီး.. တွင်းထဲသို့ ကျားနီကန်ချလိုက်သည်။

"ဖိုးထွေး"

"ဗျာ.. ဗျာ.. ဆရာ.. ကျားကြီး"

"ဒီမသာကို မြေမြှုပ်ပစ်လိုက်"

"ဟုတ်ကဲ့..."

သုသာန်စောင့်ဖိုးထွေးသည် သာဒင်၏အလောင်းကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မသက်မသာဖြင့်ကြည့်ပြီး. . မြေတွေဖို့ပေးလိုက်လေသည်။ သူ ခုလိုမြေဖို့ပေးခဲ့ရသော ရွာသားများ၏ အလောင်းတွေမှာ မနည်းလှတော့ပေ. . .

သချိုင်းထဲမှ အားလုံးပြန်ထွက်သွားကြပြီးနောက်. . .

"အဘ. . ."

"သားလေး. . ပြော"

"ဒီလူတွေ. . လူထပ်ပြီးသတ်လိုက်ပြန်ပြီလား ဟင်"

"ဟုတ်တယ်သားရေ. . တိုင်းပြည်က မငြိမ်သက်တဲ့ ကာလဆိုတော့ သူတို့လုပ်တိုင်းခံနေရတာပေါ့ကွယ်"

"ပေး. . ပေး. . သားဆက်ပြီးမြေဖို့လိုက်ပါ့မယ် ကိုသာဒင်ရေ. . အမျှ. . အမျှ. . အမျှ. . ကျုပ်ကလုပ်ပေးနိုင်တာ ဒီတစ်ခုရှိတဲ့အတွက်ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟိုကောင်. . ပြေလာစမ်း"

အရက်ရောင်းသော. . မန္တလေးဆိုင်ရှေ့မှအဖြတ် ဆိုင်ထဲမှ အရက်သောက်နေကြသော တုတ်ကြီး၊ ဝဏ္ဏနှင့် နှာနီတို့က လှမ်းခေါ်တာကြောင့် ဆိုင်လေးထဲသို့ဝင်လာခဲ့သည်။

"ကိုတုတ်ကြီး. . ဘာခိုင်းမလို့လဲ"

"ငါ့ခြေထောက်တွေ ညောင်းနေလို့. . နှိပ်ပေးစမ်း"

"ကိုတုတ်ကြီးရယ်. . နောက်မှလာပြီးနှိပ်ပေးပါရစေ၊ သူကြီးက. . သူ့အဒေါ်အိမ်ဆေးသုတ်ဖို့ ခိုင်းထားလို့ သွားပြီး သုတ်ပေးရဦးမယ်"

"ဟေ့ကောင်. . ပြေ၊ မင်းက ငါ့ကိုကလန်ကဆန်လုပ်တာလား. . ငါဘာကောင်ဆိုတာ မင်းသိလား"



www.burmeseclassic.com

www.burmeseclassic.com



မောင်ပြေသိထားသည်မှာ တုတ်ကြီးဆိုသူကို အလံနီတို့အဖွဲ့က ရွာကာကွယ်ရေးခေါင်းဆောင်ဆိုပြီး သေနတ်ပေးထားသည်ကို သိသည်။ တုတ်ကြီးရွာကာကွယ်ရေးနှင့် ပတ်သက်၍ ဘာတစ်ခုမှလုပ်သည်ကို မတွေ့ရ. . အရက်ဆိုင်များနှင့် ဖဲဒိုင်များတွင် ဆက်ကြေးတောင်းပြီး သေနတ်တကားကားနှင့် သွားလာနေသည်ကိုသာမြင်သည်။

သူကြီးဦးအံ့မောင်နှင့် ခြေရာချင်းတိုင်းရန်ကြိုးစားနေသူဆိုသည်တော့အမှန်. . .

"ငါ့မေးတာဖြေလေ. . ."

"ကျွန်တော်ရွာရဲ့အကြောင်း မသိပါဘူး. . ."

"ကဲကွာ. . . မသိဦး"

တုတ်ကြီးထိုင်နေရာမှ. . မောင်ပြေ့ရင်ဘတ်ကို ကန်လိုက်ခြင်းကြောင့် နောက်ပြန်လဲကျသွားသည်။

"မင်းဆိုတဲ့ကောင်က အသားနာမှလုပ်တတ်တဲ့. . တိရစ္ဆာန်ပဲ. . ခု လာပြီးနှိပ်စမ်း"

"ဟုတ်ကဲ့"

မောင်ပြေ. . တုတ်ကြီးခြေသလုံးကို နှိပ်ပေးနေစဉ်. .

"ငပြေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ကိုကျားနီ"

"မင်းက. . ဒီမှာ ဘာလာလုပ်နေတာလဲ"

"ကိုတုတ်ကြီးက နှိပ်စိုင်းနေလို့ပါ"

"ဘာကွ. . သူကြီးခိုင်းတာထက် တုတ်ကြီးက အရေးကြီးနေလား. . ကဲ. . ."

"ရှန်း. . ."

"အား"

ကျားနီ၏ကြာပွတ်က. . မောင်ပြေကျောပြင်ထက်သို့ ရောက်သွားပြန်သည်။

"ခု. . သွားပြီးလုပ်. . တုတ်ကြီး"

"ဘာလဲ. . ကျားနီ"

"မင်းကိုယ်မင်း. . ရွာရဲ့ကာကွယ်ရေးခေါင်းဆောင်ဆိုပြီး လူပါးသိပ်မဝနဲ့နော်. . ငါက တပ်နီရဲ့အမာခံခေါင်းဆောင် တစ်ဦးပါကွ. . မင်းအနေနဲ့ သူကြီးကိုဆန့်ကျင်ဖို့ အာဏာပြိုင်ဖို့လုပ်လာရင် မင်းအတွက်ကံဆိုးသွားမယ်မှတ်"

"ငပြေဆိုတဲ့ကောင်က ရွာရဲ့ခိုင်းဖတ်ပါကွာ. . ဘယ်သူခိုင်းခိုင်းပေါ့. . သူကြီးကို အန်တုနေတာမှမဟုတ်ဘဲ"

"ဟုတ်တယ် ကိုကျားနီ. . ငပြေဆိုတဲ့ကောင်က ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာမဟုတ်ဘူး. . သူပြောခဲ့ရင် ကျွန်တော်တို့မခိုင်းပါဘူး ဗျာ. . ."

"ဒါဆို ပြီးရော"

တုတ်ကြီးမှာ သူကြီးဦးအံ့မောင်ကို အာဏာပြိုင်လိုပေမယ့်. . ယခုလက်ရှိချိန်တွင် ဦးအံ့မောင်ကို ယှဉ်ဖို့ဆိုသည်မှာ မလွယ်လှပေ. . ဦးအံ့မောင်မှာ လူအင်အားကောင်းသလောက် လက်နက်တွေလည်းရှိသည်။ ထို့ပြင် အစိုးရတပ်ကိုရော. . အလံနီတပ်ကိုရော နှစ်ဖက်အဆင်ပြေအောင် ပေါင်းသင်းနေသူ. . အထူးသဖြင့် အလံနီတပ်တွေအတွက် ရိက္ခာနှင့် ငွေကြေးများကို ရှာဖွေပေးနေသူ. . တုတ်ကြီးအနေဖြင့် ဒီအဆင့် ဒီအခြေအနေကို ကျော်နိုင်ဖို့မှာ ဘယ်လိုမှမဖြစ်နိုင်သေးပေ။

"ဆရာ တုတ်. . ."

"ဘာလဲကွ"

"ကျားနီဆိုတဲ့ကောင် လူပါးဝနေတာကြာပြီနော်"

"ဒီကောင် ဘယ်အချိန်ထိ လူပါးဝနိုင်မယ်ဆိုတာကို စောင့်ကြည့်ထားစမ်းပါ၊ ဗွာသူကြီးအံ့မောင်ရဲ့သမက်ဖြစ်လာတဲ့ အခါကျရင် ခွေးမသားကို ကောင်းကောင်းပညာပေးရမယ်. . ဟား. . ဟား. . ဟား. . ."



www.burmeseclassic.com

www.burmeseclassic.com



တုတ်ကြီး . . အားပါးတရရယ်မောလိုက်သည်ကို တပည့်ဖြစ်သူမှ . . .

"ဆရာကသာ ရယ်နေ . . ကျားနီဆိုတဲ့ကောင်က လည်းသျှင်ငယ်နှောင်းကို ကြိတ်ပြီးကြံနေတာနော်"

"ဖိုးပြူး . . မင်းမှတ်ထား၊ ကျားနီဆိုတဲ့ကောင်ဟာ လူသတ်တဲ့နေရာလောက်ပဲ အသုံးဝင်တာ . . ကျန်တဲ့နေရာမှာဘာမှ ဦးနှောက်ရှိတဲ့ကောင်မဟုတ်ဘူး . . သူကြီးက ဒီလိုကောင်မျိုးကို သမက်တော်ပါ့မလားကွ . . ငါလို (၈)တန်းအောင်ပြီးတဲ့ကောင်ကိုပဲ စဉ်းစားမှာပေါ့ . . ဒါနဲ့နေပါဦး ဖိုးပြူးမင်းရော . . အိမ်သူလေးကိုကပ်တာ ခုထိအဆင်မပြေသေးဘူးလား"

"အိမ်သူလေးက သိပ်မလွယ်ဘူးဆရာ"

"ဘာလို့ . . မလွယ်ရတာလဲ"

"သူ့အဖေ ဦးသန်းတင်ကြီးကို ကြောက်နေရတာ . . မုဆိုးဖိုဖိုဖို တကယ်ရက်စက်မယ့်ရုပ်ကြီးနော် ဆရာ"

"ငါတစ်ယောက်လုံးရှိနေတာ . . မင်းက ကြောက်ရတယ်လို့ကွာ"

"ဆရာမပြောနဲ့ ရွာသူကြီးဦးအုံးမောင်ကတောင် ဒီလူကြီးကို တင်းတင်းမာမာ မပြောရဲဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းတင်မှာ ရွာတွင်ခပ်အေးအေးနေတတ်ပြီး . . မည်သည့်ကိစ္စတွင်မှဝင်ပါသည့်သူမဟုတ်သလို . . လူသတ်ရမည်ကိုလည်း ဝန်မလေးသူတစ်ဦး . . တစ်ချိန်ကရွာကို ဓားပြဝင်ပြီး တိုက်စဉ်က ဦးသန်းတင်တစ်ယောက်တည်းနှင့် ဓားပြ(၅)ယောက်ကို သတ်ဖြတ်ခဲ့သူ . . ထို့ကြောင့်လည်း ရွာသူကြီး ဦးအုံမောင် . . ဦးသန်းတင်ကို တခြားရွာသူရွာသားတွေလို မဆက်ဆံပဲခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com

အင်းတလွှန်ဘုရားကြီးလှေဆိပ်သို့ မောင်ပြေရောက်သောအခါ. .

"ဟော့. . ပြေ. . ပြေ"

နောက်မှခေါ်လိုက်သောအသံကြောင့် လှည့်ကြည့်လိုက်သောအခါ. . .

"ဪ. . အိမ်သူ ဘုရားကြီးလာတာလား"

"ဟုတ်တယ်. . ဒီနေ့မေမေဆုံးတာ (၃)နှစ်ပြည့်ဆိုတော့ ဘုရားလာပြီး၊ မေမေ့အတွက် ကုသိုလ်ကောင်းမှုပြုတာလေ. . နင်က ဘယ်ကိုသွားမလို့လဲ"

"ချောင်းထဲ. . ဟင်းစားထွက်ရှာမလို့"

"ပုစွန်ထုပ်လေး ဘာလေးရရင်. ငါ့ဆီဝင်ပြီးရောင်းခဲ့ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သူ. . ."

"ဘာလဲဟ. . ."

"ငါရှာရတဲ့. . ပုစွန်ကိုနင်တို့စားလို့ စိတ်သန့်ရဲ့လား"

"ပြေ. . နင် ဒီစကားကိုရပ်လိုက်နော်. . တစ်ရွာလုံးက နင့်ကို ဘယ်လိုပဲဆက်ဆံဆက်ဆံ. . နင်ဟာ ငါ့ရဲ့ငယ်ပေါင်း သူငယ်ချင်းပါဟာ. . ဘယ်သူမှဂရုမစိုက်ဘူး၊ အဘကလည်း နင်နဲ့ခေါ်ပြောတာကို ဘာအပြစ်မှမပြောဘူး. . ဟိုတစ်နေ့က တောင် နင့်အဖေကိုတောဘဲတစ်ကောင်တောင် ပေးလိုက်သေး တယ်"

"ဟုတ်ပါတယ်ဟာ. . ငါကစတာပါ၊ တစ်ရွာလုံးမှာ ငါ့ ကိုပေါင်းသင်းတာဆိုလို့ နင်တစ်ယောက်တည်းပဲရှိပါတယ်"

"နင်. . သွားတော့မလား"

"ရေက မကျသေးဘူး. . နည်းနည်းတော့စောင့်ရဦး မယ်"

"ဒါဆို. . ဟိုနားက ကုက္ကိုပင်ကြီးအောက်မှာသွားထိုင် ရအောင်"

"အင်း"

နှစ်ယောက်သား ဘုရားကြီးနောက်ဘက် ကုက္ကိုပင်ကြီး အောက်တွင် ထိုင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြေ. . ဟိုနေ့က တုတ်ကြီးတို့အဖွဲ့က နင့်ကိုရိုက်လို့ဆို. . ."

"အလကားပါဟာ. . ရင်ဘတ်ကိုဆောင့်ပြီးတွန်းတာပါ"

"ပြေ. . နင် ဘာလို့ငြိမ်ခံနေတာလဲ၊ ယောကျ်ားမဟုတ်ဘူးလား. . ."

"နင် အပြစ်တင်ရင်လည်း ခံရမှာပဲအိမ်သူ. . ခုချိန်မှာသူတို့က ထင်တိုင်းကြဲနေတဲ့လူတွေလေ. . လူ့အသက်တစ်ချောင်းဟာ ဘာမှတန်ဖိုးမရှိဘူး. . အကာအကွယ်မဲ့နေတဲ့ ဘဝမှာ အတတ်နိုင်ဆုံးတော့ ခေါင်းငုံ့ပြီးနေပေးတာအကောင်းဆုံးပါပဲဟာ"

အိမ်သူမှာ ပြေ့အတွက် မခံချင်၍ သာပြောနေရပေမယ့်. . လက်နက်ရှိသည့်သူနှင့် လက်နက်မရှိသည့်သူ. . ဘယ်လိုလုပ်ပြီး တုပြိုင်၍ရမှာလဲ. . ပြီးတော့ သူတို့ကလူအုပ်စုနဲ့. .

"ငါတို့ဘဝက ဒီလိုပဲတစ်သက်လုံးနေရတော့မလားမသိပါဘူး. . ပြေ ရာ"

"ငါ့အဖေကတော့ ပြောတယ်. . အလံနီတပ်တွေဟာမကြာခင်ကျဆုံးတော့မှာတဲ့"

"ဟယ်. . တကယ်လား၊ ဘာလို့လဲဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ပြည်သူလူထုပေါ်မှာ အနိုင်ကျင့်တဲ့သူတွေဟာ. . တျဆုံးရမှာ သေချာတယ်တဲ့"

"ပြည်သူတွေကို ဆက်ကြေးတောင်း. . မထင်ရင် မထင်သလိုသတ်ဖြတ် ရွာတွေကိုမီးရှို့နဲ့ အရမ်းကိုရက်စက်ယုတ်မာကြတယ်. . ခုရွာထဲမှာ အလံနီတပ်ထဲဝင်ဖို့ခေါ်နေကြတယ်၊ ရွာကလူငယ်တချို့တောင် တောကြီးတန်းဘက်ကိုပြေး ပုန်းနေရတယ်"

"အဘပြောတာက. . အလယ်ရိုးမကြောမှာ အလံနီတွေ အစိုးရတပ်တွေထိုးစစ်ကြောင့် အကျအဆုံးများနေကြတယ်တဲ့. . ဒါကြောင့် လူလိုနေတာဖြစ်မှာပေါ့၊ ဒါတွေထားပါဦး. . နင့်ကိုမေးစရာရှိတယ်"

"ဘာလဲ. . ပြော"

"နင့်ကို. . ဟိုကျောင်းဆရာလေး ဟန်ထွေးလက်ထပ်ခွင့်တောင်းတယ်ဆို"

"အယ်. . နင်. . ဘယ်ကကြားလဲပြောစမ်း"

"ဘယ်ကမှ ကြားတာမဟုတ်ပါဘူးဟာ. . ဟိုရက်က မရှာတို့အုပ်စုတွေ အသုဘလိုက်ပို့ရင်းပြောနေတာကို ကြားရတာပါ. . မဟုတ်ဘူးလား"

"ဟုတ်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"နင်. . လက်ခံလိုက်ပြီလား အိမ်သူ"

"နင်. . ဘယ်လိုထင်လဲပြော"

"ငါက ဘယ်လိုထင်ရမလဲဟ. . ခုကိစ္စက နင့်ဘဝကိစ္စလေ. . ငါထင်ကြေးပေးလို့မှမရတာ"

"နင့်စိတ်ထဲက တစ်ခုခုကိုပြောစမ်းပါ"

"ငါက. . ဘာဖြေရမှာလဲ"

"လက်ခံမယ်. . လက်မခံဘူး"

"နင် လက်ခံမှာပါ. . ဘာလို့လဲဆိုတော့ ကျောင်းဆရာဟန်ထွေးဆိုရင်. . ရုပ်ကလည်းဖြောင့်. . ပြီးတော့ သူကြီးရဲ့တူဆိုတော့ နင်ငြင်းစရာမရှိဘူးလေ. . မဟုတ်ဘူးလား"

"နင်က ဒီလိုပဲထင်ထားလား ပြေ. . လူတစ်ယောက်ရဲ့ရင်ထဲကခံစားမှုကို နင်မမြင်တတ်ဘူးလား"

"ခံစားမှု. . နင် ပြောကာ သိပ်မရှင်းဘူး"

"ခံစားမှုဆိုတာ နှလုံးသားရဲ့အဆုံးအဖြတ်လေ"

"ငါ. . သဘောပေါက်ပြီ"

"ဘာသဘောပေါက်တာလဲ ပြေ"

"နင်. . ကျောင်းဆရာ ဟန်ထွေးကို မချစ်ဘူးပါ"

"ဟုတ်တယ်. . ငါ သူ့ကိုဘယ်လိုမှချစ်ဖို့မရဘူး. . အဘကိုတော့ သူကြီးက နားဖောက်ထားပေမယ့် အဘကတော့



www.burmeseclassic.com

www.burmeseclassic.com



ငါရဲ့အဆုံးအဖြတ်ပေါ်မှာပဲ လက်ခံပေးမှာတဲ့"

"နင်က. . ငြင်းလိုက်တယ်ပေါ့"

"ငြင်းလိုက်တယ်ပြေ. . ငါ့ဘဝရဲ့လက်တွဲဖော်ဟာ ငါချစ်တဲ့သူပဲဖြစ်စေရမယ်"

"နင် ချစ်တဲ့သူကိုတွေ့ပြီလား"

"တွေ့ထားတယ်. . ."

"ဘယ်သူလဲ. . ဒို့ရွာကပဲလား"

"မဟုတ်ဘူး. . ရွာအပြင်ကလူတစ်ယောက်ပေါ့"

"ငါ ကူညီပေးရမလား အိမ်သူ. . ဘယ်သူလဲဆိုတာ ပြော. . ."

ပြေတစ်ယောက် အိမ်သူခင်းပေးသောလမ်းပေါ်သို့ မလျှောက်တတ်သောလူ ဖြစ်နေသည်ကို အိမ်သူကြည့်ပြီး. . .

"နင်. . လူအပဲနော်"

"နင့်စကားက ဘာလဲဟ. . အသားလွတ်ကြီး"

"တော်ပြီ. . နင်လည်းမကူညီနဲ့တော့ ငါ့ဘာသာပဲဖွင့် ပြောတော့မယ်"

"ဟာ. . အိမ်သူ ဒီလိုတော့မဟုတ်ဘူးဟာ. . ကိုယ်က မိန်းကလေး တန်ဖိုးကျတယ်ဟ"

"ကျ. . ကျ. . သူ့အပြောကိုစောင့်ရင် ဒီတစ်သက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားရမှာတောင် မဟုတ်တော့ဘူး . . ငပြေငတုံးရဲ့ ရေကျ လာပြီသွားမယ်"

"အင်း. . ."

ပြေ. . သူ့ပလိုင်းလေးကို သိုင်းလွယ်ပြီး၊ အိမ်သူနှင့် အတူထစဉ်. . .

"အိမ်သူ. . ."

"ဗြဲဘ်. . ဆရာလေး"

"အိမ်သူရယ်. . ဘယ်နှယ့်ကြောင့် သူသာန်စောင့်သား နဲ့ စကားလာပြီးပြောနေရတာလဲ. . သိက္ခာကျပါဘိ"

"ဘာမှ သိက္ခာကျစရာမရှိဘူး. . ကျွန်မတို့နှစ်ယောက် က ငယ်ငယ်ကတည်းက ခင်ခဲ့တဲ့သူငယ်ချင်းတွေ"

"ဟော့ကောင်. . ငပြေ"

"ဗျာ. . ဆရာလေး"

"မင်းနော်. . ငါ့ရှေ့မှာ အိမ်သူနဲ့တွေ့ခဲ့ရင် မလွယ်ဘူး မှတ်"

"ဒီမှာ ဆရာလေး. . ကျွန်မနဲ့ပြေကြားမှာ ဘယ်သူမှ လာပြီးတားလို့မရဘူး. . ကျွန်မအဖေတောင် ၃င်ပြုထားတာ တခြားသူဆိုရင်တော့ ဝေးရော. . ."

"အိမ်သူ. . မင်းနဲ့ငါ့ကို ငါ့ဦးလေးက ရှေ့အောင်ပေးစား



www.burmeseclassic.com

www.burmeseclassic.com



မှာကွ”

“ကျွန်မဘာက်က လက်မခံဘဲ. . ဘယ်တော့မှ ရှင်လက်ထပ်လို့မရဘူး”

“မင်း. . ဘယ်လောက်ထိခေါင်းမာမလဲဆိုတာ ကြည့်ရတာပေ့ါ. . ဟော့ကောင် ဂျော်နီနဲ့ စိန်ကြီး”

“ဗျာ. . ဆရာလေး”

“ဆွဲခေါ်ခဲ့ကွာ. . .”

“ရှင်. . လွှတ်. . လွှတ်”

“ဆရာလေးရယ်. . ကျွန်တော်တောင်း... တယ်”

“တယ်. . သူတောင်းစားက၊ ...”

“ပြေ. . .”

ပြေ့မျက်နှာကို ဟန်ထွေးလ... သီးနှ... ...ိုက်သဖြင့် နောက်သို့လန်ကျသွားသည်။ ပြေ. . အတင်းပြန်ထ... ဟန်ထွေး ခြေထောက်ကို ဆုပ်ကိုင်ပြီး. . .

“အိမ်သူ့ကို ဘာမှမလုပ်ပါနဲ့ဗျာ”

“ခွေးမသား. . ဒီကောင်နာတော့မယ်၊ သွားစမ်းကွာ”

“ရှင်. . မရိုင်းနဲ့နော်၊ ကျောင်းဆရာတစ်ယောက်လုပ်ပြီး. . ဒီလောက်ထိအဆင့်အတန်းမနိမ့်နဲ့”

“မင်းလေးက. . ယဉ်ယဉ်ကျေးကျေးဆက်ဆံလို့မှ မရ



www.burmeseclassic.com

www.burmeseclassic.com



တာ ခုလိုခပ်ကြွမ်းကြွမ်းလေး ကိုင်တွယ်ရတာပေါ့ကွာ"

"လူယုတ်မာတွေ. . လွှတ်. . လွှတ်၊ ပြေ့ကိုမလုပ်နဲ့"

မောင်ပြေကို ဟန်ထွေး လည်ပင်းကို နင်းထားလေသည်။

"ဝှီး. . ဒုတ်"

"အီ. . ."

"ဟင်. . အဘ"

"ဟာ. . ဦး. . သန်း. . တင်"

ဟန်ထွေးတပည့် ဂျော်နီ့ပေါင်တွင် မြှားစိုက်ဝင်သွားပြီး ဟန်ထွေးနှင့် စိန်ကြီးတို့မှာကြောက်လန့်စွာ ရပ်နေတော့သည်။

"မင်းဆိုတဲ့ကောင်က ကျောင်းဆရာဖြစ်ပြီး ရိုင်းစိုင်းလိုက်တာ. . ဒါ ဘုရားမြေမို့ မင်းသိပ်ကံကောင်းသွားတယ်မှတ်၊ ဘုရားမြေအပြင်ဘက်မှာဆို ငါ့မြှားက ပေါင်ကိုစိုက်မှာမဟုတ်ဘူး. . ရင်ဝတည့်တည့်ပဲမှတ်"

"ပြေ. . "

"ဟာ. . အီ. . အိမ်သူရယ်. . ငါဘာမှမဖြစ်ဘူး"

အိမ်သူ. . ပြေ့ပါးစပ်မှသွေးစတွေကို သုတ်ပေးလိုက်သည်။

"မင်း ဦးလေးဆီကို ငါလာပြီး ဒိုကိစ္စရှင်းရမယ်. . မင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကို ခေါ်သွားတော့"

"ဟုတ်. . ဟုတ်ကဲ့"

ဟန်ထွေးနှင့် သူ့လူနှစ်ယောက်တို့သည်. . ပြေကို ကြောက်စရာကောင်းသော မျက်လုံးစုံဖြင့်ကြည့်ပြီးထွက်သွားကြလေသည်။

"သမီး"

"ရှင်. . အဘ"

"မောင်ပြေကို အိမ်ခေါ်ခဲ့. . ဆေးလေးဘာလေးထည့်ရအောင်"

"ဟုတ်ကဲ့"

"ရတယ် ဦးလေးသန်းတင် ဘာမှမဖြစ်လောက်ပါဘူး"

"ပြေ. . စကားထပ်မများနဲ့လိုက်ခဲ့. . ဘာလဲဒီနေ့ ဟင်းစားအတွက် မရသေးလို့လား. . ဘာမှမပူနဲ့၊ အဘ တောဝက်တစ်ကောင်ရထားတယ်. မင်းတို့သားအဖအတွက် ပေးလိုက်မယ်"

ပြေ ဆက်ပြီးမငြင်းတော့ဘဲ. . အိမ်သူခေါ်သည့် နောက်ကို လိုက်ခဲ့လေတော့သည်။

"မောင်ပြေ. . ."

"ဗျာ. . ဦးလေးသန်းတင်"



www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာ အရွယ်ပေးတာများလာရင်. . လူကြောက်ကြီးဖြစ်သွားတတ်တယ်နော်"

"ဟုတ်ကဲ့"

"မင်းအတွက် ပြင်ဆင်မှုတစ်ခုတော့ လုပ်ထားရမယ်၊ ဘာလို့လည်းဆိုတော့. . ဟန်ထွေးတို့က မင်းပေါ်မှာကောက်ကျစ်တော့မယ်"

"ဟယ်. . ."

"ဟာ. . ."

"မင်း. . ဘာလုပ်ရမယ်ဆိုတာ သိလား"

"မသိဘူး. . ဦးလေးသန်းတင်"

"နောက်မှ ငါပြောပြမယ်. . ငါ့သမီးရှေ့မှာဆိုတော့ ပြောလို့မကောင်းဘူး"

"မရဘူး. . သမီးရှေ့မှာပဲ. . အဘပြောရမယ်"

"ဒီကလေးမ ခက်နေပြန်ပါပြီ"

"မခက်ပါဘူး အဘရဲ့ ပြောမှာသာပြောပါ. . ပြေနဲ့သမီးကြားမှာ ဘာလျှို့ဝှက်ချက်မှ မရှိဘူး. . ဟုတ်တယ်နော်"

"အင်း. . ."

ပြေမှာ ယောင်ပြီးသာခေါင်းညိတ်လိုက်ရသည်။ အိမ်သူနဲ့ သူ့ကြားမှာ တကယ်ပဲလျှို့ဝှက်ချက်တွေ ထိန်ချန်မှုတွေ ကင်းမဲ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေပြီလား. . .

"ကဲ. . ဒီလောက် နားထောင်ချင်ရင်လည်း ပြောတာပေါ့ဟုတ်လား. . ခုလောလောဆယ် မောင်ပြေ့ဒဏ်ရာကို ရေနွေးနဲ့ဆေးပြီး. . အဖေ့တောမြစ်ဆေး လိမ်းပေးလိုက်၊ လည်ပင်းကိုနင်း ထားတာ ဒဏ်ဖြစ်သွားမယ်"

"ပြေရယ်. . တောက်"

ပြေလည်ပင်းမှာ ဟန်ထွေး၏ ရက်စက်မှုဒဏ်ရာကို မြင်ရသောအခါ. . အိမ်သူ့ရင်ထဲမှာလုံးလုံးမကောင်းလှပေ။

ပြေကို အိမ်သူဆေးထည့်ပေးပြီးနောက်. . .

"မောင်ပြေ. . ."

"ကျွန်တော်နားထောင်နေပါတယ် ဦးလေးသန်းတင်"

"ဟန်ထွေးဆိုတဲ့ကောင် မင်းပေါ်မှာ ဘာလို့အငြိုးထားသလဲဆိုတာ မင်းသိလား"

"ဟင့်အင်း. . သူနဲ့ကျွန်တော်က တစ်ခါမှရန်မဖြစ်ဖူးပါဘူး. . ခုတစ်ခါလည်း တောင်းပန်ရုံသက်သက်ပါ"

"မင်း. . သိပ်ငြိုးရိုးတဲ့ကောင်ပဲ မောင်ပြေ. . သူက မင်းကို ငါ့သမီးကြောင့် အငြိုးထားမှာကွ"

"ဗျာ"

အိမ်သူက သဘောပေါက်လွယ်သူမို့ မအံ့ဩတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့အိမ်သူက သူငယ်ချင်းတွေပဲ ဦးလေး သန်းတင်ရယ်"

"ဒါက မင်းရဲ့ဘက်ကလေ သူ့ဘက်က ဒီလိုမြင်မှာမ ဟုတ်ဘူး. . သူ့ကို ဖျက်ဆီးမယ့်လူလို့ပဲ မြင်မှာ"

"ကျွန်တော်သွားပြီး ရှင်းပြရမလား"

"ပြေ. . နင် ဘာလို့ရှင်းပြရမှာလဲ. . ရှင်းပြစရာမလို ဘူး. . ထင်ချင်သလိုထင်ပါစေ"

"ငါ့သမီးက အထင်ခံနိုင်တာပေါ့ ဟုတ်လား"

"အဲ"

အိမ်သူ သူမအဖေ အမေးစကားကို ဘယ်လိုပြန်ဖြေ ရမလဲ မသိဖြစ်သွားသည်။

"ကောင်းပြီ. . သမီးဘက်က သဘောထားကို အဘရိပ် မိပြီဆိုတော့ မောင်ပြေ. . မင်းဆုံးဖြတ်ဖို့ (၂)ချက်ထဲက တစ်ခုကို ရွေးတော့ကွာ"

"ကျွန်တော် ဘာကိုရွေးရမှာလဲ"

"ပထမတစ်ခုက မင်း အိမ်သူနဲ့ အဆက်အသွယ်ဖြတ် ရင်ဖြတ်. . "

"ဗျာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး. . သံယောဇဉ်များကို အလွယ်တကူဖြတ်တောက်ဖို့မှာ နှစ်ဦးစလုံးရင်မှာ မကောင်းလှပေ. . .

"ဒုတိယ. . မင်း ရွေးချယ်ရမှာက သမီးနဲ့လက်ထပ်ဖို့ ပြင်ဆင်ထား"

"ဟာ"

"အဲတော်. . ."

မောင်ပြေမှာ မျက်နှာတစ်ခုလုံး ထူပူသွားသလို အိမ်သူလည်း ပါးစပ်ကလေးပိုင်းသွားပြီး ခေါင်းလေးငုံ့သွားတော့သည်။

"ကဲ. . မင်းဘာကိုရွေးချယ်မလဲ"

"ဦးလေးသန်းတင်. . ကျွန်တော်. . ကျွန်တော်"

"မောင်ပြေ. . မင်းပြောချင်တာကို ရဲရဲသာပြောစမ်း. . ဘာမှကြောက်ရွံ့ထိတ်လန့်စရာမလိုဘူး. . ."

"ကျွန်တော် အိမ်သူကို လက်ထပ်ချင်ပါတယ်. . ဒါပေမယ့်. . . ."

"ဒါပေမယ့် ဘာဖြစ်လဲ. . ."

"ကျွန်တော့်ဘဝက. . ."

"ဩော်. . ဒါလား ငါ့ခေါင်းထဲမှာဒါတွေမရှိဘူး. . အားလုံးဟာ လူတွေချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခုရှိသေးတယ်"

"ပြောကြည့်စမ်း"

"အိမ်သူက သူ့ဘဝဖော်ကို သူချစ်တဲ့သူနဲ့ပဲ လက်ထပ်ချင်တာလို့ ပြောထားတယ် . . ဒါကြောင့် သူ မချစ်ဘဲနဲ့တော့ လက်မထပ်ပါရစေနဲ့ . . . "

"ဒါဆို ဒီလိုလုပ် . . . "

"ဟုတ်ကဲ့ ပြောပါ ဦးလေးသန်းတင်"

"မင်း . . ငါ့သမီးဆီက အချစ်ကိုရအောင်ယူပေါ့ကွာ"

"အီ . . . "

"ငါတော့ထဲသွားစရာရှိတယ် . . မင်းတို့ချင်းဆွေးနွေးကြ"

ဦးလေးသန်းတင် ဆင်းသွားပြီး အိမ်ပေါ်တွင် . . အိမ်သူနဲ့ပြေ . . နှစ်ယောက်တည်းကျန်ခဲ့ပြီး . . .

"အိမ်သူ"

"ဘာလဲ"

အိမ်သူအသံမာမာနှင့်ထူးလိုက်သောကြောင့် ပြေ မျက်နှာလေးညှိုးငယ်သွားပြီး

"ငါ တောင်းပန်ပါတယ်ဟာ"

"နင်က ဘာကို တောင်းပန်တာလဲ . . ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးသန်းတင် ပြောခိုင်းလို့ ငါပြေရတာ. . နင့်ဘက်က စိတ်မပါဘဲနဲ့ ငါအတင်းလက်မထပ်ပါဘူးဟာ"

"ငါ့ဘက်က ဆန္ဒမရှိဘူးလို့ နင့်ကိုပြောမိလို့လား"

"နင့်မှာ ချစ်ရတဲ့သူရှိတယ်ဆို. . ."

"ဟုတ်တယ်လေ"

"ဒါဆို. . ငါက အဖျက်သမားဖြစ်နေမှာပေါ့"

"ပြေ. . နင်ဟာလေ. . အတော်ကိုတုံးတဲ့လူ သွယ်ဝိုက်ပြီး ပြောလို့ရမယ့် လူလည်းမဟုတ်ဘူး. . ငါချစ်သူဆိုတာ တခြားလူမဟုတ်ဘူးဟေ့. . သုသာန်မှာနေတဲ့ ကောင်လေးတစ်ယောက်"

"ဒါ. . ဒါ. . ဆို ငါပေါ့နော်"

"သေချာအောင် မှန်သွားကြည့်လိုက်ဦး. . ပြေရေ. . ဘကယ် အံ့ပါရဲ့တော်. . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဒါ သက်သက်ငဲ့ကို စော်ကားတာပဲ"

"ခွမ်း"

ဦးအုံ့မောင် လက်ထဲမှဖန်ခွက်ကို ကြမ်းပြင်တွင်ပေါက်ခွဲပစ်လိုက်သောကြောင့် ဘေးမှာရှိနေသော ကျားနီနှင့် ဟန်ထွေးတို့ မီးလောင်ရာ လေပင့်ပေးတော့သည်။

ဦးအုံ့မောင်ထံ အိမ်သူနှင့် ပြေသတင်းကို ဟန်ထွေးပင် သယ်ဆောင်လာပြီး ချောက်ချနေခြင်းဖြစ်သည်။

"ဦးလေးလိုသူကြီးတစ်ယောက်က လေးလေးစားစားသွားပြီး တောင်းရမ်းတာကျတော့ငြင်းပြီး သူသာန်မှာ မသာထမင်းစားနေရတဲ့ကောင်ကို သဘောတူတယ်ဆိုတာ သက်သက်စော်ကားတာပဲ ဦးလေး. . ."

"တောက်. . ကျားနီ"

"ဗျာ. . သူကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က လက်ထပ်ပြီးကြပြီလား"

"မထပ်သေးဘူး သူကြီး. . ဒီ ဝါမဝင်ခင် လက်ထပ်မှာ တဲ့ မင်္ဂလာပွဲတောင်လုပ်မှာမဟုတ်ဘူး. . လူကြီးတချို့နဲ့အသိ အမှတ်ပြုပြီး ဘုန်းကြီးကျောင်းကို မင်္ဂလာဆွမ်းပို့မှာတဲ့"

"ဟား. . ဟား. . ဟား. . တွေ့ကြပြီပေါ့ကွာ၊ ဒီလို ကျက်သရေမရှိတဲ့ကောင်ကို ရွာကဖြတ်သွားလို့ရမလား. . ရွာနာတယ်"

"ဦးလေး"

"ဘာလဲ"

"မင်္ဂလာပွဲကို ဖျက်ပြီး. . အိမ်သူကို. . "

"မင်းက တစ်မျိုး. . ဒီကြားထဲမှာ ငါကြံဦးမယ်. . မင်း ငြိမ်ငြိမ်လေးနေ. . မင်းပထွေးသန်းတင်က လက်ရဲဇက်ရဲ မသာ ပေါ်သွားမယ်"

"ဦးလေးမှာ သေနတ်နဲ့လူ တွေရှိနေတာပဲ. . အလံနီ တပ်တွေလာရင် အစိုးရဘက်ကကောင်ဆိုပြီး ပြောလိုက်ပေါ့"

"ဟေ့ကောင်. . မင်းဟာလေ. . ကျောင်းဆရာသာ လုပ်ပြီး ဘာမှမသိတဲ့ကောင်. . ခု ရက်ပိုင်းအတွင်း အလံနီတပ် တွေငါတို့ဘက်မလာနိုင်ဘူး. . တိုက်ပွဲတွေ ဖြစ်နေတယ်. . ရောက်ချင်းရောက် စစ်တပ်ပဲရောက်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော် အိမ်သူကို လက်လွှတ်ရမှာပေါ့"

"ငါကြံမယ်လို့ ပြောထားတယ်. . စကားမရှည်နဲ့ သွား တော့. . ကျားနီငါ့ကို နောက်ထပ်တစ်လုံး ထပ်ပြီးယူခဲ့"

"ဟုတ်ကဲ့"

"သန်းတင်. . သန်းတင်. . မင်းနဲ့ငါကတော့ ပွဲကြီးပွဲ ကောင်းတွေ့ကြရပြီပေါ့ကွာ. . ."

ဦးအုံမောင် ကောက်ကျစ်စဉ်းလဲသော အကြံတစ်ခုကို တွေးပြီး. .

"ဟုတ်ပြီ. . ဖျောက်"

"သူကြီး. . ရောက်ပြီ"

"ကျားနီ"

"ပြောပါ သူကြီး"

"မင်းကောင်(၃)ကောင်ကို ဒီညခေါ်ထားစမ်း"

"ကိစ္စရှိလို့လား"

"ရှိတယ်. . ဒီည ဟိုသူသာန်က သားအဖနှစ်ယောက်ကို သွားပြီး ရှင်းပစ်လိုက်၊ . သေနတ်မသုံးနဲ့ ဓါးနဲ့ရှင်းပြီး အလောင်း ပါဖျောက်ခဲ့ကြားလား. . ."

"စိတ်ချ"

"ပိရိပါစေနော်. . သန်းတင်ဆိုတဲ့ကောင်က လွယ်တာ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး. . အရမ်းကို ပါးနပ်တယ်. . တော်ကြာ အစိုးရ ဘဏ်ဖွဲ့တွေကို ပြောလိုက်ရင် ပြေးပေါက်မှားမယ်"

"စိတ်ချပါ သူကြီး. . ဒီသားအဖနှစ်ယောက်ကို သတ်ရ ဘာ ခြံထဲက ကြက်(၂)ကောင်ရိုက်သတ်တာလောက်မခက် ပါဘူး"

"ဒါဆို ခုကတည်းက ပြင်စရာရှိတာပြင်တော့"

ဦးအုံမောင်သည် လာချပေးထားသော အရက်ပုလင်း ကို ကောက်ယူပြီး ခွက်ထဲတောင်မထည့်ဘဲ မော့သောက်လိုက် သည်။

"သူတို့ပြီးရင် သန်းတင် မင်းအလှည့်ရောက်ပြီ ဆိုတာ တော့ သဘောပေါက်ထားတော့ပေါ့. . ဟား. . ဟား. . ဟား"

ညဥ့်နက်နက်မှာ အော်ဟစ်နေသော မြေခွေးတစ် ကောင်၏ အူလိုက်သံနှင့်ထပ်တူထပ်မျှပင် တူညီနေလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

ညက တိတ်ဆိတ်နေဆဲ. . .

သုသာန်တစပြင်တစ်ခုလုံး ညဥ့်ငှက်တစ်ကောင်၏ စူး
ဝါးဝါးအော်မြည် ပျံသန်းသွားသံကို မြေ. . ကြားလိုက်ရသော
ကြောင့်. . .

"အဘ. . ."

"ဘာလဲ. . လူလေး"

"ဒီငှက်ဆိုးအော်သံက စိတ်ထဲမှာတမျိုးပဲ"

"လူလေးရယ်. . ငှက်ဆိုးဆိုတာ တကယ်တော့ လူ
ရဲ့ဘဝပြောင်း စေတမန်ငှက်ကလေးပါ. . သုသာန်မှာ ငှက်ဆို
အော်တာ ဘာဆန်းတာမှတ်လို့ကွယ်၊ အင်း. . လူလေးကို အ
ရဲ့နောက်ဆုံးစကားလေး ပြောရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . နိမိတ်မရှိနမာ မရှိလိုက်တာ"

"လူလေး ဒီနေ့ကျမှ ဘာတွေဖြစ်နေတာလဲ . . နောက်
ကာတွေဆိုရင် လူလေးကိုတခြားတစ်ယောက်ရဲ့ ဘဝထဲကိုပေး
ပိုက်ရတော့မှာလေ . . အဘနဲ့အတူတူနေလို့မှ မရတော့တာ၊
ကြောင့် အဘပြောသင့်တာတွေကို ပြောရတော့မှာပေါ့"

"အဘ . . ဘာပြောမှာလဲ"

"အဘ ပထမဦးဆုံးပြောချင်တာ လူလေးဟာ သုသာန်
နေတဲ့ . . စဏ္ဍာလရဲ့သား မဟုတ်ပါဘူး"

"ဟင် . . အဘဆိုလိုတာ ကျွန်တော်က အဘရဲ့သား
ဟုတ်ဘူးပေါ့"

"ဟုတ်တယ် လူလေး . . လူလေးမိဘတွေက သိပ်ချမ်း
သာတဲ့ရန်ကုန်မြို့ကြီးက သင်္ဘောပိုင်ရှင် သူဌေးတွေပဲ"

"ဘယ်လိုဖြစ်လို့ ကျွန်တော်က . . အဘဆီကိုရောက်ခဲ့
တာလဲ"

"ပြောမှာပေါ့ကွယ် . . ဒီလိုလူလေးရဲ့ လွန်ခဲ့တဲ့(၁၈)နှစ်
သာက်က တိုးမြစ်ထဲမှာ ဆန်တင်တဲ့မော်တော်ကြီးတစ်စီး
ာင်းလာတုန်း သောင်းကျန်းသူတွေဟာ ဆန်မော်တော်ကို
နှကြမ်းစီးခဲ့ကြတယ်၊ သင်္ဘောပေါ်မှာပါတဲ့လုံခြုံရေးရဲဘော်
တွေနဲ့ အပြန်အလှန်ပစ်ခတ်ရင်း တိုက်ပွဲဖြစ်ရင်းက မော်တော်

www.burmeseclassic.com



ဟာ. . အဘတို့ကမ်းနံဘေးကိုဝင်တိုက်ပြီး မြုပ်လုလုဖြစ်သွား
ခဲ့တယ်. . သင်္ဘောပေါ်မှာပါလာတဲ့ လူလေးရဲ့အဖေကတော့
သေဆုံးပြီး. . လူလေးအမေဟာ လသားအရွယ်လူလေးကို ပွေ
ဖက်ပြီး. . ရဲဘော်လေး(၃)ဦးနဲ့ပြေးလာရင်း၊ အဘရယ်. .
ဦးသန်းတင်တို့ဆီကို ရောက်ခဲ့တယ်. . အဘနဲ့ ဦးသန်းတင်
လူလေးအမေနဲ့ ရဲဘော်(၃)ဦးကို ကယ်တင်ပြီး တောလမ်း
ခေါ်ပြီးအသွားမှာ. . လူလေးဟာ သူငယ်နာတက်ပြီးသေသ
ဖြစ်သွားခဲ့တယ်. . သောင်းကျန်းသူတွေက နောက်ကနေထ
ကြပ်မကွာလိုက်လာတာကြောင့်. . လူလေးကို အဘနဲ့ထားခဲ့ပြီ
သူတို့လွတ်အောင်ပြေးသွားခဲ့ကြတယ်. . အဘလည်း လူလေး
သုသာန်ကိုခေါ်လာပြီးထားလိုက်တော့. . လူလေးဟာ သေ
မရောက်ဘဲ အသက်ပြန်ရှင်လာခဲ့တယ်လေ. . ဒီဂါတည်း
အဘမွေးခဲ့ရတာပဲ၊ လူလေးမေမေကတော့ လူလေးဆုံးပါးသွ
ပြီလို့မှတ်မှာပဲ. . မင်းယောကျ်ားမ ဦးသန်းတင်ဆီမှာတော့ လူ
မေမေ့ လိပ်စာရှိတယ်"

ဦးဖိုးထွေး. . ပြောကိုထားပြီး အိပ်ခန်းထဲဝင်သွားကာ
ပြန်ထွက်လာတော့ လက်ထဲမှာဆွဲကြိုးလေးတစ်ကုံး. .

"ဒါ သားမေမေက လူလေးကို. . ဒီဆွဲကြိုးလေးထည့်
အလှူဒါနလေးလုပ်ဖို့ ကမန်းကတမ်းပေးသွားတာ. . အ

www.burmeseclassic.com



လည်း ဒီရောက်မှ သေသေချာချာကြည့်တော့. . လူလေးမိဘ နှစ်ပါးဓာတ်ပုံနဲ့ လော့ကက်ပြားလေးကိုတွေ့ရတာ. . . ရော့ လူလေး"

ဦးဖိုးထွေးပေးသော ဆွဲကြိုးလေးကိုယူပြီး. . မီးခွက် အလင်းနှင့် သူတစ်ခါမှမတွေ့ဘူးသော မိဘများ၏ဓာတ်ပုံကို ကြည့်လိုက်လေသည်။

"ဝူး. . အူ. . . အူ"

သုသာန်နောက်ဘက်ဆီမှ ခွေးအူသံကြောင့်. . .

"ဒါ. . လူဝင်တာပဲအဘ. . ရွာထဲက မဖြစ်နိုင်ဘူး၊ ဆိပ်ကြီးဘက်ကလား မသိဘူး"

"ကိစ္စရှိလို့ ဖြတ်သွားဖြတ်လာနေမှာပေါ့ လူလေးရယ်၊ ကဲ. . အိပ်ကြမယ်၊ မနက်သားကို ရွာတော်ရှင်အပ်ရဦးမယ် မဟုတ်လား. . ."

"ဟုတ်တယ်. . အဘ"

"ဖူး. . ."

ဦးဖိုးထွေး မီးခွက်မှုတ်ပြီး၊ ကြမ်းပြင်ပေါ် သို့လှဲလိုက်ချိန် တွင် ခြေသံတွေကို ကြားလိုက်ရသည်။

"ဦးဖိုးထွေး. . ဦးဖိုးထွေး"

"ဟေ့. . ဘယ်သူလဲ. . ဘာကိစ္စလဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ . . ကလေးကိစ္စတစ်ခုပါလာလို့ဗျာ"

"သူကြီး ခွင့်ပြုချက်ပါလား"

"ပါလို့ လာတာပေါ့ဗျာ"

"အဘနေ . . သားဆင်းပြီးလုပ်လိုက်မယ်"

ပြေ . . မီးခွက်ကို ထပြီးထွန်းကာ . . .

"ဟာ . . ."

မျက်နှာတွေကို အဝတ်စည်းထားလျက် ဓားကိုင်ထားသူ (၃)ဦးကိုတွေ့လိုက်ရသည်။

"ခင်ဗျားတို့ . . ."

"စကားရှည်တယ် . . ရှင်းကွာ"

"အဘ . . ပြေး . . ပြေး"

"ဝုန်း . . ."

ပြေ လက်ထဲက . . မီးခွက်နှင့်ပစ်ပေါက်လိုက်ခြင်းကြောင့် . . တဲအိမ်ကလေးမီးစွဲသွားပြီး၊ လူသတ်သမားတွေ အတင်းဝင်ပြီး ခုတ်ကြတော့သည်။

"လူလေး . . အ . . ."

"ဟာ . . အဘ . . အဘ"

လူသတ်သမား၏ ဓားချက်ဖြင့် ဦးဖိုးထွေးမြေပြင်တွင် မှောက်သွားလေသည်။ ပြေ . . အဘဆီသို့ပြေးပြီးသွား . . .



www.burmeseclassic.com

www.burmeseclassic.com



"ခုတ်စမ်းကွာ"

"ဝို့ . . ဒုတ်. . အီ"

"ဟာ. . ."

"ခွေးမသားတွေ. . သေကြစမ်း"

လူသတ်သမားတစ်ယောက် ရင်ဝဆီသို့မြားစိုက်ဝင်သွားပြီး. . မှောက်သွားချိန်မှာ ကျန်တဲ့သူများ သုသာန်ထဲမှ သုတ်ခြေ တင်ထွက်ပြီးပြေးလေတော့သည်။

ဦးသန်းတင်ကို ယှဉ်ဖို့ဆိုတာ မလွယ်လှပေ. . .

"အဘ. . . အဘ"

"လူ. . လူလေး. . သန်းတင်"

"မင်း. . ဘာပြောချင်လဲ ဖိုးထွေး"

"လူလေးကို ဒီရွာမှာ မထားပါနဲ့တော့ကွာ. . သူ. . သူ့ကို ဒီရွာနဲ့ဝေးတဲ့နေရာကို ပို့. . ပေးပါလို့. . ငါ. . ."

"အဘ. . ."

"ဖိုးထွေး"

ဦးဖိုးထွေး ခေါင်းငိုက်စိုက်ကျသွားလေပြီ. .

"တောက်. . ရက်စက်လိုက်တာကွာ. . ."

ဦးသန်းတင် မြားမှန်ပြီး သေနေသောကောင်၏ မျက်နှာပေါ်က အဝတ်စကိုဖယ်ကြည့်လိုက်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ကြွက်နီ. . ဒီကောင်က ဆိပ်ကြီးသား ကျားနီနဲ့ပတ် သက်တဲ့ကောင်ပဲ. . ."

သိပ်မကြာ. . ရွာထဲမှ မီးထုတ်တွေနှင့် ရွာသူကြီး ဦးအုံ့မောင် ကျားနီတို့နှင့်အတူ ရွာသားတွေပါထွက်လာကြ သည်။

"ဘာ. . ဖြစ်တာလဲ သန်းတင်"

"ဘာဖြစ်တယ်ဆိုတာ ခင်ဗျားတို့ အမြင်ပဲလေ. . ဦးဖိုးထွေးတို့ သားအဖကို သက်သက်ဝင်ပြီး သတ်တာ"

"ဓါးပြဝင်ပြီးတိုက်တာများလား"

"ကျားနီ သုသာန်မှာနေတဲ့သူဆီကို ဘယ်လိုဓါးပြတ လာပြီး တိုက်မှာလဲကွ. . ဒီလောက် ငတ်ပြတ်နေတဲ့ဓါးပြ ငါ တစ်ခါမှမတွေ့ဖူးဘူး"

"မြားနဲ့သေနေတဲ့ကောင်ကို သိလား ကျားနီ. . ."

"ဆိပ်ကြီးက. . ကြွက်နီပါ သူကြီး"

"တောက်. . ကျူးကျူးကျော်ကျော်ကွာ. . မနက်ဖြန် ဆိပ်ကြီးက သူကြီးနဲ့ငါသွားပြီး စကားပြောမယ်. . ကဲဟော့. ဖိုးထွေး အလောင်းကိုမြေမြှုပ်ဖို့ လုပ်ကြ. . ."

သူကြီးဦးအုံ့မောင်ပဲ ဟန်ဆောင်ကောင်းပါလား. . ကျားနီပဲ ဟန်ဆောင်ကောင်းသလားမသိပေ. မှုကိစ္စမှာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပတ်သက်သလို. .

"မောင်ပြေ"

"ဗျာ. . ဦးလေးသန်းတင်"

"မင်းလက်မောင်းမှာ ဓါးရှထားတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"မင်းအဘကို မြှုပ်ပြီးတာနဲ့ ငါ့အိမ်ကို တစ်ခါတည်း လိုက်ခဲ့တော့ကွာ. . "

ပြေ ရင်ထဲမှာ မွေးစားဖခင်ကြီးအတွက် နာကျင်မှု ခံစားချက်တစ်ခုကတော့ စပြီးအစိုင်အခဲဖြစ်နေလေပြီ. . ရွာက လူတွေအားလုံး ပြန်သွားကာမှ အဘမြေပုံလေးကို ကန်တော့ပြီး. . .

"အဘ. . သား အဘအတွက် ဘာလုပ်ပေးရမလဲ"

"မောင်ပြေ. . သွားကြရအောင်"

မောင်ပြေ ပခုံးလေးကို ဆုပ်ကိုင်ပြီး သုသာန်ထဲမှ ထွက်လာခဲ့တော့သည်။

ကု



www.burmeseclassic.com

www.burmeseclassic.com

အဘအတွက် ရက်လည်ဆွမ်းသွတ်လေးကို သုသာန်ဇရပ်ပေါ်တွင် ဦးသန်းတင် ဦးဆောင်ပြီး ရွာကလူတွေနှင့် ပြုလုပ်ခဲ့ရသည်။ ရွာသူရွာသားများလည်း စိတ်ထဲမှာ မကောင်းကြပေမယ့် ခေတ်ဆိုးကြီးမှာ နေထိုင်ရသူများဖြစ်သဖြင့် ဘာမှ မပြောရဲ မဆိုရဲပေ. . .

"ဦးသန်းတင်. . ဦးသန်းတင်"

"ဘာလဲ ကျော်မောင်"

"ရွာထဲမှာ စစ်တပ်ရောက်နေတယ်. . ဦးသန်းတင်ကို တွေ့ချင်လို့တဲ့. . ."

"အေး. . အေး. . ခုလာခဲ့မယ်. . သမီးနဲ့လူလေး"

"ရှာ"

"မင်းတို့ သိမ်းစရာတွေကို သိမ်းလိုက်ကြတော့. . အဖေ ရွာထဲသွားလိုက်ဦးမယ်. . ."

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဘအတွက်ပြုလုပ်သော ရက်လည်ဆွမ်းသွတ်တွင် ချက်ပြုတ်ကျွေးမွေးသော ဒိုးခွက်ပန်းကန်များကို ရွာသားတချို့နှင့် သိမ်းဆည်းပြီးကျန်ရစ်ခဲ့သည်။

"ပြေ"

"ဘာလဲ အိမ်သူ"

"အဘပြောတဲ့အစီအစဉ်ကို နင်ဘယ်လိုသဘောရလဲ"

"ငါလည်း ဒီရွာမှာ မနေချင်တော့ဘူးဟာ. . တခြားရွာဘက်ကို ပြောင်းရွှေ့ပြီး နေတော့မယ်. . ဒီမှာဆက်ပြီးနေရင် ငါ အဘအတွက် လက်စားချေမိလိမ့်မယ်. . ."

"ပြေ. . နင့်စကားတွေက တကယ်ပြောနေတာလား"

"ဟုတ်တယ်"

အိမ်သူဘဝတွင် တစ်ကြိမ်တစ်ခါမှမကြားဖူးသော ပြေ ဆီက စကားသံကို ပထမဦးဆုံးအကြိမ်ကြားလိုက်ရခြင်းဖြစ်သည်။

"ပြေရယ်. . အရင်ကသာ ဒီစကားမျိုးပြောရင် ငါက အားပေးမှာ. . ခုတော့ အားမပေးချင်ဘူး"

"ဘာဖြစ်လို့လဲ ဟ"

"နင် တစ်ခုခုဖြစ်သွားရင် ငါက မုဆိုးမဖြစ်သွားမှာပေါ့. . . ပြီးတော့ နင့်ကိုမခွဲနိုင်ဘူး ပြေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ၏လက်ဖမိုးနုနုလေးကို ပြေ ဆုပ်ကိုင်လိုက်ပြီး.

"ငါလည်း နင့်ကို သိပ်ချစ်ပါတယ် အိမ်သူရယ်. . ဒီ ရွာမှာ ဆက်ပြီးနေရင် ဒီ့ထက်မကတဲ့အန္တရာယ်တွေကို တွေ့ လာမှာသေချာတယ်"

"သိပ်ပျော်နေကြတယ်ပေါ့"

"ဟန်ထွေး. . ."

ဟန်ထွေးနှင့် အပေါင်းအပါ(၅)ယောက် ရောက်လာပြီး အားလုံးအရက်မူးနေသော မျက်နှာတွေ. . .

"အိမ်သူ. . ကိုယ်လုပ်စရာရှိတာဆက်ပြီးလုပ်. . ."

"အိမ်သူလေး ခုမှပိုပြီးလှလာသလိုပဲဟေ့"

"ရှင် ပြန်ရင်ကောင်းမယ်"

"ငါ့ကို ဘယ်သူက နှင်ထုတ်ရဲလို့လဲ သည်းလေးရယ်"

"ဆရာလေး. . ခင်ဗျား စည်းကမ်းမဖျက်ပါနဲ့. . အိမ်သူ က တရားဝင်အိမ်ထောင်သည်ဆိုတာတော့ ခင်ဗျားသိထားသင့် တယ်"

"ဘာလဲ. . ငပြေဆိုတဲ့ကောင်ကစကားတွေဘာတွေ ပြောတတ်နေပါလား. . မယားထိခါးကြည့်သဘောပေါ့. . ဟုတ် လားကွ ငပြေ"

"ဒါဆိုလည်း အာစရိရယ် ထိကြည့်တာပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ထိပြီ"

"ခင်ဗျား. . ဗျာ. . ."

ပြေ ဘယ်လိုမှစိတ်ကိုမချုပ်တည်းနိုင်ဘဲ ဟန်ထွေးကို ဝင်ပြီးထိုးလိုက်သည်နှင့် ဟန်ထွေးဘေး၌ ရပ်နေသောကောင်မှ ပြေ မျက်နှာကို လက်ပြန်ရိုက်ချလိုက်သဖြင့်. . .

"ပြေ. . ."

ပြေ နောက်ပြန်လဲကျသွားပြီး ပြန်ကုန်းထစဉ်. . နောက်တစ်ယောက်က ပြေး၍ ဝင်ကန်လိုက်သည်။

"ရှင်တို့ မတရားမလုပ်နဲ့နော်"

"ဒိုင်း. . ."

"ဟင်. . ဟာ. . အဲ. . ."

ရွာလူကြီးဦးအံ့မောင် စစ်တပ်အရာရှိတစ်ယောက်နှင့် ဦးသန်းတင်တို့ရောက်လာသဖြင့် ဟန်ထွေးတို့အုပ်စု ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

"ပြေ. . ပြေ. . အဘ. . ကယ်ပါဦး. . ."

အိမ်သူက ပြေကို ပွေ့ဖက်ပြီး ငိုလေတော့သည်။

"အိမ်သူ. . ငါဘာမှမဖြစ်ပါဘူး. . ."

"ကဲ. . သူကြီး ခင်ဗျားတွေရဲ့ မိုက်ရိုင်းမှုကို ခင်ဗျားအမြင်



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တောင်းပန်ပါတယ် ဦးသန်းတင်"

"သူကြီး"

"ပြောပါ ဗိုလ်ကြီး"

"ဒါ သက်သက်အနိုင်ကျင့်တာ . . ဥပဒေမဲ့ ရမ်းကား တာ . . ဆရာအောင်မြင့်"

"အမိန့်ရှိပါ ဗိုလ်ကြီး"

"ဒီ (၅)ယောက်ကို ခေါ်ခဲ့ဗျာ"

"ဟာ . . ဗိုလ်ကြီး ဒီကလေးတွေကအရက်မူးလာရ ခုလို သွေးဆိုးတတ်တာပါ . . ကျွန်တော်ကောင်းကောင်း အပြစ် ပေးပါ့မယ်"

"ခင်ဗျား အပြစ်ပေးတာကို ကျွန်တော်က ခွင့်ပြုလို့မ ဘူး . . ဘာလို့လဲဆိုတော့ ခင်ဗျားရဲ့တူဖြစ်နေလို့ပဲ . . ပြီးတော့ ခံရတဲ့သူတွေရဲ့ သဘောထားကရှိသေးတယ် . . ဦးသန်းတ ဘယ်လိုလုပ်ချင်လဲ . . ."

"သူတို့နဲ့ထိုက်သင့်တဲ့အပြစ်ကို ခံစေချင်တယ် ဗိုလ်ကြီး"

"ကဲ . . သူကြီးကြားတယ်နော် . . ဆရာအောင်မြင့် ခေါ်သွားကြပါ . . ဒီရွာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပ သတင်းတွေအများကြီးရထားတယ် သူကြီး . . ခုဒီ တော့ ရှ လင်းဖို့အချိန်မရသေးဘူး . . စစ်ဆင်ရေးနဲ့လာရတာ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



မှ ကျွန်းချောင်းရွာကိစ္စကို ကိုင်တွယ်ဖြေရှင်းမယ်. . သွားကြမယ်"

"ဗိုလ်ကြီးတို့ ညမအိပ်တော့ဘူးလား"

"အိပ်ဖို့အချိန်မရှိဘူး. . ."

"သူတို့ကို ဘယ်လိုလုပ်ခဲ့မှာလဲ"

"စစ်ကြောင်းနဲ့ခေါ်သွားပြီး. . မြို့ကဂါတ်ကိုပို့ရမယ်"

"ဦးလေး ကယ်ပါဦး"

ဟန်ထွေးမှာ သူကြီးဦးအုံ့မောင် ခြေထောက်ဖက်ပြီး အကူအညီတောင်းပေမယ့် ဦးအုံ့မောင်ကယ်၍ မရတော့ပေ။

"တောက်. . သန်းတင်. . သန်းတင်၊ မင်းကို လူ့ပြည်မှာ အသက်ရှင်ခွင့်ပေးလို့မရတော့ဘူး"

နောက်တွင်ကျန်ခဲ့သော ဦးအုံ့မောင်. . ဦးသန်းတင်တို့ မကျေနပ်မှုများစွာနှင့် ကြိမ်းဝါးနေလေတော့သည်။

"သူကြီး"

"ဘာလဲကွာ"

"ဒီကောင်တွေကို ဒီအတိုင်းထားရင် သူကြီးကိုပါအမှုပတ်တော့မှာနော်. . ."

"ငါသိတယ်. . စစ်တပ်ကို သန်းတင် ဘာတွေပြောဆိုတိုက်ပြီလည်းဆိုတာ ငါသဘောပေါက်တယ်. . ငါ့ဒိမ်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီးရှာတယ်. . ငါက အစောကြီးကတည်းက သဘောပေါက်လို့ လက်နက်တွေကို တခြားနေရာမှာ ဝှက်ထားပြီးသား ကျားနီ"

"ပြောပါ သူကြီး"

"စစ်တပ်တွေ ရွာကခွာတာနဲ့ သုံးယောက်လုံးကို အပြတ်ရှင်းဖို့ပြင်ထားတော့. . ."

"စိတ်ချ"

www.burmeseclassic.com

www.burmeseclassic.com

ရှာသူကြီး ဦးအံ့မောင်ကောက်ကျစ်တော့မည် ဆိုသည်ကို ဦးသန်းတင်ကြိုတွက်ချက်ထားပြီးသားဖြစ်၍ မှောင်စမပျိုးခင်ကတည်းက လှေငယ်တစ်စီးဖြင့် ထွက်ခွာခဲ့ကြသည်။

"တောက်. . ခွေးမသား. . ဒင်းက ကြိုပြီးသိနေတာတိုး"

ဦးအံ့မောင်. . ဦးသန်းတင်အိမ်ထဲသို့ရောက်တော့ ဘယ် သူမှမရှိသောကြောင့် ဒေါသူပုန်ထသွားသည်။

"ကျားနီ. . ကျားနီ"

"ဗျာ. . သူကြီး"

"မင်းကောင်တွေကို စောင့်မကြည့်ခိုင်းထားဘူးလား"

"စောင့်ကြည့်ခိုင်းထားတာ သူတို့နောက်ဘက် ဝန်း တောထဲက ထွက်သွားကြတာဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသတင်းရလဲ. . စုံစမ်းလေ"

"ဆရာ. . ကျားနီ"

"ဘာလဲ. . မျက်ပြူး"

"ချောင်းရိုးထဲကနေ ညနေမှောင်စလောက်က. . ဦးသန်းတင်တို့(၃)ယောက် လှေတစ်စီးနဲ့ထွက်သွားကြတယ်"

"ဘာ. . ပြေး. . ပြေး. . လွတ်အောင်ပြေးကြ၊ မင်းတို့ ငါ့လက်က လွတ်မယ်ထင်လား၊ ဒီကောင်တွေမြစ်ထဲမှာပဲရှိဦး မယ်"

"သေချာတယ် သူကြီး. . ရေဆန်လှော်ရမှာဆိုတော့ ချောင်းကြီးဘက်ကို မရောက်နိုင်သေးဘူး"

"စက်လှေတွေပြင်ပြီး. . ကျားနီ၊ မင်းဦးဆောင်ပြီးလိုက် ကြစမ်း. . ပြန်လာရင် အလောင်းပါလာတာကိုပဲ မြင်ချင်တယ်"

"စိတ်ချပါ သူကြီး"

ကျားနီမောင် ဦးဆောင်ပြီး စက်လှေ(၂)စီးနှင့် ပြေတို့ နောက်ကို လိုက်တော့သည်။

"ဝေါ. . ."

"အဘ. . လေကြမ်းလာတယ်နော်"

"ဟုတ်တယ် သမီး. . မိုးရွာတော့မယ်၊ လေသံကပြင်း တယ်. . မုန်တိုင်းလိုပဲ. . မောင်ပြေ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ..အဘ"

"ကမ်းတစ်ခုခုကို ကပ်စမ်းကွာ. . ရှေ့နားက လမုပင်ကြီးအနားမှာ လှေရပ်ရင်ကောင်းမယ်"

"ဟုတ်ကဲ့"

ပြေတို့ လမုပင်ကြီးဆီသို့ အားစိုက်ပြီးလှော်ခတ်ပြီး-

"လှေကို အပြင်ကမမြင်ရအောင် ဟိုချုံထဲကိုထိုးရမယ် သမီးလေးက အထုပ်တွေကိုယူပြီးအပေါ်ကိုတက်နှင့်. . ."

အိမ်သူ ကမ်းပေါ်သို့တက်သွားပြီးနောက်. . ပြေနှင့်ဦးသန်းတင် လှေကိုချုံထဲသို့သွင်းကာ ကမ်းပေါ်သို့တက်သည်နှင့် မိုးရောလေပါ ရွာချတော့သည်။

"ဟိုမှာ တဲတစ်လုံး လူနေဟန်တော့မရှိဘူး"

"လယ်အတွက်ဆောက်ထားတဲ့ တဲတွေကွ. . လူနေမှာမဟုတ်ဘူး"

တဲလေးထဲသို့ (၃)ယောက်လုံးဝင်လာပြီးနောက်. . .

"ဟို. . ဝါးဆစ်ဘူးထဲမှာ မီးခြစ်နဲ့ဖယောင်းတိုင်ပါတယ် ထွန်းလိုက်သမီး"

လေကွယ်သည့်နေရာလေးတွင် ဖယောင်းတိုင်လေးကို ထွန်းပြီး. . .

"မင်းတို့နှစ်ယောက် ဒီမှာနေဦး"



www.burmeseclassic.com

www.burmeseclassic.com



"အဘက. . ဘယ်သွားမလို့လဲ"

"ငါ မြစ်ဘေးဘက်ကိုသွားပြီး ကြည့်မလို့. . ငါ့စိတ်ထဲမှာ ဟိုကောင်တွေများ လိုက်လာမလားလို့"

"ဒီလောက် လေကြမ်းနေတာ လိုက်လာပါ့မလား"

"ပြောမရဘူး သမီး. . ခဏလေးပါ၊ ပြေ. . ."

"ဟုတ်ကဲ့ ပြောပါ"

"ဒီအထုပ်ထဲမှာ ခြောက်လုံးပြူးရှိတယ်"

"ဗျာ. . ."

"ငါ. . မရောက်ခင် အန္တရာယ်ကြုံလာရင် အသုံးပြု"

"ဟုတ်. . ဟုတ်ကဲ့"

ပြေ့သည် သေနတ်ကိုမြင်ဘူးရုံကလွဲပြီး ကိုင်တွယ်ဘူးခြင်း တစ်ခါမှမရှိပေ. . ဦးသန်းတင်ထွက်သွားပြီး. . .

"အိမ်သူ. . အဝတ်တွေလဲလိုက်"

"နင်လည်း လဲလိုက်ဦးလေ. . ."

အိမ်သူ. . ပြေအတွက် အဝတ်ထုပ်ကလေးပေးရင်း သူမလဲဖို့ပါ ပြင်ဆင်ရင်း. . .

"နင်. . ဟိုဘက်လှည့်လေ"

"အိမ်သူရယ်. . လင်မယားပဲဖြစ်နေပြီပဲဟာ"

"ဖြစ်ဖြစ်. . ငါရှက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ. . ."

အပြင်ဘက်တွင် မိုးကဆက်ပြီး ကောင်းနေလေသည်။

ဦးသန်းမောင်. . လှေထားသော နေရာဆီသို့ရောက်တော့. . .

"ဟင်. . ."

ဓာတ်မီးရောင်တဝင်းဝင်းနှင့် စက်လှေ(၂)စီး ကမ်းဆီသို့ ကပ်လာနေလေသည်။ ဦးသန်းတင်ကို တွေ့လို့မဖြစ်နိုင်. . လေနဲ့မိုးကြောင့် နီးစပ်ရာကမ်းဆီသို့ကပ်လာခြင်းပင်ဖြစ်မည်။

ဦးသန်းတင် သစ်ပင်ကြီးအကွယ်မှ ကမ်းပေါ်သို့တက်လာသောသူများကို လှေလာလိုက်သည်။

"ဒါ. . ကျားနီတို့ပဲ"

"ဆရာ. . ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ လုပ်မနေနဲ့. . မိုးခိုလို့ရမယ့်နေရာကို ရှာကြကွာ"

ကျားနီတို့ သွားနေသည့်နေရာမှာ ပြေနဲ့အိမ်သူတို့ တဲလေးဘက်. . .

"မဖြစ်ဘူး. . ဒီကောင်တွေအရောက်ခံလို့ မဖြစ်ဘူး"

ဦးသန်းတင် ခပ်သွက်သွက်လေးပြေးသွားသည်ကို. .

"ဆရာ. . ဟိုမှာ လူတစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



"ပစ်စမ်းကွာ. . ."

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

"အ. . ."

မိုးရေထဲတွင် ကျားနီတပည့်တွေက သေနတ်ကို ရမ်းပြီး ပစ်လိုက်သောကြောင့်. . ဦးသန်းတင်ပေါင်ကို ထိမှန်သွားသည်။ လဲနေရာမှ ချက်ချင်းပြန်ထပြီး တဲဆီသို့အရောက်သွားရသည်။

"ပြေ. . သေနတ်သံတွေ"

"ဟုတ်တယ်. . အဘတစ်ခုခုဖြစ်ပြီလား မသိဘူး"

အထုပ်ထဲမှ ဦးသန်းတင်ပြောခဲ့သော ခြောက်လုံးပြူး ကိုထုတ်ပြီး ဖယောင်းတိုင်ကို မှုတ်လိုက်သည်။

"သမီး. . အဘ. . ."

"ဟာ. . ."

"ဟင်. . အဘ ဒဏ်ရာရလာတယ်"

"ဟုတ်တယ်. . ငါ့ကိုသေနတ်ပေးစမ်း"

"ရော့. . အဘ"

ဦးသန်းတင် သေနတ်ကိုတင်းကျပ်စွာ ဆုပ်ကိုင်ပြီး. .

"လိုက်ကြစမ်း. . ရှေ့မြင်နေရတဲ့တဲထဲမှာဖြစ်ရမယ်"

ကျားနီတို့အုပ်စု တဲရှိရာသို့အပြေးလေး လာနေကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ပြေ. . ."

"ပြောပါ အဘ"

"သမီးကို ခေါ်ပြီးပြေးတော့. . ."

"အဘလည်း လိုက်ခဲ့လေ"

"ငါလိုက်လို့မရဘူး. . ဒီကောင်တွေကို ငါခုခံပြီးနေခဲ့မှ မင်းတို့လွတ်မှာ. . သွားကြတော့ နီးလာပြီ"

"အဘနဲ့ သေအတူရှင်မကွာ ရင်ဆိုင်မယ်"

"မောင်ပြေ. . စိတ်ကူးမယဥ်နဲ့ သူတို့ကလက်နက်အပြည့်အစုံနဲ့ ငါတို့မှာက ဒီသေနတ်တစ်လက်တည်း. . မင်းတို့အသက်ရှင်နေသရွေ့. . ဒင်းတို့ကို အခွင့်ကောင်းစောင့်ပြီး လက်စားပြန် ပြီးချေကြ. . .

"ဒိုင်း. . ."

သေနတ်ကျည်ဆံမှာ တဲထဲသို့ထိုးဖောက်ပြီး ရောက်ရှိလာလေပြီ. . .

"သွားဆို. . သွားစမ်း"

ပြေ. . အိမ်သူ့လက်ကိုဆုပ်ကိုင်ပြီး၊ တဲနောက်ဘက်မှ အစ်ဆင့်လယ်ကွင်းထဲသို့ ဆက်ပြီးပြေးကြရလေသည်။ နောက်ဘက်တွင် သေနတ်သံတွေက မိုးသံလေသံကြားကို ထိုးဖောက်ပြီး ထွက်နေလေပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



လှော်ကျောင်းထဲ ရှိ အိုင်တွေကြားမှာ ဇနီးမောင်နှံနှစ်ယောက် ပြေးလွှားရင်း. . .

"အ. . ."

"ဟင်. . အိမ်သူ. . ဘာဖြစ်တာလဲ"

"ငါ့ခြေထောက် ဆူးစူးသွားပြီ. . ကျွတ်. . ကျွတ်"

"ဟာ. . ."

အမှောင်ထဲမှ မမြင်ရသော ပြောင့်ဆူးကိုမနုတ်သေးဘဲ အိမ်သူကိုပွေ့မပြီး ဆက်ပြေးခဲ့ကြသည်။

ပြေ့ခြေထောက်တွေလည်း နာကျင်နေပေမယ့် မရပ်မနားနိုင်ဘဲ. . ဆက်လက်ပြေးနေရတော့သည်။

"ဟင်. . ."

ရှေ့တွင် မီးရောင်ပျပျလေးနှင့်တဲလေးတစ်လုံးကို တွေ့လိုက်ရခြင်းကြောင့် အားကိုတင်းပြီး၊ တဲဆီသို့ရောက်အောင်လာခဲ့ရင်း. . .

"ဝုန်း. . ."

"ပြေ. . ."

ပြေ အားအင်တွေကုန်ခမ်းပြီး၊ ခြံဝတွင်ဒူးထောက်ကျသွားတော့သည်။ ဒါပေမယ့်. . အိမ်သူကိုတော့ လက်ထဲမှလွှတ်မချခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . ဘယ်သူတွေလဲ ဝေ"

ကရင်သံဖဲဝဲနှင့် အမျိုးသမီးတစ်ယောက် မီးအိမ်ကြီး ကိုင်ဆွဲပြီး. . ခါးကြီးကိုကိုင်ဆောင်ကာ ထွက်လာသည်။

"ကျွန်. . ကျွန်မတို့ကို ကယ်ပါ"

"ဟယ်. . ဒုက္ခသည်တွေပဲ ဘုရားသခင်၊ ဟော့ ဖိုးသား နဲ့ ဖိုးခွားလာကြစမ်း. . ဒီမှာဒုက္ခရောက်လာကြလို့"

ကရင်လေးနှစ်ယောက်ပြေးထွက်လာပြီး ပြေတို့နှစ်ယောက်ကို တွဲခေါ်ခဲ့ကြတော့သည်။

"ဖိုးသား ကောင်မလေးခြေထောက်က ဆူးကို အရင် နှုတ်ပြီး ရေနွေးနဲ့ဆေးလိုက်. . ပြီးရင် ဆေးကြီးရွက်နဲ့ ပတ်တီး စည်းပေးလိုက်"

"ဟုတ်ကဲ့ အမိုး"

"ကောင်လေး. . မင်းခြေထောက်ကို ရေဆေးပြီး ရှတဲ့ နေရာတွေကို ဆေးထည့်ထားရမယ်"

"ကျေးဇူးတင်ပါတယ် အမိုး"

"ဘယ်လိုဖြစ်လာကြတာလဲ"

ပြေက အကြောင်းစုံကို ရှင်းပြလိုက်တော့မှ. . .

"မေတ္တာတရားတွေကို ဘုရားသခင်က မပေးတော့ဘူး လား မသိပါဘူးကွာ. . ဘာလို့ လူရိုင်းစိတ်တွေဝင်ကုန်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"အမိုး. . ."

"ဘာလဲ. . ဖိုးသား"

"အစ်ကိုပြောသလိုဆိုရင် ဒီကောင်တွေ ဒီဘက်ထိဆက်ပြီး လိုက်လာနိုင်တယ်"

"ဟော့ကောင် ဖိုးလစ်. . ငါတို့မြေထဲမှာ လာပြီးရမ်းကားလို့ကတော့ အသေဆိုးနဲ့သေသွားမယ်. . မင်း. . ဖိုးမှူးတို့ကိုသွားပြီးခေါ်ခဲ့. . ခွေးမသားတွေလိုက်လာလို့ကတော့ တစ်ယောက်မှ ချန်မထားဘူး"

"ဒါဆို. . ငါသွားမယ်"

စောဖိုးလစ်ဆိုသောလူငယ်လေးပြေးဆင်းသွားပြီး အိမ်ပေါ်တွင်. . .

"ကောင်လေးနဲ့ကောင်မလေး. . ဒီနေရာကို ရောက်ရင်ဘာမှအားမငယ်နဲ့ကွယ်. . အမိုးတို့နေရာက ဘုရားသခင်ရဲ့မြေနေရာပဲ. . အလံနီတွေတောင် ခြေမချရဲဘူး"

"ဟုတ်တယ် အစ်ကိုရ. . ဘယ်သူ့ကိုမှမစော်ကားဘဲကိုယ့်ရွာကို ကိုယ်တိုင်စုပေါင်းပြီး ကာကွယ်နေကြတာ"

"ဒါနဲ့ အမိုးနာမည်နဲ့ ညီလေးတို့နာမည်တွေသိရသေးပါလား. . "



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နာမည်က နန့်သန်းသန်းဆင့် ရွာရဲ့သားဖွားဆရာမ၊ သူတို့က ငါ့သားတွေ စောဖီးလစ်၊ စောဖီးနစ်(၃)နာရီလောက် ခြားပြီး မွေးခဲ့ကြတာ. . မင်းတို့လင်မယားက ဒဏ်ရာတွေ ပျောက်တာနဲ့ ဘယ်ကိုဆက်ပြီးသွားမှာလဲ"

"ထွက်လာတုန်းက အဘခေါ်တဲ့နောက်ကို လိုက်လာကြတာပဲ. . အခုအဘအခြေအနေက ဘယ်လိုမှန်းမသိတော့ ဘာဆက်ပြီးလုပ်ရမှန်းတောင်မသိပါဘူး အမိုးရယ်. ."

"ဘာမှစဉ်းစားမနေနဲ့ အမိုးတို့ရွာမှာနေပြီး ရှာဖွေစားသောက်ကြပေါ့ကွာ. . မကောင်းဘူးလား"

ပြေ. . အိမ်သူဘက်ကို လှည့်ကြည့်တော့ တူညီသည့် မျက်လုံးလေးဖြင့် ပြန်ပြီးကြည့်လေသည်။

"ကောင်လေးနဲ့ကောင်မလေး ဆေးအရှိန်နဲ့အိပ်လိုက်ကြဦး. . ဖိုးသားငါ့ကို လိုက်ပို့. . ရွာအလယ်မှာမီးဖွားမယ့်သူရှိနေတယ်. . သွားပြီးစောင့်ရဦးမယ်"

တဲအိမ်လေးပေါ်တွင် နှစ်ယောက်သာကျန်ခဲ့ပြီး အိမ်သူပြေ့ရင်ခွင်ထဲကို ခေါင်းလေးတိုးဝင်ပြီး ငိုချလိုက်တော့သည်။

"အိမ်သူရယ်"

"အဘ အသက်ရှင်ပါ့မလားမသိဘူး ပြေရယ်"

"ငါတို့ဘက်က ဆုတောင်းပေးရုံကလွဲပြီး ဘာမှမတတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘူး . . ဒါတွေဟာ ငါညှံ့ခဲ့လို့ပါ”

“နင် ဘာညှံ့လို့လဲ ပြောရယ်’

“ငါ ယောက်ျားတစ်ယောက်ရဲ့ အစွမ်းအစနဲ့ အရည်အချင်းတွေ နည်းပါးခဲ့လို့ ခုလိုအချိန်မှာ အရှုံးပေးခဲ့ရတာပါ”

ပြေ့ဘဝအတွက် ပြောင်းလဲဖို့နေ့သစ်တစ်နေ့သို့ ရောက်ခဲ့လေပြီ . . . ။

ကို

www.burmeseclassic.com

www.burmeseclassic.com

အဘအလောင်းကို စောဖိုးလစ်တို့အဖွဲ့က ဝါးကပ်ဖြင့် သယ်မလာလေသည်။

"အဘ"

သေနတ်ဒဏ်ရာများစွာနှင့် သေဆုံးနေသော ဦးသန်းတင်အလောင်းကို ပြေကြည့်ပြီး လက်သီးကိုကျစ်ကျစ် ပါအောင်ဆုပ်လိုက်သည်။ အိမ်သူကတော့ ဦးသန်းတင် အလောင်းကိုဖက်ပြီး ငိုကြွေးနေလေပြီ. . .

"သူတို့ထဲက (၃)ယောက်ကတော့ ကြွသွားတယ်. . အဲဒီနေရာမှာပဲ တွင်းတူးပြီးမြှုပ်ထားခဲ့တယ်. . အစ်ကိုနဲ့ အစ်မတို့အဘအလောင်းကိုတော့ သယ်လာပြီး ကောင်း ကောင်း မွန်မွန်မြှုပ်ကြတာပေါ့. . ."

"ကောင်မလေး ငိုမနေနဲ့တော့. . မင်းတို့(၂)ယောက် တစ်ဘဝကို မျက်ရည်တွေနဲ့ဖြတ်သန်းရမှာမဟုတ်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိထားရင် ငိုကြွေးတာကို ရပ်ပစ်လိုက်"

"အိမ်သူ အမိုးပြောသလို ငါတို့(၂)ယောက်ဘဝ အတွက် မျက်ရည်မကျနဲ့တော့. . အဘကို မြေမြှုပ်ရအောင်"

ရွာလေးထဲမှ ရွာသူရွာသားတွေက အိမ်သူနှင့်ပြေတို့ကို ကြည့်ပြီး သနားနေကြတော့သည်။

ထိုရွာကလေးသည် ပြေတို့နှစ်ယောက်အတွက် အကောင်းဆုံး ခိုကိုးရိပ်လေးတစ်ခုဖြစ်ခဲ့လေပြီမဟုတ်လား. . .

ဦးသန်းတင်အလောင်းကို မြေမြှုပ်ပြီးနောက်. . .

"ကောင်လေး"

"ပြောပါ. . အမိုး"

"မင်းအဘအတွက် ဘာထပ်ပြီးလုပ်ချင်လဲ. . ပြောလေ"

"အမိုးတို့ထုံးစံအတိုင်းပဲလုပ်ပါ. . သေဆုံးသွားသူ အတွက်ကောင်းသောဘဝကို ရောက်အောင်ဆုတောင်းခြင်းတလွဲပြီး ကျွန်တော်တို့မှာ ဘာမှမရှိဘူးအမိုး. . ."

"ကောင်လေးတို့ ဗမာ့ထုံးစံအတိုင်း (၇)ရက်ပြည့်ရင် ဆွမ်းကပ်လေ. . ဟိုဘက်ရွာက သံဃာတော်တွေ အမိုးသွားပင့် ပေးမှာပေါ့. . ."

"အမိုးရယ်. . ကျွန်မ အရမ်းကျေးဇူးတင်ပါတယ်"

"ရတယ် ကောင်မလေး. . မေတ္တာတရားအားကောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့နယ်မြေမှာ ကျေးရှူးတင်ဖို့မလိုဘူးကွဲ့. . မေတ္တာတုံ့ပြန်ဖို့ပဲလို တယ်. . မင်းတို့နှစ်ယောက်လုံးကို အမိုးရင်ထဲမှာ သားနဲ့သမီး လေးကောက်ရသလိုခံစားရတယ်. . . ဒါဟာ ရှေးဘဝရေစက် လို့ဆိုရမှာပေါ့. . ဘာမှအားမငယ်နဲ့. . ဒီရွာလေးဟာ မင်းတို့ရဲ့ ချစ်မြှုပ်ရွာလေးလို့ သဘောထားပြီး နေကြပေတော့"

"ဟုတ်ကဲ့ အမိုး"

"ဟော့. . ဖိုးသား"

"ဘာလဲ အမိုး"

"သူတို့နှစ်ယောက်နေဖို့ ငါ့ခြံလေးထဲမှာ အိမ်ကလေး ဆောက်ပေးလိုက်ကြ. . ."

"အမိုးပြောတာတောင် နောက်ကျနေပြီ. . ဖိုးနစ်နဲ့ ဒိုးမှူတို့တွေဆောက်ဖို့ ဝါးတွေသွားခုတ်နေပြီ. . ကျွန်တော် ဆောင် ဓနိတောထိသွားဖို့. . ဓါးတောင်သွားယူခိုင်းနေပြီ"

"ဖိုးလစ်"

"ဘာလဲ အစ်ကို"

"ငါပါ လိုက်ခဲ့မယ်ကွာ"

"သက်သာသလိုနေပါ အစ်ကို. . ဒဏ်ရာက မသက် သာသေးဘူးလေ. ."

"ဟုတ်တယ် ကောင်လေး. . ခုချိန်မှာမင်းတို့(၂)



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံးမှာ စိတ်ဒဏ်ရာတွေပါ ရထားတာဆိုတော့ ကော
ကောင်းအနားယူရမယ်. . ကောင်မလေးကိုတွဲပြီးခေါ်ခဲ့ဦး.
သူ့ခြေထောက်ကဒဏ်ရာက ကြီးတယ်. . "

အိမ်သူ ပြေ့လက်မောင်းလေးကို ဆုပ်ကိုင်ပြီးလိုက်
ရင်း. . .

"ငါတို့ရွာနဲ့ကွာလိုက်တာ ပြေရယ်. အရမ်းအေးချမ်း
တစ်ယောက်ပေါ်တစ်ယောက်ကူညီတတ်ကြတယ်နော်"

"ငါတို့ရွာမှာဦးအုံ့မောင်တို့လိုလူတွေကြောင့် ပျက်စီး
ကြရတာပါ. . ငါလေ. . ."

ပြေ စကားကိုမဆက်ဘဲ လေးနက်စွာတွေးနေခြ
ကြောင့်. . . .

"ဆက်ပြောလေ ပြေ. . "

"ငါဆုံးဖြတ်ချက်တစ်ခု ချမိတယ်"

"ဘာဆုံးဖြတ်ချက်လဲ ပြေ"

"အဘ ဦးဖိုးထွေး၊ အဘ ဦးသန်းတင်နဲ့ ရွာသား
အတွက် ငါလက်တုံ့ပြန်မယ်"

ပြေ့မျက်နှာကို အိမ်သူ မယုံကြည်နိုင်လောက်အော
ကြည့်ပြီး. . .

"နင့်ဆီက ဒီစကားကြားရတာ ငါ့ရယ်ထဲမှာတစ်မျိုးဖြ



www.burmeseclassic.com

www.burmeseclassic.com



နေတယ် ပြေ. . အဲဒါဘာလဲဆိုတော့ နင့်လိုပဲ ငါ့ရင်ထဲမှာလည်း အဘတို့နဲ့ပတ်သက်ပြီး လက်စားချေချင်တယ်. . ဦးအံ့မောင်တို့ လည်ချောင်းသွေးကို ဖောက်ပြီးမြောင်သောက်လိုက်ချင်တယ် ဒါပေမယ့် နင်နဲ့ထပ်ပြီး ဝေးရမယ့်ဘဝမျိုးကို ငါကြောက်နေမိတယ် ပြေ"

"အိမ်သူ. . တို့တစ်တွေ ပေးဆပ်ခဲ့ရတာ များပြီ. . ဒီလို အနိုင်ကျင့် မဟုတ်တာလုပ်နေတဲ့သူတွေကို အရှုံးပေးခဲ့ရတဲ့ အကြိမ်တွေများပြီ. . ထပ်ပြီး အရှုံးမပေးချင်တော့ဘူး. . ငါတို့ လိုပဲ အနိုင်ကျင့်ခံနေရတဲ့ ကျွန်းချောင်းရွာသူရွာသားတွေ အတွက် ကယ်တင်ချင်တယ်"

"နင် ဆန္ဒသိပ်ပြီးပြင်းပြနေရင် ငါမတားချင်တော့ပါ ဘူး. . နင်နဲ့အတူဘာမဆိုရင်ဆိုင်တော့မယ် ပြေ"

"ကျေးဇူးတင်ပါတယ် အိမ်သူ"

"ပြေ"

"ဘာလဲ အိမ်သူ"

"နင်သူတို့ကို လက်စားချေဖို့ နင်နဲ့ငါနှစ်ယောက်တည်း နဲ့တော့ ဘယ်လိုမှရနိုင်မှာမဟုတ်ဘူး"

"ငါသိတယ် အိမ်သူ. . ငါ့မှာ ယောကျ်ားတစ်ယောက် ရဲ့အရည်အချင်းတွေနဲ့အစွမ်းအစတွေအများကြီး လိုအပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်. . ဒါတွေကို ဖြည့်ဆည်းရင်း အင်အားစုမယ်ဟာ. . ”

“ဒါဆို ငါကရော. . . ”

“နင်က ငါ့ဘေးမှာနေပြီး ပါရမီဖြည့်ပေါ့”

“ကောင်းပါပြီတဲ့ရှင်. . ”

“ငါတို့နေဖို့ဆောက်မယ့် အိမ်လေးဆီကို သွားကြရ
အောင်”

“အောင်း. . . ”

အိမ်သူလက်ကလေးကို ဆုပ်ကိုင်ပြီး ထွက်လာခဲ့တ
သည်။ ရွာသားတချို့က မြေရှိုင်းတွေကို ရှင်းသည့်သူက ရှင်း
အိမ်တိုင်ထူသည့်သူကထူနှင့် တွေ့နေရသည်။

“ဟော့. . အစ်ကို. . ပြေနဲ့အစ်မ လာကြကွာ”

စောဖိုးနစ်က လှမ်းပြီး ခေါ်လိုက်သောကြောင့် အနား
သို့သွားပြီး. . .

“ငါ ဘာလုပ်ပေးရမလဲပြော. . . ”

“သက်သာသလိုနေပါ”

“မင်းတို့ကို ကျေးဇူးလည်းတင်တယ်. . အားလည်း
တယ်ကွာ”

“အစ်ကိုရယ်. . အမိုးပြောသလို မေတ္တာတရားတွေနဲ့
ကျင်လည်နေတဲ့ကျွန်တော်တို့ ရွာလေးမှာ အားနာတာတွေ



www.burmeseclassic.com

www.burmeseclassic.com



တွေးရှုတင်တာတွေမလိုဘူး"

"ဟုတ်တယ် . . အစ်ကိုပြေရေ . . ဒီရွာမှာ အမိုးပြီးရင် အားလုံးပြီးတယ် . . အမိုးက သိပ်ပြီးစွမ်းတာနော်"

"ဘာစွမ်းတာလဲ ဖိုးလစ်"

"ဆေးပညာရော . . သိုင်းဘက် . . သေနတ်ပစ်ဘက်မှာအရမ်းတော်တာ . . ခုအသက်ကြီးလို့ စွန့်လွှတ်ပြီး ဘာသာရေး ဘက်ရောက်သွားတာ"

"ဟင် . . ဒါဆိုရင်အဆင်ပြေတာပေါ့"

"ဘာ အဆင်ပြေတာလဲ . . အစ်ကိုပြေ"

"ငါက ခပ်ညံ့ညံ့လူတစ်ယောက်ဖြစ်ခဲ့တယ် . . ဒါကြောင့် ခုလိုယုတ်မာတဲ့လူတွေရဲ့အနိုင်ကျင့်မှုကို ခံခဲ့ရတာပေါ့"

"အစ်ကို ဆိုလိုတာက အမိုးဆီမှာ ပညာသင်မယ်ပေါ့"

"ဟုတ်တယ် ယောက်ျားတို့တတ်အပ်တဲ့ပညာတွေကို သင်ပြီး လက်တုံ့ပြန်ရမယ်"

"အစ်ကိုပြေက ဆုံးဖြတ်ပြီးပြီလား . . အစ်မကရော သဘောတူလား"

"ငါ့ဇနီးဆီက ခွင့်ပြုချက်ရပြီးပါပြီ . . အမိုးဆီက ခွင့်ပြုချက်ရဖို့ပဲလိုတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညကျရင် အမိုးကိုပြောကြည့်ပေါ့. . အစ်ကိုပြေ လိုအပ်ရင် အစ်ကိုပြေအတွက် ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်က အသင့်ပဲဗျို့"

"တကယ်ပြောတာလား ဖိုးလစ်"

"တကယ်ပြောတာပါ အစ်ကိုပြေ. . ဒီယောက် ရက်စက်လှတဲ့ လူကြီးကို သခွားသီးအစိမ်းစားသလို စားပစ်လိုက်ချင်တာ"

"စားချင်ရင် နောက်မှစား. . ဖိုးလစ်နေ့လည်စာစားဖို့ သွားကြရအောင်. . ထမင်းစားပြီးမှ ပြန်ပြီးလုပ်ကြမယ် ညနေ လောက်ဆိုရင် အိမ်လုံးပေါ်ပြီး မနက်ဖြန်ဆို အစ်ကိုပြေတို့ လင်မယားတက်ပြီးနေလို့ရပြီ"

ပြေသည် ဖိုးလစ်နှင့် ဖိုးနစ်ညီအစ်ကိုနှစ်ယောက် ပခုံးကို ဖက်ပြီး အိမ်သူဘေးမှလိုက်ခဲ့တော့သည်။

◉ ကု ◉



www.burmeseclassic.com

www.burmeseclassic.com

"လက်စားချေတဲ့ဆန္ဒပေါ်မှာတော့ အမိုးဘာမှမတား ချင်ပါဘူး. . ဒါပေမယ့် ကောင်လေးရင်ဆိုင်ရမယ့်လူတွေဟာ အရမ်းကို ကြောက်ဖို့ကောင်းတဲ့လူတွေဆိုတာတော့ ကောင်လေးသိထားရမယ်၊ ကိုယ့်ဘက်က ဘာမဟုတ်တဲ့ အခြေအနေနဲ့ ရင်ဆိုင်လို့မရဘူး ကောင်လေး"

အမိုးပြောနေသည့်စကားမှာ လေးလေးနက်နက်ရှိလှသဖြင့် ပြေတို့အားလုံးနားစိုက်ပြီးထောင်နေကြရသည်။

"မင်းဆုံးဖြတ်ချက်ကို မင်းစဉ်းစားဦးမလား. . . ကောင်လေး"

"အမိုးပြောသလို ဦးအံ့မောင်ကို ရင်ဆိုင်ဖို့အရမ်းကို အခက်အခဲရှိမယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်. . ဒါပေမယ့် သူတို့ကြောင့် နစ်နာနေရတဲ့သူတွေ ဘေးဒုက္ခ ရောက်နေကြရတဲ့သူတွေအတွက် ကျွန်တော်စွန့်စားချင်တယ်"

"ကောင်းပြီလေ. . ကောင်လေး ဆန္ဒသိပ်ပြင်းပြနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ အမိုးစီစဉ်ပေးမယ်"

"ကျေးဇူးတင်ပါတယ် အမိုး"

"ဖိုးလစ်နဲ့ ဖိုးနစ်"

"ပြောပါ အမိုး"

"မင်းတို့ရော ဆုံးဖြတ်ပြီးပြီလား"

"ပြီးပါပြီ . . အမိုး"

"ဒါဆိုရင် မနက်ဖြန်ကမားရွာကို ကောင်လေးနဲ့ဖိုးလစ် သွားပြီး၊ ဟိုမှာ ဦးစောသာဒိုးကို သွားပြီးတွေ့ . . ငါစာရေးပေး လိုက်မယ် . . ဒီလမ်းကြောင်းက စစ်တပ်နဲ့အလံနီတွေမကြာခဏ တိုက်ပွဲဖြစ်နေတဲ့နေရာဆိုတော့ သတိနဲ့သွားကြရမယ်"

"ဟုတ်ကဲ့"

"မနက်မိုးမလင်းခင်သွားကြ . . ကောင်မလေး"

"ရှင် . . အမိုး"

"ကောင်မလေးယောကျ်ားရဲ့ ဆုံးဖြတ်ချက်ပေါ်မှာ သဘောတူခဲ့တယ်နော်"

"ဟုတ်ကဲ့ အမိုး"

"ဒါဆိုရင် ငါ့သမီးစိတ်နုလို့တော့မရဘူး . . စိတ်ပြင်းကို အမာဆုံးထားရမယ် . . တစ်ချိန်က အမိုးလည်းသမီးလို ခပ် ပျော့ပျော့မိန်းမတစ်ယောက်ဖြစ်ခဲ့ဖူးတယ် . . အမိုး ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တာသိပ်အေးပြီး သိပ်ရိုးတဲ့လူတစ်ယောက်. . ဒါပေမယ့် သောင်းကျန်းသူတွေ အမိုးတို့နေထိုင်တဲ့ရွာလေးကို မီးရှို့ပြီး ရွာသားတွေကိုသတ်ပြီးကတည်းက ဟောဒီ ဖိုးလစ်နဲ့ ဖိုးနစ်တို့ရဲ့အဖေ. . စောအိုက်သာဟာ အံ့ဩဖို့ကောင်းလောက်အောင် စိတ်ရော လူပါ ပြောင်းလဲသွားတယ်. . သောင်းကျန်းသူတွေကို ပြန်ပြီး လက်တုံ့ပြန်ရင်းနဲ့ အမိုးလည်းသူတို့နဲ့လိုက်ပြီး ဆေးကုပေးခဲ့ရင်း ရဲမေတစ်ဦးဖြစ်ခဲ့တယ်. . ဒီနောက်ပိုင်းအစွန်းရောက်နိုင်ငံရေးသမားတွေရဲ့ စည်းရုံးမှုကြောင့် အစိုးရဆန့်ကျင်ရေးသမားဘဝကို ရောက်ခဲ့ပြီး ဧရာဝတီတိုင်းတိုက်ပွဲတစ်ခုမှာ အစိုးရတပ်တွေနဲ့ တိုက်ပွဲဖြစ်ရင်း ဒဏ်ရာရခဲ့တယ်. . ဒီဒဏ်ရာနဲ့ခင်ပွန်းတောထဲမှာ ပြေးလွှားနေရင်းက မှားယွင်းနေတဲ့ တော်လှန်ရေးကြီးကို သဘောပေါက်ခဲ့ပြီး သူ့တပည့်(၃)ယောက်နဲ့ အမိုးတို့လင်မယား ထွက်ပြေးခဲ့ကြတယ်. . အစွန်းရောက်သမားတွေက ဖောက်ပြန်ရေးသမားဆိုပြီး လိုက်လံသုတ်သင်ခဲ့တာကို ရှောင်ပုန်းပြီး၊ ဒီရွာလေးမှာ ခို အောင်းနေခဲ့ကြတယ်. . ဟောဒီသား(၂)ယောက်ကို မွေးပြီး (၂)နှစ်သား(၃)နှစ်သားအရွယ်ရောက်မှ သစ္စာဖောက်တစ်ယောက်ကြောင့် အမိုးရဲ့ခင်ပွန်းဟာ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရတယ်”

“ဟင်. . သစ္စာဖောက်ကို အမိုးသိလား”



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . သိတယ်. . ဦးအုံ့မောင်ပဲကွယ့်"

"ဟာ. . ."

"အမိုးခင်ပွန်းနဲ့အတူထွက်ပြေးခဲ့တဲ့ (၃)ယောက်ထဲမှာ အသက်ရှင်ရက် (၂)ယောက်ကျန်ခဲ့တယ်၊ ဦးစောသာဒိုးရယ် ဦးအုံ့မောင်ရယ်လေ"

"ဖထီးကို. . ဘယ်သူတွေက လုပ်ကြံတာလဲ အမိုး"

"အလံနီ ခရိုင်ဥက္ကဋ္ဌဗိုလ်မြသာ. . ခု ဒီနယ်တစ်ပိုက်မှာ အုပ်စိုးနေတဲ့သူပေါ့. . သူ့ကို ဦးအုံ့မောင်က သတင်းပေးပြီး ဖထီးတောထဲထင်းခုတ်အပြန်မှာ သတ်ပစ်လိုက်ကြတာလေ. . ."

"တောက်. . ကျုပ် ဒီလူကိုပြန်ပြီးသတ်မယ်"

"ဖီးလစ်. . မင်းတို့ဒီအကြောင်းတွေပြောရင် ခုလိုဖြစ်မယ်ဆိုတာ အမိုးသိလို့ ဘာမှမပြောခဲ့တာပဲ. . ခု ကောင်လေးမြေရဲ့ ဆန္ဒတွေနဲ့ တူညီပြီဆိုလို့ ငါထုတ်ပြောပြတာ၊ ခုနက အမိုးပြောသလို သူတို့မှာက လက်နက်အတောင့်အတင်းရှိတယ် နောက်ခံအလံနီတပ်ဖွဲ့တွေရှိတယ်. . ကိုယ့်မှာက လေးနဲ့မြားဓားလုံလောက်ပဲရှိတာကွ. . ရင်ဆိုင်ဖို့အရမ်းကိုခက်ခဲမယ်. . ဒါတွေကိုပြည့်စုံအောင်လုပ်ပြီးမှ ရင်ဆိုင်ဖို့ပြင်ရမယ်. . မင်းတို့သွားတွေ့မယ့် ဦးစောသာဒိုးဟာ စစ်ရေးဘက်မှာ သိပ်ပြီးတော်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်. . သူ့ဆီက မင်းတို့ ပညာသင်ရမယ်၊ ဒီကြားထဲမှာမှာ ပိပိရိရိလေးနေဖို့လည်း လိုအပ်တယ်. . ကိုယ့်ဘက်က အဆင်သင့်မဖြစ်ခင် ဘာမှမလှုပ်ရှားရဘူး"

"ဟုတ်ကဲ့ပါ. . အမိုး"

"တဲ. . တဲ. . အိပ်ကြတော့. . ကောင်လေးနဲ့ဖိလစ်၊ နောက်အလင်းထွက်တာနဲ့ သွားကြ. . ငါ စာရေးဦးမယ်"

အသီးသီးပြန်သွားကြချိန်တွင် ပြေနှင့်အိမ်သူ ခြံလေးထဲသို့ဆင်းကာ. . ကုက္ကိုပင်ငုတ်ကြီးပေါ်တွင် (၂)ယောက်သားထိုင်လျက်. . .

"ပြေ. . ."

"နင်. . ဘာပြောချင်လဲ မသိဘူး"

"ငါတို့ကမ္ဘာလေး ရင်မောစရာတွေနဲ့ ခရီးဆက်ရဦးမယ်နော်. . ."

"ငါ့ကို ခွင့်လွှတ်ပါ အိမ်သူရယ်. . တကယ်ဆို ငါတို့ဘဝလေးကို အေးအေးချမ်းချမ်းလေး နေထိုင်ချင်ပါတယ်. . အဘဦးဖိုးထွေး၊ အဘဦးသန်းတင်တို့ သေဆုံးတာကို တွေးမိရင် ငါ့ရင်ထဲမှာ ဘယ်လိုမှဖြေလို့မရခဲ့ဘူးဟာ"

"ပြေရယ်. . ငါက နင့်ကို အပြစ်တင်တဲ့စကားပြောတာ မဟုတ်ပါဘူး. . မိန်းမသားတစ်ယောက်ရဲ့ ခံစားချက်လေးနဲ့ ပြော



www.burmeseclassic.com

www.burmeseclassic.com



မိတာပါ. . တကယ်ဆို ဦးအံ့ချောင်ဦးတို့အတွက် နင့်ရဲ့တုံ့ပြန်မှုတွေဟာ အမှန်ကန်ဆုံးပါဟာ. . ချွဲတို့ရဲ့ မဟာရေးမှုအောက်ကို ရောက်နေတဲ့ သူတွေအတွက် ငါတို့ဘက်က အစွမ်းရှိသလောက်လုပ်ပေးတဲ့ပေါ်မှာ ပီတိလေးနဲ့ဂုဏ်ယူနေတော့မယ်. . ငါ့ယောက်ျား သူ့ရဲကောင်းကြီး ဖြစ်ရမယ်နော်"

အိမ်သူ့ခါးလေးကို သိုင်းဖက်ပြီး ရင်တွင်းထဲသို့ဆွဲသွင်းလိုက်သည်။

"ပြေ. . မနက်ဖြန်သွားတဲ့ခရီးမှာ သတိထားပြီးသွားနော်"

"စိတ်ချပါ"

"ငါက နင်ပြန်မရောက်မချင်း ရင်မောနေရမှာပေါ့. . နောက်တော့လည်း အကျင့်ရသွားမယ်ထင်တာပဲဟာ"

ညလေပြေညင်းတို့က မိုးရနံ့လေးတွေနဲ့အတူပါလာသောကြောင့် အိမ်ပေါ်သို့ တက်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်တွင်အလင်းရောင်ပေါ်သည်နှင့် ပြေနှင့် ဖိုးလစ် ချောင်းရိုးလေးအတိုင်း ထွက်လာခဲ့ကြသည်။

"အစ်ကိုပြေ"

"ဘာလဲ ဖိုးလစ်"

"အစ်မအိမ်သူက အစ်ကိုပြေကို သိပ်ချစ်တာပဲနော်"

"ဟုတ်တယ် ဖိုးလစ်. . တစ်ရွာလုံးက သုသာန်စောင့် သားဆိုပြီး သိပ်ပြီး အဖက်မလုပ်ကြဘူးလေ. . ဒီထဲမှာ အိမ်သူ က ငါ့ကို ငယ်ငယ်လေးကတည်းက သံယောဇဉ်ရှိခဲ့တာ. . ဘယ်သူတွေ ငါနဲ့စကားပြောပြော မပြောပြော သူကတော့ ပြော တာပဲကွ. . ဒါကြောင့်လည်း ငါ့ဘဝမှာသိပ်ချစ်ရတဲ့ ဇနီး ကောင်းလေးပေါ့ကွာ"

"ရော့. . အစ်ကိုပြေ. . စားထားဦး. . ခုရေနဲ့ သွားရင် နေ့ဝက်လောက်မှရောက်မှာ. . ဗိုက်ဆာနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



အမိုးထုပ်ပေးလိုက်သော ကောက်ညင်းပေါင်းထုပ်တစ်ထုပ်ကို လှမ်းယူကာ စားနေချိန်တွင် ဖိုးလစ်ကလှေကို လှော်ခတ်လျှက်. . ပြေ စားပြီး၍ လက်ဆေးပြီးမှ ဖိုးလစ်ကို စားခိုင်း(ရ) သည်။

"ဘုတ်. . ဘုတ်. . ဘုတ်"

အနောက်ဘက်ချောင်းခွဲထဲမှ စက်လှေမောင်းသံကို ကြားလိုက်ရသဖြင့် ဆောင်းလာသည့် ခမောက်တွေကို ခပ်စိုက်စိုက်လေး ပြင်ဆောင်းလိုက်ပြီး ဟန်မပျက်လှော်ခတ်နေသည်။

"ဟေ့. . ရှေ့ကလှေ. . ရပ်စမ်း"

ပြေတို့ နားသိပ်ပြီး မဝေးသောနေရာမှ လှေကို ရပ်ခိုင်းသဖြင့် ရပ်ပေးလိုက်သည်။ စက်လှေပေါ်တွင် အလံနီတပ်ဖွဲ့ဝင် (၃)ဦး. . .

"မင်းတို့ ဘယ်ရွာကလဲ"

"ရွာနောက်ကြီးကပါ"

"ဒါ ဘယ်သွားမလို့လဲ"

"တောထဲ ထင်းခုတ်သွားမလို့. . ."

"မလိမ်နဲ့နော်"

"မလိမ်ပါဘူး. . အမှန်ပြောတာပါ"

"မင်းတို့ရွာဘယ်မှာ စစ်တပ်ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး"

"ငပြေဆိုတဲ့ကောင်နဲ့ မိန်းကလေးတစ်ယောက်ရှိနေတယ်လို့ ငါတို့သတင်းကြားတယ်. . ဟုတ်လား"

"ဟင်. . ."

အလံနီသူပုန်က ပြေ့နာမည်ကိုသာသိပြီး လူကို မတွေ့ဘူးသဖြင့် အသက်ရှူချောင်သွားသည်။

"မေးတာဖြေလေ"

"ဟုတ်တော့ ဟုတ်ပါတယ်. . အခုတော့ မရှိကြတော့ဘူး"

"ဘယ်ကိုသွားကြလို့လဲ"

"ကဝဘက်ရွာကို ထွက်သွားကြတာပဲ. . ."

"သွားကြတော့. . ."

"ဟုတ်ကဲ့ ဗိုလ်ကြီး"

ပြေတို့လှေကို ခပ်သွက်သွက်လေးလှော်ခတ်ပြီးထွက်လာကြသည်။

"ဒီကောင်တွေကို မြင်ရတာ လက်ကိုယားနေတာပဲအစ်ကိုပြေရာ. . ."

"ဖီးလစ်ရေ. . ခုချိန်မှာ ကိုယ့်ဘက်က ဘာမှမပြင်ဆင်ရသေးဘူး. . သည်းခံဦး"



www.burmeseclassic.com

www.burmeseclassic.com



ချောင်းရိုးထဲမှ မြစ်ထဲသို့ လှော်ခတ်စဉ်. . .

"ဒိုင်း. . ဒိုင်း"

"ဟာ. . ပစ်တယ် အစ်ကိုပြေ. . ရေထဲခုန်ချ"

ပြေတို့လှေကို ကမ်းပေါ်မှ တရစပ်ပစ်နေခြင်းကြောင့် ရေထဲသို့ နှစ်ယောက်လုံးခုန်ချလိုက်ရသည်။

"ဒီနှစ်ယောက်ကို သူလျှိုဖြစ်ရမယ်. . ရအောင်ဖမ်းခဲ့ကြ"

ခေါင်းဆောင်လုပ်သူက အမိန့်ပေးလိုက်သည်။ ကမ်းဆီမှ စက်လှေတစ်စီးမောင်းထွက်လာပြီး. . .

"နှစ်ယောက်လုံး စက်လှေပေါ်တက်စမ်း"

စက်လှေပေါ်တွင် သေနတ်ကိုင်နှစ်ယောက်နှင့် စက်လှေမောင်းသည့်လူတစ်ဦး စုစုပေါင်း(၃)ဦး. . .

"မင်းတို့စစ်တပ်ရဲ့သူလျှိုတွေ မဟုတ်လား"

"မဟုတ်ရပါဘူးဗျာ. . ထင်းခုတ်ဖို့လာကြတာပါ"

"ခွေးမသား ဘာမှမညာနဲ့ ငါတို့သတင်းရပြီးသား"

ပြေတို့ဘယ်လိုမှ ရှင်းပြ၍မရနိုင်သော အခြေအနေဆိုသည်ကို သိလိုက်ရပြီဖြစ်သည်။

"ဗွေဦး"

"ဗျာ. . ဆရာအောင်"

"ဟိုဘက်ချောင်းရိုးထဲသာ မောင်းဝင်သွားတော့ ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်တို့က အဲဒီက စောင့်နေမှာ. . ."

"ဟုတ်ကဲ့"

"ခွေးမသားတွေ ခေါင်းငုံ့ထားစမ်း"

ပြေနှင့် ဖိုးလစ်ခေါင်းငုံ့ရင်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ပြီး စွန့်စားရတော့မည်ဖြစ်သည်။ ပြေ နောက်တွင် တစ်ယောက်. . ဖိုးလစ်နောက်တွင် တစ်ယောက်။

"ရှေ့မှာဝဲ. . "

"ဟာ. . ."

စက်လှေမောင်းနေသော သူက ရှေ့မှဝဲကို ကွေ့မောင်း ဖို့ ပြင်လိုက်သောကြောင့် လှေမှာ ယိမ်းထိုးသွားသည်။ ဒါကို အခွင့်ကောင်းယူပြီး ပြေမှာ. . သူ့နောက်မှသူကို လက်နောက် ပြန်ရိုက်ချလိုက်သလို ဖိုးလစ်ကလည်း သူ့နောက်ကလူကို လုံးထွေးပစ်လိုက်တော့သည်။

ပြေ ကံကောင်းထောက်မစွာ သူ့ပုန်၏ခြောက်လုံးပြူး တို လက်နှင့်စမ်းမိပြီး. . .

"ခွေးမသား. . လက်မြှောက်လိုက်"

သူပုန်မှာ ဘာမှမတတ်နိုင်ဘဲ လက်မြှောက်ရတော့ သည်။ ဖိုးလစ်ကလည်း သူပုန်ကို သူ့သေနတ်နှင့် သူ့ကို ချိန်ပြီး ဖြီးသား. . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုပြေ ဘယ်လိုလုပ်မလဲ"

"စက်လှေမောင်းတဲ့ စက်ကိုရပ်ပြီး မင်းအရင်ရေထဲ ခုန်ချလိုက်. . ."

"ဟုတ်. . ဟုတ်ကဲ့"

"ဝုန်း"

စက်လှေသမား ခုန်ချသွားပြီးနောက်. . .

"မင်းတို့ကို မသတ်ချင်သေးဘူးဆိုပေမယ့် မှတ်လောက် အောင်တော့လုပ်ခဲ့ရမယ်"

ပြေ. . သူ့ပုန်ခါးကြားထဲမှ ဓါးမြှောင်ကို ဆွဲထုတ်လိုက်ပြီး ပေါင်ကို ထိုးချလိုက်တော့သည်။

"အား"

"ရော့ ဖိုးလစ်. . မင်းကောင်အတွက် အမှတ်အသား လေးပေးလိုက်. . ."

ဖိုးလစ် ပြေပေးသော ဓါးမြှောင်ကို ဆုပ်ကိုင်ပြီးသူ့ပုန်၏ လက်မောင်းကို ခွဲချလိုက်လေတော့သည်။

"အား. . ."

"မင်းတို့နှစ်ယောက်လုံး ကံကောင်းတယ်မှတ်. . ရေထဲ ခုန်ဆင်းပြီး မင်းတို့ခေါင်းဆောင်ကို ပြောလိုက်. . မင်းတို့ကို ဝါးမျို မယ့် နတ်ဆိုးတစ်ကောင်ပေါ်လာပြီလို့. . ပြောဘာ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြား. . ကြားပါတယ်"

"ကဲ. . ဆင်းကြစမ်း"

"ဝုန်း. . ."

နှစ်ယောက်လုံး ရေထဲသို့ ခုန်ဆင်းသွားကြတော့သည်။ ဖီးလစ်စက်လှေတက်မကို ကိုင်ပြီး အမြန်ဆုံးမောင်းထွက်ခဲ့တော့သည်။

"ဖီးလစ် ဒီသေနတ်တွေနဲ့ ဆက်ပြီးသွားလို့မကောင်းဘူး. . တော်ကြာ စစ်တပ်က တွေ့သွားရင်တစ်မျိုးဖြစ်နေမှာ စိုးရတယ်"

"ဟုတ်တယ် အစ်ကိုပြေ. . တစ်နေရာရာမှာဝင်ပြီး ဖွက်ရမှာပဲ တစ်ပွဲကတော့စပြီး နွှဲလိုက်ရပြီ"

"ကြိုတင်လှေကျင့်ခန်းပေါ့ကွာ"

"အစ်ကိုပြေက သွက်သားပဲ"

"မသွက်ရင် ခံသွားရမယ်လေ. . ဒီကောင့်တွေ လက်ထဲပါသွားလို့ကတော့ မဟုတ်ဘဲနဲ့. . သေလုအောင် ရိုက်နှက်ခံနေရမှာကွ"

"အစ်ကိုပြေ. . ရှေ့နားက ကမ်းပေါ်မှာ သေနတ်တွေ ဝင်ပြီး ဖွက်ရင်ကောင်းမယ်. . အပြန်ကျမှယူသွားမယ်"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပေါ်သို့ ဖိုးလစ်တက်သွားပြီး သေနတ်(၂)လက်တို
ဖွက်ထားပြီး ဆင်းလာခဲ့လေသည်။

"ရှေ့ဆိုကမာချောင်းကို ရောက်ပြီ . . အစ်ကိုပြေ"

"အမိုးပေးတဲ့စာကို လုံလုံခြုံခြုံယူခဲ့ဦးနော်"

"စိတ်သာချ အစ်ကိုပြေရေ"

ကမာကူးတို့ဆိပ်တွင်ကပ်ပြီး ရွာပေါ်သို့တက်ခဲ့ကြသည်။
ရွာထဲမှာ လူတွေသိပ်ပြီးမတွေ့ရပေ။

"ဖိုးလစ် . . တချို့အိမ်တွေ လူမနေသလိုပဲနော်"

"ဟုတ်တယ် အစ်ကိုပြေ . . ဘာတွေဖြစ်နေလဲတော့
မသိဘူး . . အရင် ဒီရွာက သိပ်ပြီးစည်ကားတာ"

ရွာအလယ်ပိုင်းထိ လူအရိပ်အယောင်မတွေ့ရသေး
ပေ။

"ရွာကပျက်နေပြီလားမသိဘူး အစ်ကိုပြေ"

"တချို့အိမ်တွေကတော့ လူနေသေးတယ်ကွ . . အပြင်
ကို မထွက်ရဲတဲ့သဘောမျိုး . . အမိုးသွားခိုင်းတဲ့အိမ်ကိုမင်းသိ
လား"

"သိတယ် အစ်ကိုပြေ . . အမိုးနဲ့တစ်ခေါက်ရောက်ဖူး
တယ် . . ဟို ပိတောက်ပင်ကြီးနောက်က အိမ်ပဲ"

ခြံဝန်းတံခါးချပ်လေးကို ဖွင့်လိုက်သည်နှင့် . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ. . ရပ်နေစမ်း"

"ကျွန်တော်တို့ ဒေါ်နန့်သန်းသန်းဆင့်ရဲ့သားပါ"

"ဪ. . ဒါဆို ဝင်ခဲ့"

အိမ်ရှေ့တံခါးချပ်ကိုဖွင့်ပြီး ကရင်အမျိုးသားကြီး တစ်ယောက်ထွက်လာသည်။

"အိမ်ပေါ်ကိုတက်. . အပြင်မှာထိုင်လို့မကောင်းဘူးမင်း. . နန့်ရဲ့သားအငယ်ကောင် ဖိုးလစ်မဟုတ်လား"

"ဟုတ်ပါတယ် ဦးလေး"

"ဘာကိစ္စတွေဖြစ်လာလို့လဲ"

"အမိုးက စာပေးလိုက်တယ်"

အမိုးပေးလိုက်သောစာကို ဦးစောသာဖိုးလက်ထဲထည့်ပေးလိုက်သည်။ အမိုး. . ဦးစောသာဒိုးစာကို ဖတ်ပြီး. . .

"အင်းလေ. . ခုလိုထိုင်ပြီးဒီကောင်တွေလုပ်သမျှကိုငုံ့ခံနေတာထက် တစ်ခုခုတုံ့ပြန်ပြီးခံရတာက ကျေနပ်စရာပဲ"

"ဦးလေး. . ရွာမှာဘာတွေဖြစ်နေတာလဲ"

"အလံနီကောင်တွေ ရမ်းကားနေတာလေ. . ခုဆိုရွာမှာ နေရဲတဲ့သူတောင်မရှိသလောက်ဖြစ်နေပြီ. . ငါကသာရွာတနေ မခွာနိုင်လို့နေရစ်ခဲ့တာ. . ဆက်ပြီးနေလို့လည်းမရတော့ဘူး. . မင်းတို့လာတာနဲ့အတော်ပဲကွ. . ဒီညနေ့ငါရွာက



www.burmeseclassic.com

www.burmeseclassic.com



နေထွက်တော့မှာကွ. . မင်းတို့လှေနဲ့လာတာလား"

"ဟုတ်တယ် ဦးလေး"

ပြေ. . လမ်းမှာဖြစ်ပျက်ခဲ့တာကို ပြောပြလိုက်သည်။

"မင်းတို့က သူတို့ကို မသတ်ရင် မင်းတို့ကိုသတ်ဖို့လာ ကြမှာ ၊ သချာတယ်. . ကဲ အချိန်မရှိဘူး. . တောလမ်းကပဲ လမ်း မှ-ဖြစ်တော့မယ်"

"ဒိုင်း. . ဒိုင်း"

"ဟာင်"

ရွာထဲကို သေနတ်သံပေးပြီးဝင်လာသော သူပုန်တစ်ဖွဲ့ ကို တွေ့လိုက်ရသည်။

"အစ်ကိုပြေ. . ကျွန်တော်တို့ခါးနဲ့ ထိုးခဲ့တဲ့ကောင်တွေ ပါလာတယ်"

"ဒီကောင်တွေစက်လှေကို တွေ့သွားပြီးရွာထဲဝင်ပြီး ရှာတာဖြစ်မယ်"

"ကဲ. . လာကြ. . လာကြ"

ဦးစောသာဒိုး နောက်ဖေးပေါက်မှခေါ်ထုတ်ပြီးနောက် ဘက်ကောက်ရိုးပုံကြီး အောက်တွင် စနစ်တကျ[illegible]သော မြေအောက်အခန်းကြီးထဲမှာ ဝင်ပြီးပုန်းခိုင်းလေသည်။

"ပြောစမ်း. . ဟို(၂)ယောက် ဘယ်ဒီ[illegible]ထဲဝင်သွား လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ. . ဒီ. . အိမ်ပါ ဗိုလ်ကြီး"

သူပုန်ခေါင်းဆောင်လုပ်သူက ရွာသားတစ်ယောက်ကို သေနတ်နှင့်ချိန်ပြီး ခေါ်လာကာမေးနေလေသည်။

"သေချာတယ်နော်"

"သေ. . သေချာပါတယ် ဗိုလ်ကြီး"

"ဟောဒီကောင်တွေ ရှာကြစမ်း. . ခွေးမသားနှစ်ကောင် တွေ့လို့ကတော့ အရှင်လတ်လတ်မီးရှို့သတ်ပစ်မယ်"

တစ်အိမ်လုံးတစ်ခြံလုံး ရှာဖွေပြီးနောက် တစ်ယောက်မှမတွေ့သဖြင့် ကောက်ရိုးပုံကြီးကို. . .

"မီးရှို့ပစ်လိုက်. . ."

ကောက်ရိုးပုံကြီးမီးရှို့ပေမယ့် ပြေတို့(၃)ယောက်ပုန်းနေသော မြေအောက်အခန်းကို အန္တရာယ်မပြုနိုင်ပေ. . ကောက်ရိုးပုံကြီး ပြာတိတိကျသွားတော့မှ သူပုန်အဖွဲ့တွေ ခေါ်လာသော ရွာသားကို ညာတယ်ဆိုပြီး သေနတ်ဒင်နှင့်ရိုက်နှက်ထုကာ ပြန်ထွက်သွားကြတော့သည်။ ပြေတို့(၃)ယောက်လုံး မှောင်စပြုတော့မှ မြေအောက်အခန်းထဲက ထွက်လာခဲ့ကြတော့သည်။

"ဟူး. . ခုမှပဲ အသက်ဝဝရှူရတော့တယ်"

ဦးစောသာဒိုး အိမ်တစ်ခုလုံးမှာရစရာမရှိအောင် ဖျက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးသွားကြသည်။

"တကယ့်ကို ထင်တိုင်းကြဲနေကြပါလား. . ပါးစပ်က ပြောတော့ တိုင်းပြည်အတွက် လူမျိုးအတွက်ဆိုပြီး လုပ်နေတာက သူ့ပုန်ဓါးပြထက်ဆိုးနေကြတယ်"

ဦးစောသာဒိုး သူ့အိမ်ထဲမှအဝတ်အစားတချို့ကို ကျောပိုးအိတ်ထဲသို့ ထည့်ကာ. . .

"သွားကြမယ်. . ဟော့ ဒီနေ့ဒီရက်ကစပြီး ဒင်းတို့နဲ့ငါဟာ အကြီးမားဆုံး စိန်ခေါ်မှုတစ်ခုကို စတင်လိုက်တာပဲ"

"ဦးလေးစောသာဒိုး. . တောလမ်းကသွားမှာလား"

"တောလမ်းကပဲ သွားရမှာ. . ဒီကောင်တွေနဲ့ လွတ်အောင်တော့ အတော့်ကို ရှောင်သွားရမှာကွ"

ပြေတို့(၃)ယောက်အမှောင်ထုကို အကာအကွယ်ပြုပြီး ထွက်ခွာလာခဲ့ကြသည်။

"အရှေ့က ချောင်းကိုကျော်ရင်တော့ အလံနီခွဲထွက်ရေအဖွဲ့နယ်မြေကိုရောက်ပြီ"

"အလံနီခွဲထွက်ရေးဆိုတော့. . အုပ်စုကွဲသွားတဲ့ အဖွဲ့ဘောလား"

"ဟုတ်တယ်. . ဒီကောင်တွေက သဘောကောင်း ပျော့ပျောင်းတယ်. . အစိုးရနဲ့ စေ့စပ်ဆွေးနွေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်. . သိပ်ပြီးအဆိုးကြီးတော့ မဟုတ်ဘူးပေါ့"

"အဆိုးကြီးမဟုတ်ပေမယ့် အကောင်းကြီးတော့ မဟုတ်ဘူး. . ဒီအုပ်စုထဲမှာလည်း မိုက်ရိုင်းတဲ့ကောင်တွေ ရှိတယ်. . ဘာပဲဖြစ်ဖြစ် ဘယ်သူနဲ့မှမဆုံတာပဲကောင်းပါတယ်ကွာ"

လရောင်ဖျော့ဖျော့လေးက ထွက်နေလေပြီ. . .။

www.burmeseclassic.com

တောအုပ်တွေကို တိုးဝင်လိုက်၊ ချောင်းတွေကို ဖြတ်ကူးလိုက်နှင့် တစ်ညလုံးမနားဘဲ ခရီးဆက်ခဲ့ကြသည်။ ဒီကြားထဲ မိုးကပါ ရွာချပြန်သေးသည်။

"ဒီအတိုင်းဆက်ပြီးသွားရင် အားလုံးအအေးပတ်ပြီး သေလိမ့်မယ်. . ."

(၃)ယောက်လုံးလည်း တုန်ယင်နေလေပြီ. . သူတို့ ရောက် နေသောနေရာကတော့ မြစ်ကမ်းနံဘေးရွာကလေး တစ်ရွာ. . တစ်ရွာလုံးအလံနီရန်ကြောင့် တိတ်ဆိတ်ပြီးမီးရောင်ပင် မမြင်ရပေ။

"ဗိုးလစ်. . ."

"ဗျာ. . ဦးလေး"

"ဟိုလှေဆိပ်နားကို သွားပြီးကြည့်စမ်း လှေဘယ်နှစ်စီး



www.burmeseclassic.com

www.burmeseclassic.com



တပ်ထားလဲ. . ."

"ဟုတ်ကဲ့. . ."

ဖိုးလစ်ခပ်သွက်သွက်လေး သွားပြီးကြည့်ကာ ပြန်ခဲ့သည်။

"(၃)စီး. . ဦးလေး"

"မတတ်နိုင်ဘူး. . တစ်စီးတော့ ယူသွားရမှာပဲ၊ နောက်တော့မှ လူကြုံနဲ့ထည့်ပေးလိုက်မယ်"

လှေဆိပ်ဆီသို့လာခဲ့ပြီး ကမ်းနံဘေးတွင် ကပ်ထားသော လှေတစ်စီးကိုဖြုတ်ယူပြီး ညခရီးကို ဆက်ခဲ့ကြတော့သည်။လှေပေါ်တွင်တင်ထားသော မိုးကာကြီးကို ဦးစောသာဒိုးမြကာ ဝါးဆစ်ဘူးလေးထဲမှ ဆေးလိပ်ကိုထုတ်ပြီး မီးညှိသောက်နေလေတော့သည်။

ပြေ စိတ်ထဲမှာတော့ ဇနီးဖြစ်သူအိမ်သူတစ်ယောက်သူကိုစိတ်ပူနေပြီဆိုသည်ကို တွေးနေမိလေသည်။

"ဦးလေး. . ရှေ့မှာ မီးရောင်တွေ"

"ဟာ. . ဟုတ်တယ်. . လှေကို မြစ်ဘေးကိုထိုးကပ်လိုက်. . ."

ဖိုးလစ်ခပ်သွက်သွက်လေးလှော်ပြီး မြစ်ဘေးသို့ကပ်လိုက်ပေမယ့် တစ်ဖက်စက်လှေပေါ်မှ ဓါတ်မီးအလင်းက ပြေ



www.burmeseclassic.com

www.burmeseclassic.com



တို့ဆီကို ရောက်သွားပြီး သေနတ်သံပါ ထွက်ပေါ်လာသည်။

"ဒိုင်း. . ဒိုင်း. . ."

ကမ်းပေါ်သို့ ပြေးတက်ပြီးနောက်. . .

"မင်းတို့(၂)ယောက် ဟိုအပင်ကြီးနားမှာကွယ်နေစမ်း"

ဦးစောသာဒိုး. . ပြေတို့ကို နေရာယူခိုင်းပြီး ကျောပိုးအိတ်ထဲမှ ခြောက်လုံးပြူးသေနတ်ကိုထုတ်ပြီး အခြေအနေကို စောင့်ကြည့်နေလေသည်။

"တက်ကြစမ်း၊ ဒါဟိုခွေးမသားနှစ်ကောင်နဲ့ စောသာဒိုးပဲဖြစ်ရမယ်"

စက်လှေပေါ်တွင် စုစုပေါင်း(၅)ယောက် တစ်ယောက်သာနေခဲ့ပြီး (၄)ယောက်ကမ်းပေါ်သို့တက်ခဲ့ကြသည်။ ပြေတို့ဆီတွင် ဘာလက်နက်မှမပါဘူး ထင်ကာ ရဲရဲတင်းတင်းတက်လာခြင်းသည် အလံနီတွေ၏ အမှားပင်ဖြစ်သည်။

"ဒိုင်း. . အား. . ဒိုင်း. . အီ"

ဦးစောသာဒိုး အကာအကွယ်မရှိဘဲ တက်လာသော (၄)ယောက်ကို အနီးကပ်ပစ်ချလိုက်သည်။

"ရော့. . လက်နက်တွေယူထား၊ စက်လှေပေါ်က ကောင်ကို ရှင်းဖို့ပဲကျန်တော့တယ်"

စက်လှေမောင်းသည့်သူကတော့ မိုးကျကြိုးကိုချပြီး ခပ်



www.burmeseclassic.com

www.burmeseclassic.com



အေးအေးပဲ ထိုင်နေသောကြောင့်. . .

"မာတင်မီးထိုးလိုက်. . ."

"ဟာ. . ."

"ဟောကောင် မလှုပ်နဲ့. . လှုပ်တာနဲ့အလောင်းကို မြစ်ထဲ ချပြီးသားပဲ"

"ဆ. . ဆရာ. . တို့ရယ် မသတ်ပါနဲ့. . ကျွန်. . ကျွန်တော်ဟာ သူတို့နဲ့ဘာမှမပတ်သက်ပါဘူး. . စက်လှေလိုက်ပြီး မောင်းပေးရတဲ့ ကောင်ပါ"

"မင်းဘယ်ရွာကလဲ. . ."

"ကဝက်ကပါ ဆရာ. . ."

"မင်းကို ငါတို့မသတ်ဘူး. . ဒါပေမယ့် ငါတို့ဘယ်မှာ ဆင်းသွားတယ်ဆိုတာကို မင်းကိုမေးရင်မဖြေနဲ့. . ."

"စိတ်ချပါ ဆရာရယ်. . ဘုရားစူးရစေ. . ကြိုက်သလို သစ္စာဆိုနိုင်ပါ. . မပြောပါဘူး"

"ဒါဆို မောင်းတော့"

စက်လှေကို စက်နှိုးပြီး မောင်းနိုင်းလိုက်တော့သည်။

"စပ်စုတာတော့မဟုတ်ဘူးနော်. . ဆရာတို့က ဘာတွေလဲဟင်"

"မင်းကရော ဘယ်လိုထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလံနီတွေကို သတ်တဲ့သူတွေဆိုတော့ အစိုးရတပ်တွေဘက်ကလားလို့. . ."

"အစိုးရတပ်တော့မဟုတ်ဘူး. . အလံနီတပ်တွေမတရားအနိုင်ကျင့်တာကိုတွန်းလှန်တဲ့ ပြည်သူ့ဘက်တော်သားတွေ. . ."

"ဗျာ. . ဆရာတို့ပြောတာ တကယ်ပဲလားဟင်"

"ဟကောင်ရ. . မင်းကို ငါတို့က ကြွားနေတယ်ထင်လို့လား. . ."

"မဟုတ်ရပါဘူး ဆရာတို့ရယ်. . တကယ့်ကို အံ့အားသင့်စရာကောင်းနေလို့ပါ. . ဒီကောင်တွေကို ဆန့်ကျင်တော်လှန်ရဲတဲ့သူဆိုရင် ကျွန်တော်တို့ ရွာသူရွာသားတွေရဲ့ ကျေးဇူးရှင်ကြီးတွေပဲဗျာ. . ဒီကောင်တွေဒဏ်ကို ခံနေရတာ ကြာရင်လူတွေအားလုံး အိုးပျက်အိမ်ပျက်တွေဖြစ်တော့မယ်. . ခုတောင်ငတ်တဲ့သူက ငတ်နေပြီ. . ကယ်ပေးပါ ဆရာတို့ရယ်"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဖိုးကံဆို. . ကဝက်မှာလူတိုင်းသိပါတယ်"

"မင်းနာမည်ကို မှတ်ထားမယ်. . ဒို့မင်းဆီလာတဲ့အခါမင်းဘက်က ကူညီပေါ့"

"စိတ်ချပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



စက်လှေကလေးမှာ မြစ်ကြောင်းအတိုင်း မောင်းလာပြီးနောက်. . .

"ဖိုးလစ်"

"ဦးလေး ဘာများလဲ"

"ငါတို့ဘယ်ကနေ တက်ရင်ကောင်းမလဲ"

"ဆိပ်ကြီးဘက်က. . တက်ရင်ကောင်းမယ်"

"ဖိုးကံ. . ."

"ဗျာ"

"ဟိုရှေ့က ကမ်းနံဘေးမှာရပ်လိုက်. . ."

"ဟုတ်ကဲ့"

စက်လှေရပ်သည်နှင့် ကမ်းပေါ်သို့တက်ခဲ့ကြပြီး ဖိုးကံတို့ နှုတ်ဆက်ကာ ရွာဆီသို့ခရီးဆက်ခဲ့ရင်း မိုးလင်းလုလုလောက်တွင် ရွာကိုရောက်ခဲ့ကြသည်။

"အမိုး. . အမိုး"

"ဟယ်. . ဖိုးလစ်. . လာကြ. . လာကြ"

"မြေ"

"အိမ်သူ"

ခင်ပွန်းဖြစ်သူ၏မျက်နှာကို မြင်ရမှ အိမ်သူသက်ပြင်းချနိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးစော. . ငါကတစ်ခုခုဖြစ်နေပြီထင်နေတာ"

"နန့်ရေ. . ဖြစ်တာပဲ. . ငါတို့လည်း ငနိ(၄)ကောင်ကို ရှင်းပြီး ဒါတွေသယ်ခဲ့တယ်"

"သွေးစွန်းပြီးနေရင် ဆက်ပြီးစွန်းဖို့သာပြင်ထားတော့ ဖိုးစောရေ. . ."

"စွန်းရမှာပေါ့ဟာ. . ."

"ကဲ. . အဝတ်အစားလဲပြီး အနားယူလိုက်. . သမီးရေ သူတို့အတွက် ရေနွေးအိုးလေးတည်ဦးကွယ်. . ထမင်းကြမ်းနဲ့ ငါးခြောက်ဖုတ်လေးစားကြပေါ့"

"ကောင်းတယ်. . တစ်လမ်းလုံး ဗိုက်ကဆာလာတာ"

ပြေ့ကိုအိမ်သူ အဝတ်အစားလေးထုတ်ပေးပြီး မီးဖိုထဲ ဝင်သွားသည်။ ပြေက နောက်မှလိုက်သွားပြီး. . .

"အိမ်သူ. . ."

"ဘာလဲဟင်"

"ငါ့ကို စိတ်ပူနေမှာပေါ့"

"ဒီစကားကို နင်မေးစရာတောင်မလိုဘူး. . ငါ့ရင်ထဲသာ ဝင်ကြည့်နိုင်းချင်တာ. . အမိုးက အားပေးစကားတွေပြောပြီး အိပ်နိုင်းပေမယ့် ဘယ်လိုမှအိပ်လို့မရဘူး"

"အိမ်သူ. . ရှေ့ဆက်ပြီး ဒီထက်မကခဲ့မိုးတွေသွား



www.burmeseclassic.com

www.burmeseclassic.com



ရမှာ. . ”

“ငါသိပါတယ်ဟာ. . ငါ ရအောင်ကျင့်ပြီး နေသားကျအောင် နေမှာပါ. . ဒါပေမယ့်လို့ စိတ်ပူပန်တာလေးက လုံးလုံးတော့ ပျောက်သွားမှာမဟုတ်ဘူး”

ဇနီးသည်၏ လက်ကလေးကို ဆုပ်ကိုင်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

လယ်ယာတစ်ဖက် လုပ်လိုက်. . စစ်ရေးသင်တန်းတွေကို သင်လိုက်. . မြစ်ထဲငါးဖမ်းထွက်လိုက်နှင့် ရက်ပေါင်း(၃၀) ပြည့်ခဲ့လေပြီ. . .

မြေ. . ဖိုးလစ်. . ဖိုးနစ်အပါအဝင်ရွာကလူငယ် အယောက်(၂၀)လုံး သေနတ်ပစ်နှင့်စစ်ရေးအတတ်ပညာတွေကို တတ်မြောက်နေကြပြီဖြစ်ပေမယ့် တိုက်ပွဲဆိုတာတော့ မကြုံရသေးပေ။

မြေ့ကို လူငယ်တွေအားလုံး၏သဘောတူညီမှုနှင့် ခေါင်းဆောင်တင်ခဲ့ကြသည်။

"ကိုမြေ. . ကိုမြေ. . . "

မြေတို့ထိုင်နေသော တဲလေးထဲကို သံချောင်းအာပြေးကလေးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သံချောင်း . . ဘာဖြစ်လာတာလဲ . . ."

"အလံနီကောင်တွေ အရှေ့ရွာစုဘက်ကိုသွားတယ် . . သူတို့သွားတာ ရွာစုကလူတွေကို အလံနီ တပ်ထဲခေါ်ဖို့တဲ့ . . ပြီးတော့ ဒီရွာဟာ အစိုးရသတင်းပေးရွာဆိုပြီး အပြတ်ရှင်းမယ့်သဘောပဲ . . ."

"မင်း . . ဘယ်က ဒီသတင်းကိုရလဲ"

ဦးစောသာဒိုးမေးလိုက်သည်။

"အဲဒီရွာက ထွက်ပြေးလာတဲ့ မောင်နိုင်ဆီက ကြားရတာ ဦးလေးဒိုး . . ."

"မင်းခုတွေ့ခဲ့တာ လူအင်အားဘယ်လောက်ရှိလဲ"

"စက်လှေ(၂)စီနဲ့(၁၀)ယောက်လောက်ရှိမယ် . . ."

"ဖိုးနစ်"

"ပြောပါ ဦးလေးဒိုး"

"မင်း . . အရှေ့ရွာစုဖြတ်လမ်းကို သိလား . . ."

"သိတယ်"

"မောင်ပြေ . . မင်းဦးဆောင်ပြီး တစ်ဖွဲ့က ဖြတ်လမ်းကသွား . . ငါတို့အဖွဲ့က ဒီကောင်တွေဝင်တဲ့ လမ်းပေါ်ကနေဝင်မယ် . . နှစ်ဖွဲ့ဆုံပြီဆိုမှ တိုက်ပွဲစမယ် . . ငါတို့က လက်နက်အင်



www.burmeseclassic.com

www.burmeseclassic.com



အားနည်းတော့.. ပြောက်ကျားပုံစံနဲ့ တစ်ယောက်ချင်းကိုရှင်း
ရမယ် ငါပြောတာ့သဘောပေါက်တယ်နော်...”

“ပေါက်ပါတယ်...”

“ဒါဆို သွားကြတော့”

ပြေ ခြောက်လုံးပြူးကို ခါးတွင်ပတ်ပြီး.. အိမ်သူကို ပြုံး
လိုက်သည်။

“ပြေ.. သတိရှိနော်”

“စိတ်သာချ...”

ပြေနဲ့ဖိုးနစ်ဦးဆောင်သော လူငယ်(၁၀)ဦး ရွာစုဖြ
လမ်းဆီသို့ ထွက်ခဲ့ကြတော့သည်။

“ကိုပြေ”

“ဘာလဲ.. ဖိုးလစ်”

“ဒီကောင်တွေနဲ့ ပထမဦးဆုံးတိုက်ပွဲဆိုတော့ သွေးဖေ
ကတော့ ကြွနေတာပဲ.. အစ်ကိုပြေရော”

“မင်းလိုပဲပေါ့ကွာ”

ဖိုးနစ်ခေါ် ဆောင်သည့် လမ်းကလေးအတိုင်းလျှောက်ခဲ့ရင်း

“ဟာ.. ဟိုမှာ ရွာကိုမီးရှို့နေပြီ”

ရွာဘက်ဆီမှ မီးခိုးတန်းကြီးတွေကို မြင်တွေ့နေလေပြီ



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး သတိနဲ့ဝင်ကြမယ်. . အခြေအနေကြည့်ပြီးမှ ထုပ်ရှားမယ်. . ."

"ဟုတ်ကဲ့ အစ်ကိုပြေ"

ရွာထဲသို့ရောက်တော့ အလံနီများက ရွာသားတချို့ကို ခမ်းဆီးထားကာ ရွာလမ်းအလယ်တွင်ထားထားတယ်။

"အစိုးရတပ်ကို သတင်းပေးချင်တဲ့ရွာ. . ကောင်းတယ် ဆုံးမရမယ်. . ဟောဒီကောင်တွေ သတ်ရမယ့်ကောင်ကို သတ်ပစ်လိုက်"

"ခေါ် ခဲ့စမ်းကွာ"

"မလုပ်ပါနဲ့ ဗိုလ်ကြီးတို့ရယ်. . ကျွန်မသားလေးမှာ ဘာ အပြစ်မှမရှိပါဘူး. . ရှိကြီးခိုးပါတယ်"

"ဖယ်စမ်း အဘွားကြီး. . ခင်ဗျားပါ အဆစ်ပါသွားမယ်၊ ဒီကောင်တွေကို သေနတ်နဲ့မပစ်နဲ့. . တုတ်နဲ့ရိုက်သတ်"

ပြေတို့ ထိုမြင်ကွင်းကိုကြည့်ပြီး လက်ယားနေပေမယ့် ဦးစောသာဒိုးတို့ဘက်က အချက်ပြခြင်းမရှိသေးသောကြောင့် အောင့်အည်းပြီး နေရသည်။

"ဖောင်း. . ဝုန်း"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အလံနီတပ်ဖွဲ့ကြားထဲသို့ ဓါတ်ဆီပုလင်းကို အဝတ်နှင့် မီးရှို့ပြီး ပစ်လိုက်သောကြောင့်ပေါက်ကွဲပြီး အလံနီများ ရုတ်သဲသဲဖြစ်သွားပြီး လူစုခွဲကာ နေရာယူကြသည်။

"ပစ်စမ်း. . ဟို အိမ်ပေါ်မှာ. . ."

"ဒိုင်း. . ဒိုင်း. . ဒိုင်း. . ."

ခေါင်းဆောင်လုပ်သူ၏အမိန့်ကြောင့် တွေ့ရာမြင်ရာကို စွတ်ပြီးပစ်ကြတော့သည်။ ထိရောက်မှုက မရှိ. .

ပြေတို့အတွက် အခွင့်ကောင်းကတော့ အလံနီများ၏ နောက်ကျောဘက်မှတစ်ယောက်ချင်းကို ရှင်းခွင့်ရခဲ့ကြသည်။

"ဒိုင်း. . ဒိုင်း. . ."

အလံနီအဖွဲ့တွင် လူ(၃)ယောက်လောက်သာ ကျန်ပြီး ပြန်ပြီးဆုတ်ပြေးဖို့ကြိုးစားပေမယ့် ပြေတို့ကတစ်ယောက်ချင်း ရှင်းပစ်လိုက်သည်။

"ဘယ်သူတွေ ဒဏ်ရာရသေးလဲ"

"ခုပွဲကတော့ သိပ်ပြီး အခက်အခဲမရှိလိုက်ဘူး. . ဦးလေးဒိုး"

"မောင်ပြေ"

"ဟုတ်ကဲ့ ဦးလေး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီရွာက လူတွေကိုပြောင်းခိုင်းလိုက်တော့ ဒီကောင်တွေထဲက စက်လှေသမား(၂)ယောက်လွတ်သွားတယ်. . ရွာကိုအပြတ်ရှင်းဖို့ အင်အားနဲ့လာကြမှာသေချာတယ်"

"ဟုတ်လား. . ."

ပြေရွာမှ အကြီးအကဲတစ်ယောက်ထံကို သွားပြီး ရွာတနေ ပြောင်းဖို့သွားပြောလိုက်သည်။

"ဦးလေးတို့လည်းရွာကို စွန့်ဖို့ ပြင်ဆင်ထားပါတယ်. . ခုလိုဝင်ပြီးကယ်တဲ့အဖွဲ့ကို ကျေးဇူးတင်ပါတယ်ကွယ်. . ဒါနဲ့မောင်ရင်တို့က ဘယ်လိုတပ်ဖွဲ့လဲ"

"ကျွန်တော်တို့က အလံနီတွေရဲ့ ရက်စက်မှုတွေကိုတာကွယ်ပေးမယ့် အဖွဲ့တစ်ခုပါ. . "

"အစ်ကိုပြေ"

"ဘာလဲ. . ဖိုးလစ်"

"ဒီရွာက လူငယ်တွေက ကျွန်တော်တို့နဲ့လိုက်ချင်လို့တဲ့"

"ဦးလေးစောနဲ့ တိုင်ပင်ဦးမယ်"

ပြေသည် ဦးစောသာဒိုးဆီကို ပြန်လာပြီး ရွာက လူငယ်တွေကိစ္စကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူငယ်တွေကို မခေါ်ချင်လို့တော့မဟုတ်ဘူး . . ငါတို့မှာ စခန်းလုပ်ပြီးနေလို့မရဘူး . . အလံနီတပ်တွေက တို့ထက်အင်အား(၁၀)ဆလောက်ကောင်းတယ် . . ပြီးတော့ လက်နက်ပိုင်းလည်း ကွာတယ် မောင်ပြေ . . "

"ဒါဆိုရင် လူငယ်တွေကို ချန်ထားခဲ့ပြီး . . လိုအပ်ရင်ခေါ်ရင်မကောင်းဘူးလား"

"ကောင်းတယ် မောင်ပြေ . . မင်းပဲစီစဉ်လိုက်၊ ပြီးရင်ရွာကနေ ခွာဖို့လုပ်ထား"

"ဟုတ်ကဲ့"

ပြေသည် လူငယ်တွေအတွက် စီစဉ်သင့်သည်များကိုစီစဉ်ပြီး ရွာမှပြန်ဆုတ်လာခဲ့ကြတော့သည်။ အပြန်ခရီးမှာတော့အားလုံး အောင်ပွဲ၏ရလဒ်ကို ပျော်ရွှင်လာခဲ့ကြသည်။

"ငါတစ်ခုစဉ်းစားမိတယ် မောင်ပြေ"

"ဘာများလဲ ဦးလေးစော"

"ငါတို့ဒီအတိုင်းလှုပ်ရှားနေတာထက် တပ်တွေနဲ့ဆက်သွယ်ပြီး ပူပေါင်းဆောင်ရွက်ရင်မကောင်းဘူးလား"

"ကောင်းတာပေါ့ ဦးလေးဒိုးရယ် . . ခက်တာက ကျွန်တော်တို့စကားကို ယုံကြည်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"မြို့က တပ်ထဲမှာ ငါ့ရဲ့မိတ်ဆွေဗိုလ်ကြီးမျိုးအောင်ဆိုတာရှိတယ်. . သူနဲ့တွေ့ပြီး ဆွေးနွေးကြတာပေါ့. . မင်းရယ် ငါရယ် ဖိုးနစ်ရယ် တို့(၃)ယောက်မြို့ကိုတက်မယ်. . အစိုးရရဲ့ ရောဝတီလိုင်းသင်္ဘောတွေကိုစီးရဖို့အတွက် အတော့်ကို ခက်ခက်ခဲခဲသွားရမှာပဲ"

"ဘယ်လိုခက်ခဲပါစေ ဦးလေးဖိုးရယ်. . အရေးကြီးတာက ကျွန်တော်တို့ အတွက် အထောက်အကူရဖို့ပဲ. . တပ်နဲ့ ပူးပေါင်းလုပ်ဆောင်ရတာ ပိုပြီးကောင်းတယ်"

"ရွာရောက်ပြီး(၃)ရက်လောက်ဆို သွားကြတာပေါ့"

"ဟုတ်ကဲ့. . ကောင်းတယ်"

"ရွာရောက်ရင် မင်းကောင်တွေကို ပိုပိုရိုရိုနေခိုင်းထားဦးနော်. . အလံနီကောင်တွေက ခုဖြစ်သွားတဲ့ကိစ္စပေါ်မှာ မီးခိုးကြွက်လျှောက်လိုက်တော့မှာသေချာတယ်. . အထူးသဖြင့် လက်နက်တွေဝှက်တဲ့နေရာက အရေးကြီးတယ်"

"ရွာက ညီညွတ်တော့. . ဒီကောင်တွေ ဘယ်လိုမှ သတင်းမရနိုင်ပါဘူး ဦးလေးဖိုး. . ."

၈ ကို ၈



www.burmeseclassic.com

www.burmeseclassic.com

ပြေတို့မြို့ပေါ်တွင် လုပ်ဆောင်ရမယ့်ကိစ္စတွေလုပ်ကိုင်ပြီးသည်နှင့် ညနေထွက်မည့် မော်တော်ဆီသို့ အရောက်ပြန်ခဲ့ကြသည်။ ဧရာဝတီရေလမ်းကြောင်းတွင် သဘော်ခရီးစဉ်မှာ အခက်အခဲတွေရှိတတ်သောကြောင့် မြို့တွင်ညပင်မအိပ်နိုင်ခဲ့ကြ။

အလံနီတွေက ဧရာဝတီရေကြောင်းလမ်းပေါ်မှာ အစိုးရ သဘော်ကြီးများနှင့် ပုဂ္ဂလိကပိုင်မော်တော်တွေကို ဓါးပြတိုက်မှုတွေ မကြာခဏပြုလုပ်နေသဖြင့် မော်တော်တစ်စီးထွက်ပြီးရင် နောက်ထပ်တစ်စီးထွက်ဖို့ဆိုသည်မှာ မလွယ်လှချေ။

ခုမော်တော်ပေါ်မှာ ရဲအရာရှိတစ်ဦးနှင့်တပ်ဖွဲ့ဝင်ရဲဘော်(၅)ဦး အစောင့်လိုက်ပေးသဖြင့် မော်တော်ထွက်ခြင်းဖြစ်၏။

"ဘော်. . ဘူ. . ."



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ပေါ်သို့ ရောက်ပြီး သိပ်မကြာ ဥသြဆွဲသံ ပေးလိုက်သည်။

"ဆရာရေ. . ခဏလေး. . ဟိုမှာ အမျိုးသမီး(၂) ယောက်လိုက်ဖို့လာနေတယ်"

ဆိပ်ကမ်းကခွာ သွားတော့မည့်မော်တော်မှ ဆလင်ကို မော်တော်အလုပ်သမားလေးက အလျှင်စလိုလှမ်းပြီးပြောလိုက် သောကြောင့် စက်ရှိန်ကို ပြန်လျှော့ထားလိုက်သည်။

"ဖိုးထူး. . ပစ္စည်းတွေပိုင်းပြီး သယ်ပေးလိုက်လေ"

ပြေတို့ထိုင်နေသော အပေါက်ဝနားမှ တက်မှာဖြစ် သောကြောင့် ပြေ့ မော်တော်ပေါ်မှနေ၍ အမျိုးသမီးကြီးကို အရင်ဆွဲတင်ပေးလိုက်ပြီး အမျိုးသမီးငယ်ကို လက်ဆွဲပြီးတင် ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်"

အမျိုးသမီးကြီးနှင့်အမျိုးသမီးငယ်မှာ ပြေတို့ဘေးမှာပဲ နေရာခင်းပြီး ဝင်ထိုင်လိုက်ကြသည်။

"အစ်ကိုတို့က ဘယ်သွားကြမှာလဲ ဟင်. . ."

"ဒို့က. . ကာဝထိသွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငယ်တို့နဲ့ခရီးတူတာပေါ့. . ငယ်တို့က ကဝကနေ ကျွန်းချောင်းကိုဆက်ပြီး သွားကြမှာ. . "

"ဟင်"

ကျွန်းချောင်းအမည်လေးကြောင့် သူမမျက်နှာကို သေချာစွာကြည့်လိုက်သည်။ ပြေ့စိတ်ထဲတွင် မြင်ဖူးသလိုလိုရှိ ပေမယ့် ဇဝေဇဝါ. . သူမတို့က မော်တော်ထွက်ပြီးသိပ်မကြာ. . အသင့်ပါလာသော ထမင်းချိုင့်တွေကိုဖွင့်ပြီး ညစာစားဖို့ပြင် ဆင်လေသည်။

"ဒီက မောင်ရင်တို့ စားကြပါဦးလား. . "

"စားပါ အဒေါ်"

ညနေစာကို ဆိပ်ကမ်းမှထမင်းဆိုင်တွင် စားခဲ့ကြခြင်း ကြောင့် မော်တော်ပေါ်တွင် အိပ်ဖို့ပဲ ကျန်တော့သည်။ ညနေ ခင်းမှ မှောင်ရီပျိုးသည့်ကာလသို့ ရောက်ချိန်တွင် ရဲအရာရှိလေး က သူ့ရဲဘော်တွေကို မော်တော်ပေါ်တွင် လုံခြုံရေးနေရာယူခိုင်း နေလေပြီ. . .

"ခရီးသည်တွေလည်း အားလုံးသတိဝီရိယနဲ့အိပ်ကြပါ"

မော်တော်ပေါ်မှခရီးသည်အားလုံးကျိုးလန့်စွာဖြင့် လိုက်ပါနေခဲ့ကြရသည်။ ပြေတို့လည်း အိပ်ဖို့ကို မေ့ဦးစားတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကြုံလာမည့်အန္တရာယ်အတွက် စောင့်စားနေသည်။

"အစ်ကို. . လက်ဖက်သုပ်လေးသုံးဆောင်ပါ၊ အိပ်ချင်ပြေတာပေါ့. . ."

"သုံးဆောင်ကြပါ"

"မဟုတ်တာပဲကွယ်. . ခရီးတူတူသွားတဲ့လူတွေပဲ မိတ်ဆွေရင်းချာလိုသဘောထားပြီး စားကြပါ"

"ကဲ. . စားကြဟေ့"

ဦးစောသာဒိုးက ဝိုင်းဖွဲ့ပြီးစားသဖြင့် ပြေတို့ပါ လက်ဖက် သုပ်ကိုဝင်စားကြတော့သည်။

"ပဲခူးရိုးမဘက်မှာတော့. . သခင်သန်းထွန်းတပ်တွေ ဆုတ်သွားပြီလို့ကြားတယ်"

"ဟုတ်တယ်. . ရောဝတီတိုင်းထဲမှာသာ ကျန်နေကြတာ"

မိန်းကလေးငယ်စကားကို ဦးစောသာဒိုး ပြန်ဖြေပြီး စကားလက်ဆုံစတင်ပြီး ကျနေတော့သည်။ သူမ၏ စကားပြောသံလေးက ပို၍ နားထောင်ကောင်းနေသလို. . .

"ပြည်တွင်းစစ်ကြောင့် တိုင်းပြည်မှာအများကြီးနစ်နာပါတယ်. . စစ်ပွဲတွေကြောင့် အပြစ်မဲ့ပြည်သူပြည်သားတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝများစွာ ဆုံးရှုံးခဲ့ရတယ်. . ရန်ကုန်လိုမြို့ကြီးတွေက ဒီလို ပြည်တွင်းစစ်ဘေးကို မကြုံရပေမယ့် စားသောက်မှုတွေ အတွက် အခက်အခဲတွေရှိတယ်. . ခရီးသွားလာရေးခက်ခဲမှု တော့ ပို့ကုန် ပစ္စည်းတွေဘယ်လိုလုပ်ပြီးအဆင်ပြေနိုင်တော့ မှာလဲ"

"အစိုးရဘက်က အင်အားသုံးပြီးထိုးစစ်တွေလုပ်ဖို့ ကောင်းတယ်. . ဒါမှ အလံနီတပ်တွေဘေးကအေးချမ်း သွားမှာ"

သူမ၏စကားကို သေချာစွာနားထောင်ပြီး. . .

BURMESE CLASSIC

"စစ်ဆင်ရေးတစ်ခုပြုလုပ်ပြီဆိုရင် ရိုးမတောထဲမှာဆို သိပ်ပြီးပြဿနာမဟုတ်ဘူး. . ခုဧရာဝတီတိုင်းကျေးရွာတွေမှာကျ တော့ တိုက်ပွဲဖြစ်တာနဲ့ အများဆုံးရှုံးမှာ. . အထူးသဖြင့် အပြစ် မဲ့ ရွာသားတွေကို ဓါးစာခံလုပ်ပြီး ခုခံကြမှာ. . ဒါကို အစိုးရ ဘက်ကတွက်ချက်ပြီး စစ်ဆင်ရေးကိုအားမမြှင့်တာဖြစ်နိုင် တယ်. . ဒါပေမယ့် သိပ်ပြီး ကြံ့ကြံ့ခံလို့မရနိုင်တော့ပါဘူး. . အလံနီတပ်တွေကျဆုံးရင် ကျဆုံး. . မကျဆုံးရင် ဆုတ်ခွာရ မှာပါ"

"ငါ့တူမက ဘာကြောင့်ပြောနိုင်တာလဲ"

"ကွန်မြူနစ်ဝါဒကြီးကို ပြည်သူလူထုက ထောက်ခံမှု မရှိတာဟာ အဓိကကျဆုံးအချက်ပဲ. . နောက်တစ်ချက်က ကွန်



www.burmeseclassic.com

www.burmeseclassic.com



မြူနစ်တပ်ဖွဲ့ဆိုပြီး တချို့သောခေါင်းဆောင်တွေက ကျေးရွာတွေမှာ ရက်စက်မှုတွေကိုလုပ်ပြနေတာဟာ ကျဆုံးစေဖို့အထောက်အကူပေးနေတာပဲ"

"ငါ့တူမပြောတာဟုတ်တယ်. . တရုတ်ပြည်မှာတော့ ကွန်မြူနစ်ဝါဒလမ်းစဉ်ဟာ အောင်မြင်နေတာကို တူမသိမှာပေါ့"

"သိပါတယ် ဦးလေး"

"မြန်မာပြည်မှာရော တကယ်ပဲ ကွန်မြူနစ်ဝါဒကို ထူထောင်မယ်ဆိုရင်ရော မအောင်မြင်နိုင်ဘူးလား"

ဦးစောသာဒိုးနှင့်သူမတို့ကြားတွင် ပြေတို့က နားထောင်သူသက်သက်ပင်. . .

"သမီးအမြင်ကို ပြောတာနော်. . မအောင်မြင်နိုင်ပါဘူး ဦးလေး. . ."

"ဘာကြောင့်လဲ. . ."

"မြန်မာ့ယဉ်ကျေးမှု ဘာသာရေးနဲ့လုံးလုံးမကိုက်ညီတဲ့ဝါဒတစ်ခုဖြစ်နေလို့ပါ. . မြန်မာလူမျိုးတွေဟာ ဘာသာရေးဘက်မှာ သိပ်ပြီးယုံကြည်ကိုးကွယ်မှု ပြင်းထန်ကြတယ်. . ကွန်မြူနစ်ဝါဒကျတော့ ဘာသာရေးပေါ်မှာ သိပ်ပြီးအားမပါဘူး. . ခုဆို ရင်ကွန်မြူနစ်တပ်ဖွဲ့တွေရဲ့ ရက်စက်မှုတွေကို သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုထဲကကြားရတော့ ပိုပြီးဆိုးတာပေါ့. . အလံနီလို့သတ်မှတ်လိုက်ကတည်းက ဘုရား. . တရား. . သံဃာ၊ မိဘ၊ ဆရာသမားဆိုတာ မရှိတဲ့လူလို့တောင်ထင်မိနေကြတယ်"

"တူမပြောတာ သိပ်ပြီးမရှင်းဘူး"

"ကွန်မြူနစ်ပါတီဝင်တစ်ဦးဟာ မိဘ ဆရာသမားဆိုတာကို ပါတီနဲ့ပတ်သက်ရင် သတ်ဖြတ်ဖို့ဝန်မလေးတဲ့သတင်းတွေကို ကြားနေရတယ်. . ဒါဟာ မြန်မာလူမျိုးတွေနဲ့ လုံးလုံးဆန့်ကျင်နေတဲ့အချက်ပါ ဦးလေး"

"အင်း. . ငါ့တူမ ပြောတာသိပ်ကိုမှန်တယ်၊ ဒါကြောင့်လည်း အလံနီအဖွဲ့တွေကျဆုံးခြင်း နိဒါန်းစနေပြီ"

"ဒိုင်း"

"ဟာ"

"ဟယ်. . ."

ကမ်းနံဘေးမှ သေနတ်သံပေးလိုက်ခြင်းဖြစ်သည်။

"ခရီးသည်အားလုံးဟိုက အကာအကွယ်လုပ်ထားတဲ့သဲအိတ်တွေနောက်မှာ ဝပ်နေကြပါ"

ရဲအရာရှိလေးက ခရီးသည်တွေကို သတိပေးလိုက်ပြီး မော်တော်ပေါ်တွင် အသင့်အနေအထားပြင်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကလည်း ရပ်မပေးဘဲ ဆက်ပြီးမောင်းနေသည်။

"ရေလယ်ဘက်ကနေ မောင်းလို့ရမလား"

"ရပါတယ်ဗျာ. . ရေကြောသင့်တယ်"

ရဲအရာရှိက သေနတ်ကျည်နှင့်လှမ်းနိုင်သမျှ လှမ်းရအောင် မောင်းခိုင်းနေခြင်းဖြစ်သည်။

"ဒိုင်း. . ဒိုင်း. . ."

ကမ်းဆီမှ သေနတ်သံပေးရင်း စက်လှေလေးနှင့်သဘော်ဆီသို့ လာနေစဉ်၊ လူနှစ်ယောက် သဘော်ဆလင်ခန်းဆီသို့လာနေသည်ကို ပြေနှင့် ဦးစောသာဒိုး တွေ့လိုက်ရသည်။

"မောင်ပြေ. . . ဒီကောင်တွေလူဖြစ်မယ်"

"သေချာတယ်"

ပြေ. . ဖိုးနစ်နှင့် စောသာဒိုးတို့မှာ လာနေသောလူထံသို့ မသိချင်ယောင်ဆောင်ပြီး ထသွားသည်။

"ဟော့ကောင်တွေရပ်စမ်း. . ."

ရှေ့မှလူက ဖွက်ပြီးယူလာသော သေနတ်ကိုထုတ်မည်အပြု၊ ပြေ. . ဝင်ပြီးလုံးထွေးလိုက်သည်နှင့် ဖိုးနစ်ကပါ. . ဘေးအကောင်ကို ဝင်လုံးထွေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွပ် . . ခွပ် . . အီ"

ပြေ . . ခပ်မြန်မြန်ပဲ သေနတ်သမားကို ထိုးချလိုက်
လက်ထဲကသေနတ်ကို ယူထားလိုက်သည်။ ဖိုးနစ်လည်းထို
တူစွာပင် . . .

"ဒိုင်း . . . ဒိုင်း"

မော်တော်နားသို့ ကပ်လာသော စက်လှေတွေကို
ရဲဘော်တွေက အနီးကပ်ပစ်ခတ်သလို . . ပြေတို့လည်း
တော်အနောက်ဘက်ဆီမှ လာနေသောသူတွေကိုပစ်ခတ်သည်

"မောင်ပြေ . . သတိထား"

"ဟုတ်ကဲ့ . . ကဲကွာ"

"ဒိုင်း . . . အား"

မော်တော်ဘေးဘက်သို့ ကပ်လာသောစက်လှေမှ သူ
အချိန်မီပစ်ချလိုက်သည်။

"ဝုန်း . . ဝုန်း"

"ဟာ . . ."

ကမ်းပေါ်ဆီမှ ပုံးပစ်သေနတ်နှင့်ပုံးများဖြင့် လှမ်း
သော်လည်း ကံကောင်းသည်ဆိုရမည် . . ပစ်ခတ်မှုအကွာ
မှုကြောင့် မော်တော်ကိုထိမှန်ခြင်းမရှိ . . မော်တော်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



လာသော ရဲဘော်လေးများနှင့်ပြေတို့(၃)ယောက်၏ စွန့်စွန့်စား စားခုခံမှုကြောင့် သူပုန်တပ်ဖွဲ့တွေ ရှေ့ဆက်ပြီးမလိုက်နိုင်တော့ဘဲ ပြန်ပြီးဆုတ်သွားတော့သည်။

"မောင်ပြေ. . မင်းလက်မှာ"

"ဟုတ်တယ် ဦးလေးဒိုး. . ရှပ်ပြီးမှန်သွားတာ"

"သွေးထွက်များမယ်. . ပတ်တီးစည်းထားလိုက်"

အခြေအနေ အေးချမ်းသွားပြီဖြစ်သောကြောင့် ခရီးသည်အားလုံး ကိုယ့်နေရာကိုယ်ပြန်ပြီး၊ ထိုင်ကြတော့သည်။

"ကျေးဇူးပဲဗျာ. . ခင်ဗျားတို့(၃)ယောက် ဝင်ပြီးမကူရင် မလွယ်လှဘူး"

"ကူညီတယ်ဆိုတာ. . ပြည်သူတစ်ယောက်အနေနဲ့ တာဝန်သိတတ်လို့ပါ"

"ခင်ဗျား ဒဏ်ရာများလား"

"မများပါဘူး ဆရာ. . ဟို(၂)ယောက်ကို ဘယ်လိုလုပ်ခဲ့"

"မြို့ဆိပ်ကမ်းကိုရောက်မှ ဂါတ်တဲဝင်ပြီးပို့ရမှာပေါ့. . ဪ. . ဒါနဲ့ ခင်ဗျားတို့ နာမည်လေးတွေသိသွားချင်တယ်"

"ကျွန်တော်က ပြေပါ. . ဒီဘက်က ဦးလေးဧောသာဒိုး



www.burmeseclassic.com

www.burmeseclassic.com



သူက ဖိုးနစ်လို့ခေါ်တယ်"

"ကျွန်တော်က. . ဒုရဲအုပ် နေဇော်လတ်ပါ"

ပြေကိုလက်ဆွဲနှုတ်ဆက်ပြီး. . မိထားသော သူပုန်(၂

ယောက်ဆီထွက်သွားချိန်တွင်. . .

"ရှင့် ဒဏ်ရာကိုဆေးထည့်ရအောင်နော်"

"ရပါတယ်"

"ရပါတယ် လုပ်မနေပါနဲ့ ယမ်းဆိပ်ကပြင်းတယ် လာပ

သူမ အတင်းခေါ်သဖြင့် လိုက်ခဲ့ရသည်။

"ဒေါ်လေးရေ. . ငယ့်ဆေးအိတ်ပေးပါ"

"အေး. . အေး"

"ဒီက ရေနွေးလေးသွားယူပေးပါလား. . ဒဏ်ရာ

ဆေးကြောပြီး ဆေးထည့်မှအမြန်ဆုံးပျောက်ကင်းမှာ"

"ဟုတ်ကဲ့. . ယူပေးပါ့မယ်"

ဖိုးနစ်. . မော်တော်ပဲ့ပိုင်းဆီကို ထွက်သွားသည်။

"မင်းက. . သူနာပြုဆရာမလား"

ပြေ၏ အမေးစကားကို. . သူမပြုံးလိုက်ပြီး ဘေး

အခေါ်ဖြစ်သူက. . .

"သမီးလေးက ဆရာဝန်တစ်ဦးကွဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . ."

"ရန်ကုန်ဆေးရုံကြီးမှာ တာဝန်ကျနေတာ. . ခု သူ့အဖေနေမကောင်းလို့ ရွာကိုခဏပြန်လာတာ"

သူမ. . သူ့လက်ကဒဏ်ရာကို ဆရာဝန်ပီသစွာဆေးကြောပေးပြီး ဆေးထည့်ပတ်တီးစည်းကာ. . .

"ဆေးတစ်လုံးသောက်တော့ ထိုးရမယ်နော်. . ."

"ဒေါက်တာ ကောင်းသလိုလုပ်ပါ"

"ဒေါက်တာ. . ဒေါက်တာနဲ့မခေါ်ပါနဲ့ရှင်"

"ဟို. . ဟို. . ဒေါက်တာနာမည်မှမသိတာ"

"အဲ. . ဟုတ်သားပဲ၊ ကဲ မှတ်ထား. . သျှင်ငယ်နှောင်း"

"ဟင်. . ."

ထိုအမည်ကို ပြေ. . ငယ်ငယ်လေးကတည်းက ကြားဖူးခဲ့သည်။

ပြေအသက်(၇)နှစ် အရွယ်တုန်းက အိမ်သူနှင့် ဘုရားကြီးပေါ်တွင် ကစားနေတုန်း ဂါဝန်အဖြူလေးနှင့် ဘိုမလေးတစ်ဦးရောက်လာပြီး. . . .

"ဟဲ့. . နင်တို့ ဘာကစားနေတာလဲ"

"ငါတို့က. . ဩဇာစေ့တောက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ပါမယ်ဟာ. . ."

"နင်က ဘယ်သူလဲ. . ရွာမှာတစ်ခါမှ မတွေ့ဖူးဘူး"

"ဟုတ်တယ်. . ငါက ရန်ကုန်မှာနေတာ၊ ငါ့အဖေက ရွာသူကြီးဦးအုံမောင်. . ငါ့နာမည်က သျှင်ငယ်နှောင်းတဲ့"

"ဒါဆို နင်. . တို့နဲ့မကစားပါနဲ့ဟာ"

"ဘာဖြစ်လို့လဲဟ. . နင်တို့က ဈေးကိုင်လိုက်တာ"

"ဈေးကိုင်တာမဟုတ်ပါဘူး. . နင့် အဖေက ငါတို့နဲ့ ကစားတာကို သိရင်. . နင့်ကိုရိုက်မှာ"

"ဟုတ်တယ်ဟဲ့. . ဒို့က မကစားချင်လို့မဟုတ်ပါဘူး. . နင့်အဖေကို ကြောက်လို့ပါ"

"ဘာမှ ကြောက်စရာမလိုဘူး. . ငါ့အဖေက ငါကဒါဆို ရင် ဒါပဲ. . နင်တို့ကိုလည်း လုံးဝမဆူစေရဘူး စိတ်ချ"

"အင်းလေ. . နင်ကစားချင်တယ်ဆိုရင် ကစားပေါ့"

"နင်တို့ နာမည်တွေက ဘယ်လိုခေါ်လဲ"

"ငါက အိမ်သူ. . သူက ပြေတဲ့"

"မှတ်ထားမယ်နော်. . ."

ပြေ၏ အတွေးပုံရိပ်ထဲမှာ. . မြင်ယောင်လာသော ပုံရိပ်နှင့်အတူ သျှင်ငယ်နှောင်း၏ မျက်နှာလေးကို မြင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ာသည်။

"နင့်နာမည်က ပြေနော်"

"ဟုတ်ပါတယ်. . ဒေါက်တာ"

"နင်. . ငါ့ကို မှတ်မိလား ပြေ"

"ဟင့်အင်း. . ."

ပြေ. . တကယ် မသိချင်ယောင်ဆောင်လိုက်ခြင်းဖြစ်

ည်။ ဦးအုံ့မောင်နှင့်ပတ်သက်မှုတွေကို ရှောင်လွှဲလိုက်ခြင်း

်သည်။

"နင်. . ကျွန်းချောင်းသား မဟုတ်ဘူးလား"

"မဟုတ်ဘူး. . ငါက ကဝသားပါ"

"ဒါဆိုရင်. . ငါသိပ်ခင်တဲ့ သူငယ်ချင်းတစ်ယောက်ရဲ့

ည်နဲ့ အရမ်းကိုတူနေတယ်. . သူနဲ့ငါက (၁၀)နှစ်သမီး

ာက်ကတည်းက မတွေ့ကြတာ. . ခုဆိုရင် နှစ်တွေက

ည်းတော့ဘူး. . သူတို့တောင်ရှိသေးရဲ့လား မသိဘူး"

သျှင်ငယ်နှောင်း စကားသံလေးက ပြေတို့ပေါ်မှာ. .

ယာဇဉ်တွယ်ရစ်နေသော အသံလေးပင်ဖြစ်သည်။

ဦးစောသာဖိုးနှင့် ဖိုးနှစ်တို့. . ပြေ လိမ်ညာလိုက်သည်

သဘောပေါက်ပေမယ့်. . ဘာမှဝင်မပြောဘဲနေလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်း. . ဖခင်က ဘယ်သူလဲ"

"ဦးအံ့မောင်ပါ"

"ဪ. . ရွာသူကြီးပဲ သူ့နာမည်ကတော့ မသိတဲ့
မရှိသလောက်ပါပဲ. . ဩဇာသိပ်ပြီးကြီးတာ"

"ခုချိန် ခုကာလမှာ. . ဩဇာအာဏာကြီးတယ်ဆိုတာ
အလ်နီရဲ့ကျောထောက်နောက်ခံမကောင်းတဲ့သူတွေပဲ. . ရှိတော
တယ်. . ဖေဖေက ဒီထဲမှာပါနေသလိုပဲ. . မဖြစ်ပါဘူး၊ ရန်ကုန်
ကို တစ်ခါတည်းခေါ်သွားရမယ်"

ပြောသည်. . သျှင်ငယ်နှောင်းမှ ဦးအံ့မောင်ကိုခေါ်သွား
မည်ဆိုသော စကားကိုလက်မခံနိုင်ပေ။ ပြေ့အတွက် ဦးအံ့မောင်
သည် မဖြစ်မနေပြန်ပြီးလက်စားချေရမည့် လူတစ်ယောက်
မဟုတ်လား. . .

သျှင်ငယ်နှောင်းအတွက် စိတ်ထဲမကောင်းခဲ့ပေမယ့်
မတတ်သာတော့ပေ။ ဘဝ၏ သမိုင်းကြောင်းကိုဆပ်ရမည်မှာ
တာဝန်ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . သျှင်ငယ် ပြန်လာပြီပေါ့"

"ဟုတ်တယ်. . အိမ်သူ. . သူ့အဖေနေမကောင်းလို့ ခဏပြန်လာတာတဲ့. . သူက ဆရာဝန်မကြီးဖြစ်နေပြီ"

"ဖြစ်မှာပေါ့ဟယ်. . သျှင်ငယ်က ဉာဏ်ထက်တယ်၊ ပြီးတော့. . လူလူချင်းစာနာစိတ်သိပ်ရှိတာ. . သူ့အဖေနဲ့တော့ တခြားစီပဲ. . ဒါနဲ့ နင့်ကိုသိသွားလား"

"မသိသွားဘူး ဆိုပေမယ့်. . နာမည်တော့ သူသိသွားတယ်၊ ငါကဆက်ပြီး လိမ်လိုက်ရတာ"

"ဘာလို့ လိမ်ပြောရတာလဲ. . ပြေရယ်၊ သျှင်ငယ်. . တို့နှစ်ယောက်ပေါ်မှာ အရမ်းကောင်းတဲ့သူငယ်ချင်းလေ"

"ဟုတ်ပါတယ်ဟာ. . ဒါပေမယ့် ငါ့အတွက် သူ့အဖေဟာ. . ကမ္ဘာမကျေနိုင်တဲ့လူတစ်ယောက် ဖြစ်နေတဲ့သူဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သျှင်ငယ်နဲ့ ဝေးသလိုပဲနေချင်တော့တယ် အိမ်သူရယ်"

"နင်. . မှတ်မိလားပြေ"

"ဘာကိုလဲ. . အိမ်သူ"

"သျှင်ငယ်နဲ့ ငါတို့နောက်ဆုံးတွေ့ခဲ့ရတဲ့နှစ်လေ. . သူ ပြောခဲ့တဲ့စကားလေးကို. . ခုထိ ငါနားထဲမှာကြားနေတုန်း ပဲဟာ. . ."

ထိုစကားလေးကို ပြေလည်း ခုချိန်ထိမှတ်မိနေဆဲပါ. . သျှင်ငယ်တစ်ယောက်. . ရွာကို တစ်နှစ်တစ်ခေါက် ပြန်လာပြီး. . ပြန်ရမည့်နေ့ကလေး တစ်နေ့ပင်ဖြစ်သည်။

"ပြေနဲ့ အိမ်သူ. . ."

"ဘာလဲ သျှင်ငယ်. . ဟင်. . နင်ငိုနေတယ်"

"ငါ. . မနက်ဖြန်ပြန်ရတော့မယ်"

"ဟယ်. . သျှင်ငယ်ရယ်၊ အရင်နှစ်တွေကလည်း ခုလို ပြန်သွားပြီး ကျောင်းပိတ်တော့ ပြန်လာတာပဲမဟုတ်ဘူးလား. .

"ဒီတစ်ခါ ငါပြန်လာတာ. . နောက်တစ်ခါ ပြန်လာရ တော့မှာ မဟုတ်တော့ဘူး"

"ဟင်. . ."

"ဟယ်. . ဘာ. . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက. . ပြောတယ်. . သူ့သမီးကို ပညာတတ်ကြီးဖြစ်မှပဲ ရွာကိုပြန်လာရမယ်တဲ့. . နှစ်တိုင်းနှစ်တိုင်းလာနေရင် သူ့သမီးတော့စရိုက်တွေဝင်မယ်တဲ့. . ငါဘယ်လိုလုပ်ရမလဲဟင်. . ."

"သျှင်ငယ်ရယ်. . ဘာလုပ်လို့ရမှာလဲဟာ. . နင့်မိဘစီစဉ်တာပဲ. . ."

"ကံမကုန်ရင်တော့ ပြန်ပြီးဆုံမှာပေါ့. . ."

"ပြေနဲ့. . အိမ်သူ"

"ပြောလေ သျှင်ငယ်"

"ငါ. . နင်တို့(၂)ယောက်လုံးကို ကတိတစ်ခုတောင်းချင်တယ်"

"တောင်းလေ. . ."

"ငါ့ကို. . ဟောဒီ မင်းတလွန်ဘုရားကြီးကနေ စောင့်နေဖို့ ကတိပေးပါလား"

"ပေး. . ပါတယ်. . သျှင်ငယ်ရယ်"

ထိုကတိကို ပြေရော. . အိမ်သူပါ မတည်နိုင်ခဲ့တော့ပေ. . ဘာကြောင့်မတည်ရသလဲဆိုတော့ သျှင်ငယ်နှော်သိနိုင်ပြီး. . ခွင့်လွှတ်နိုင်ပါစေ. . .



www.burmeseclassic.com

www.burmeseclassic.com



"နင်. . စိတ်မကောင်းဖြစ်နေလား အိမ်သူ"

"ဟုတ်တယ် ပြေ. . ဦးအုံ့မောင်ပေါ်မှာ မုန်းတီးနာကြည်းစိတ်နဲ့ သျှင်ငယ့်ကိုသတိမထားမိခဲ့ဘူး. . ခု သျှင်ငယ်ဟာ ဦးအုံ့မောင်သမီးဆိုတဲ့ အသိလေးဝင်လာတော့ ရင်ထဲမှာမွန်းကျပ်သွားတယ်"

"ငါလည်း စိတ်မကောင်းဖြစ်ခဲ့ရပါတယ်ဟာ. . ဒါပေမယ့် မတတ်သာတော့ဘူးဟာ. . ဦးအုံ့မောင်ရဲ့ ရက်စက်ယုတ်မာမှုတွေက ဘယ်လိုမှခွင့်လွှတ်လို့ မရနိုင်တော့ဘူး"

"ကိုပြေ. . ကိုပြေ"

"ဘာလဲ. . ဖိုးလစ်"

"ရွာအနောက်ဘက် ချောင်းရိုးမှာ. . စက်လှေတစ်စီးနဲ့ လူ(၅)ယောက်. . လက်နက်တွေနဲ့ရောက်နေတယ်"

"ဟင်. . ."

"သူတို့ ဘာကိစ္စနဲ့ လာတယ်ဆိုတာသိလား"

"မသိရသေးဘူး. . ဖိုးနစ်ကတော့ သွားပြီးစုံစမ်းတယ်"

"ဖိုးလစ်. . ငါလူစုပြီး အခြေအနေကိုစောင့်ကြည့်မယ်. . သိပ်ပြီးမဟုတ်ရင်တော့ တစ်မျိုးရှင်းရတာပေါ့. . သွားကြရအောင်. . အိမ်သူ ဘယ်သွားဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမိုးနိုင်းထားတဲ့ လူနာဆီကို ဆေးသွားပြီးပေးရဦးမယ်"

"သွားလေ"

ဖိုးလစ်နှင့်အတူ ရွာနောက်ဘက်ဆီသို့ထွက်လာတော့ အလံနီတွေက ရွာထဲသို့ရောက်နေလေပြီ။

"ဖိုးနစ် . . ငါတို့ဒီမှာ . . ."

ဖိုးနစ်အနားသို့ရောက်လာပြီး . . .

"သူတို့ဘာလာရှာတာလဲ"

"ဒီကောင်တွေ လမ်းကြုံဝင်လာတာပါ . . ပုံစံတွေက မဟုတ်တာလုပ်မယ့်ပုံစံပဲ ကိုပြေ . . ရွာထဲက မိန်းကလေးတွေကို အတင်းအဓမ္မဆွဲခေါ် ဖို့ပြောနေတာ ကြားတယ်"

"ဟာ . . ဒါဆို မဖြစ်ဘူး . . ရွာထဲမှာအစအနဖျောက်ရမယ် . . လက်နက်နဲ့ငါတို့လူတွေစုပြီး နောက်ကနေလိုက်သွားမယ်"

"ဟုတ်ကဲ့ ကိုပြေ"

ပြေတို့ဝှက်ထားသော လက်နက်များကိုယူပြီး အလံနီတွေနောက်ကိုလိုက်ခဲ့ကြတော့သည်။ ထိုအချိန်တွင် ဆေးထိုးပေးပြီးပြန်လာသော အိမ်သူနှင့်အလံနီတပ်ဖွဲ့တွေ လမ်းကြုံသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။

"အိမ်သူ"

"ဟင်. . ရှင်. . ဟန်ထွေး. . ."

"သိပ်ပြီးဟုတ်တာပေါ့ဗျာ. . မင်း အချုပ်ထဲပို့လိုက်တဲ့ ဟန်ထွေး. . ခုတော့ဟန်ကျတယ်. . တစ်ခါတည်း ခေါ်သွားရ တာပေါ့"

"ရှင်. . ရှင်. . အနားမကပ်နဲ့နော်"

"ဘာလဲ မင်းက အော်မလို့လား. . ဟား ဟား ဟား. . ငါ့လိုလူကို ဒီရွာက ဘယ်ခွေးမသားမှ ထွက်ပြီးတားရဲမှာလဲ. . ခုဆို ကျောင်းဆရာမဟုတ်တော့ဘူး. . အလံနီအမာခံကေဒါ တစ်ဦးကွ. . ဆွဲခေါ်စမ်းကွာ"

"လူယုတ်မာ. . လွှတ်. . လွှတ်"

ပြေတို့ အားလုံးကို မြင်ကွင်းကို မြင်တွေ့နေရပေမယ့် ဝင်ပြီးမကယ်ပေ. . ရွာထဲမှာ ပစ်ခတ်မှုတွေ မပြုလုပ်ချင်သော ကြောင့် ရွာအပြင်ထွက်သည်အထိနောက်မှ လိုက်သွားသည်။

"ဖိုးနစ်. . မင်းတို့အဖွဲ့က ရှေ့ကပိတ်ထားလိုက်. . ပြေး ထွက်လာတဲ့ကောင်တွေကို တစ်ယောက်မကျန်ရှင်းပစ်ဖြစ်မယ်"

"စိတ်ချ. . ကိုပြေ"



www.burmeseclassic.com

www.burmeseclassic.com



"ဗီလစ်. . မင်းက ဒီကောင်တွေစက်လှေကို အစသွား ပြီးဖျောက်လိုက်တော့. . ငါက ရွာအပြင်ရောက်တာနဲ့ ဒီကောင် နဲ့ရှင်းမယ်"

"ဟုတ်ကဲ့"

တာဝန်ကိုယ်စီခွဲပြီး ဟန်ထွေးနောက်ကို လိုက်ခဲ့ကြပြီး ရွာအပြင်သို့ရောက်သည်နှင့်. . .

"မောင်ကျောက်"

"ဗျာ. . ဆရာ. . ."

"ရွာထဲက တစ်ကောင်ကို သွားပြီးခေါ်ခဲ့စမ်း. . ပြေဆို တဲ့ ကောင်ကိုပါ. . တစ်ခါတည်း ဖမ်းသွားနိုင်အောင်သူ့မိန်းမ နဲ့ အလဲအလှယ်လုပ်ပြီး ဖမ်းရမယ်. . ဟား ဟား ဟား"

"မင်းအလဲအလှယ်လုပ်စရာမလိုဘူး ဟန်ထွေး"

"ဟင်. . ငပြေ. . ."

"သိပ်ဟုတ်တာပေါ့ကွာ. . ဟန်ထွေး. . မင်းတို့ အတွက် ဒီနေ့ဟာ ကံကောင်းခြင်းမရှိတော့ဘူး"

"ဘာကွ. . မင်းလိုကောင်က ဘာမို့လို့လဲ"

"ငါ ဘာကောင်လဲဆိုတာ မင်းသိရမှာပေါ့. . မင်းတို့ အေးဆေးသက်သာ အဖမ်းခံမလား. . ဒါမှမဟုတ်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ငါတို့က ရက်စက်တယ်လို့ မထင်နဲ့နော်"

"ဟော့ကောင်တွေ"

"မင်းကောင်တွေကို အမိန့်ပေးမနေနဲ့. . မင်းဘေးနဲ့ ရှေ့တွေကို အရင်လေ့လာလိုက်ဦး"

"ဟင်"

သူတို့အားလုံးကို ပိတ်ဆို့ထားလိုက်ပြီဆိုသည်ကို သဘောပေါက်သွားသည်။ ဟန်ထွေးထွက်ပေါက်က အိမ်သူကို ဓားစာခံလုပ်ပြီး ထွက်ဖို့ပဲရှိသောကြောင့် အိမ်သူကို လှမ်းဖြီး အဆွဲ. . .

"ဒိုင်း"

"အ"

ပြေ၏ သေနတ်ပစ်ချက်က မြန်ဆန်စွာ. . ပေါင်ကို ထိမှန်သွားချိန်တွင် အိမ်သူပြေ့ဆီကိုပြေးထွက်လာတော့သည်။

"အိမ်သူ. . ဝပ်လိုက်"

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

ဟန်ထွေးတစ်ယောက် မာန်မလျှော့ဘဲ ပြန်ခုခံဖန် သောကြောင့် သေနတ်သံတွေ ဆူညံပွက်လောရိုက်ပြီး ဟန်ထွေး တို့(၅)ဦးစလုံး ပြေတို့၏ကျည်ဆံအောက်တွင် အသက်ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



ကင်းမဲ့သွားခဲ့တော့သည်။

"စိတ်မကောင်းပါဘူးကွာ"

"မြေ့. . ."

"အိမ်သူ"

သွေးစွန်းနေသော မြေ၏လက်ကလေးကို အိမ်သူဆုပ်ကိုင်လိုက်ပြီး. . .

"နင့်လက်တွေတကယ်ပဲ သွေးစွန်းခဲ့ပြီနော်. . ."

"အိမ်သူရယ်. . အရာရာတိုင်းဟာ ကိုယ့်သဘောနဲ့ဖြစ်ခဲ့ရတာမှမဟုတ်တာ. . ကံကြမ္မာက ခိုင်းစေခဲ့တဲ့အတိုင်း မဖြစ်မနေလုပ်နေရတာ မတတ်နိုင်ဘူး. . ."

"ဟုတ်ပါတယ်ဟာ. . တို့(၂)ယောက်ဘဝအတွက် ကံကြမ္မာက ဒီကကွက်လေးအတိုင်းကဖို့ ညွှန်ကြားခဲ့ပြီးပြီဆိုတော့ ဒီအပေါ်မှာ အကောင်းဆုံးကမွည်းတစ်ခုကို ထိုးနိုင်ဖို့ပဲလိုပါတယ်"

"ဦးလေးဒိုးက ပြောတယ် အိမ်သူ. . ."

"ဘာကိုလဲ"

"ခုပုံစံအတိုင်းဆို အလံနီတပ်တွေရဲ့ အခြေအနေက သိပ်ပြီးမကောင်းတော့ဘူးတဲ့. . ငါတို့တိုက်ပွဲတွေလည်း အများ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးတစ်နှစ်လောက်ပဲတဲ့ ဒီကာလကြီး ပြီးဆုံးသွားပြီဆိုရင် နင်နဲ့ ငါတို့ဘဝလေးသာယာလှပစွာတည်ဆောက်နိုင်ပါပြီ. . သွားတော့ ရအောင်. . အိမ်သူ"

ဟန်ထွေး အပါအဝင် သေဆုံးသူတွေကို ဖီးလစ်တို့ တစ်တွေ သယ်ယူပြီး လက်စဖျောက်နေလေပြီ. . . မြေ့သမိုင်း မှတ်တမ်းထဲက ဟန်ထွေးဆိုသူကို ဖျောက်ပစ်နိုင်ခဲ့ပြီ မဟုတ် လား။



www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောတယ်. . ဟန်ထွေးတို့အုပ်စုတွေ တစ်ယောက်မှပြန်မလာဘူး. . ဟုတ်လား ကြယ်နီ"

"ဟုတ်တယ် သူကြီး. . ခုဆို ပြန်မရောက်တာ (၃)ရက်ရှိပြီ"

"ဒီကောင်တွေခရီးလွန်နေတာလား"

"မဖြစ်နိုင်ဘူး. . ကျွန်တော်တို့စက်လှေနဲ့ ရှေ့ဆင့်နောက်ဆင့် မောင်းပြီး နောက်မှာကျန်ခဲ့တာ"

"ကြယ်နီ. . မင်းနဲ့ဟန်ထွေးတို့ အဆက်အသွယ် ပြတ်သွားတာ ဘယ်နေရာလဲ"

"ကရင်ရွာစုလေးနားမှာ အင်း. . ကျွန်တော်တို့အရှေ့ရွာစုနားကိုရောက်တော့ သေနတ်သံတွေကြားရတယ်. . အရမ်းဝေးတော့ မသဲမကွဲဘဲ သူကြီး"

"မင်းငါ့ကိုဘာလို့ခုမှပြောရတာလဲ ကြယ်နီ"



www.burmeseclassic.com

www.burmeseclassic.com



"သူကြီး သိတဲ့အတိုင်း . . ပြန်ရောက်လာပြီးကတည်း ထ အလံနီတပ်တွေအတွက် ရိက္ခာသွားပြီးပို့ပေးနေရတာ ခု ပြန်ရောက်တာလေ. . ."

"ဟန်ထွေး . . တစ်ခုခုဖြစ်ပြီ ထင်တယ်. . ကျွားနီ"

"ဗျာ. . သူကြီး"

"မင်း ဒီသတင်းကိုရအောင်စုံစမ်း. . ကရင်စုရွာထ အပြင်ကနေကြည့်ရင် ဘာမှမလှုပ်မယှက်တဲ့ရွာလို့ထင်ရပေမယ့် အတွင်းမှာ လျှို့ဝှက်ချက်တွေရှိရမယ်"

"သူကြီးပြောသလို ကျွန်တော်လည်းဒီရွာစုကို မသင်္ကာ ဖြစ်နေတာ ကြာပြီ. . ဟိုကောင်နဲ့ကောင်မခြေရာပျောက်သွား တာ. . ဒီရွာစုနားမှာပဲ"

"ငပြေနဲ့အိမ်သူသင်္ကာင်း ဘာကြားလဲ. . ."

"ဟိုတလောကတော့ ငပြေ့ကို မော်တော်ပေါ်မှာတွေ့ လိုက်တယ်"

"သူတစ်ယောက်တည်းလား"

"ဒါတော့ တိတိကျကျမသိရသေးဘူး သူကြီး"

"ကြယ်နီ. . မင်းကိုရဲဘော်နိုင်ကိုက ဘာတွေမှာလိုက် လဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့တပ်တွေရွာကိုလာဦးမယ်တဲ့ သူကြီးနဲ့တိုင်ပင်ရောရှိလို့တဲ့"

"ဘယ်နေ့လဲ. . ."

"ဒီနေ့နဲ့မနက်ဖြန်တစ်ရက်ရက်တဲ့"

"ဒါဆိုရင် ကျားနီ. . ရဲဘော်နိုင်ကိုတို့ သောက်ဖို့အတွက်ရော စားဖို့အတွက်ရော. . ပြင်ဆင်ထားဦး"

"စိတ်ချပါ. . ကြယ်နီ. မင်းနဲ့ငါနဲ့ရွာထဲ ကြက်ရရ ဝက်ရရသွားပြီးဆွဲရမယ်"

"အင်း"

ကျားနီမောင်နှင့်ကြယ်နီထွက်သွားပြီး အိမ်ပေါ်ထပ်မှ သျှင်ငယ်ဆင်းလာသည်။

"အဘ"

"ဩော်. . သမီးလေး. . လာကွယ်"

သျှင်ငယ် ဦးအုံ့မောင်ဘေးတွင် ဝင်ထိုင်လိုက်ပြီးနောက်. . .

"အဘ. . သမီးခွင့်က သိပ်ပြီးမရဘူးနော်"

"ဘာလဲ. . သမီးက ပြန်ချင်နေပြီလား"

"အစိုးရဝန်ထမ်းဆိုတာ ကိုယ့်ကိုယ်ကို မပိုင်ဘူး အဘ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့. . သမီးအဘကို ပြောစရာရှိတယ်"

"ဘာများလဲ. . ပြော သမီး"

"အဘ အလံနီတပ်တွေနဲ့ပေါင်းပြီး အစိုးရဆန့်ကျင်ရေး တွေ လုပ်နေတာလားဟင်"

"ဟုတ်တယ် သမီး. . အဘက သူတို့ရဲ့ နိုင်ငံရေးဝါဒ တွေကို မသိဘူး. . အဘသိတာက အဘလက်ထဲမှာ အာဏာရဲ့ ဩဇာရှိနေဖို့ပဲ"

"အဘလုပ်နေတာတွေဟာ သိပ်ပြီးမတရားဘူးဖြစ်နေ တယ်. . ရွာသူကြီးဆိုတာ ကိုယ့်ရွာသူရွာသားတွေကို ကာ ကွယ်ပေးဖို့လေ၊ ခုတော့. . အဘက အလံနီတွေအတွက် ရွာသူ ရွာသားတွေကို အနိုင်ကျင့်နေသလိုဖြစ်နေပြီ"

"ဒါကတော့ သမီးရယ်. . အလံနီတွေမကြိုက်တဲ့အလုပ် ကို လုပ်ရင် အသတ်ခံရမှာပေါ့. . ."

"သမီး ရွာကိုစပြီးရောက်ကတည်းက ကြားရသ လောက်ကတော့ အလံနီတပ်တွေထက် အဘတပည့်တွေက ပိုပြီးရက်စက်နေတယ်"

"သမီးလေး. . ကိုယ့်ကိစ္စမဟုတ်တာတွေကို ပြောမနေ နဲ့ကွာ. . ရွာကို သမီးလေးရောက်ချိန်မှာဒီအကြောင်းတွေပြော



www.burmeseclassic.com

www.burmeseclassic.com



ခနေနဲ့နော်. ."

"မပြောလို့မရဘူး အဘ. . ဘာလို့လဲဆိုတော့ သမီးဟာ လူတွေရဲ့အသက်ကို ကယ်တင်နေတဲ့သူ အစိုးရဝန်ထမ်း အဘကျတော့ လူတွေသတ်ဖြတ်နေတဲ့သူဖြစ်နေတယ်. . အဘ အသက်အရွယ်လည်းကြီးပါပြီ. . သမီးနဲ့မြို့မှာလိုက်နေပြီး အေးအေးချမ်းချမ်းနေပါလား အဘရယ်. . ."

"လိုက်လို့မရဘူး သမီး. . အဘမှာ သမီးမသိတဲ့ကိစ္စတွေအများကြီးရှိတယ်. . ခု သမီးကိုအဘခေါ်လိုက်တာ အကြောင်းရှိတယ်. . သမီးလေးအိမ်ပေါ်ကို လိုက်ခဲ့. . ."

ဦးအံ့မောင် ခေါ်ဆောင်သည့်နောက်ကို. . သျှင်ငယ်နှောင်း လိုက်သွားခဲ့သည်။အပေါ်ထပ်အခန်းထဲမှ သံသေတ္တာတစ်လုံးကို မယူလာပြီး. . သျှင်ငယ်နှောင်းရှေ့တွင်ချတာ. . .

"သမီး. . ဒီမှာကြည့်စမ်း"

"ဟင်"

၎င်းသေတ္တာထဲတွင် ရွှေနှင့်ရတနာပစ္စည်းများစွာကိုတွေ့ လိုက်ရသည်။

"အဘ. . ဒါတွေ ဘယ်သူ့ပစ္စည်းတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



သျှင်ငယ်နှောင်းတို့ချမ်းသာပေမယ့် ဒီလောက်ထိချမ်းသာစရာမရှိနိုင်ပေ. . ဒီပစ္စည်းများကို အဘအနေဖြင့် ကောင်းသောနည်းဖြင့် ရခဲ့ခြင်းမဖြစ်နိုင်ပေ. . .

"ဘယ်သူ့ပစ္စည်းရမှာလဲ သမီးရယ်. . အဘပစ္စည်းတွေလေ. . သမီးလေးအတွက် အဘရှာဖွေထားတာပေါ့"

"ဟင့်အင်း. . ဟင့်အင်း. . သမီးအတွက်ဒါတွေ မလိုအပ်ဘူး အဘ. . သမီးပညာနဲ့သမီးဘဝတင်မကဘူး. . အဘကိုပါ မပူမပင်နေနိုင်အောင် ထားလို့ရပါတယ်"

"သမီး. . ဘာစကားမှမပြောနဲ့. . သမီးပြန်ရင် ဒီထဲကပစ္စည်းတချို့ကို ယူသွားရမယ်"

"အဘ"

"ဘာစကားမှထပ်မပြောနဲ့တော့ သမီး. . အဘလုပ်နေတာတွေဟာ ရည်ရွယ်ချက်ရှိတယ်. . ."

"သူကြီး. . သူကြီး. . ."

"ဘာလဲ. . ကြယ်နီ"

အောက်ထပ်မှ လှမ်းပြီးခေါ်လိုက်သောကြောင့်. . သျှင်ငယ်နှောင်း စကားဆက်ပြီးမပြောတော့ဘဲ. . ဦးအို့မောင်အောက်ကိုဆင်းသွားသည်။ သျှင်ငယ်နှောင်းကတော့ အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မှာပဲ ကြေကွဲဝမ်းနည်းစွာကျန်ရစ်ခဲ့တော့သည်. . . သျှင်ငယ်နှောင်း ရွာလေးကိုစပြီးရောက်သည့်နေ့ကတည်းက ပြေနဲ့ အိမ်သူတို့ပေါ်မှာ ဖခင်ဖြစ်သူ၏ရက်စက်မှုသတင်းတွေကို ကြားခဲ့ရပြီးဖြစ်သည်။

"ပြေ. . ငါကို ဒါကြောင့် မော်တော်ပေါ်မှာ သူစိမ်းလို ဆက်ဆံသွားခဲ့တာကိုး. . ပြေနဲ့အိမ်သူရယ်၊ နင်တို့နှစ်ယောက်ကို အရမ်းတွေ့ချင်တယ်ဟာ. . ငါ့အဖေပြုခဲ့တဲ့အပြုအမူတွေအတွက် နင်တို့ကိုတောင်းပန်ချင်ပါတယ်. . ငါ့ပေါ်မှာ နားလည်ပေးနိုင်ပါစေဟာ. . ."

သျှင်ငယ်နှောင်း. . အောက်ထပ်သို့မဆင်းဘဲ၊ အပေါ်ထပ်မှကြည့်လိုက်တော့ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဝင်လာသည်ကို တွေ့လိုက်ရသည်။ သျှင်ငယ်နှောင်းစိတ်ထဲမှာ အလံနီတပ်ဖွဲ့တွေဟု ထင်မိလိုက်သည်။

"ရဲဘော်နိုင်ကိုတို့က ရောက်မယ့်ရောက်တော့လည်း ချက်ချင်းကြီးပါပဲလား. . ."

"ဟုတ်တယ် သူကြီးရေ. . ကိစ္စက သိပ်ပြီးအရေးကြီးလာလို့"

"ဘာများလဲ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်နိုင်ကိုက ပတ်ဝန်းကျင်ကို မျက်လုံးကစားလိုက်သောကြောင့်. . .

"စိတ်ချပြီးသာ ပြောပါ. . ဘယ်သူမှမရှိပါဘူး"

"ခု လာမယ့် လပြည့်နေ့မှာ. . ရန်ကုန်ကနေ အစိုးရသင်္ဘောတစ်စီးလာမယ်. . ဒီသင်္ဘောပေါ်မှာ စစ်တပ်က(၁၀)ယောက်ဦးစီးပြီးလာလိမ့်မယ်. . မော်ကျွန်းဘက်ကိုသွားမှာအရှင်းဆုံးပြောရရင် ဒီသင်္ဘောပေါ်မှာ ကျုပ်တို့အတွက်အရေးပါတဲ့ ပစ္စည်းတွေပါလာမယ်. ဒါတွေကို ဖြတ်တိုက်ပြီးလုရမယ်"

"ကျုပ်တို့က ဘယ်လိုကူရမလဲ"

"ရန်ကုန်က အထွက်ကတည်းက သူကြီးရွာသား(၅)ဦးလောက်ကို ထည့်ပေးပြီးမိုင်းဆင်ဖို့ပဲ. . ပြီးတော့ မြစ်ကြောကသူကြီးတို့မြစ်ဘက်ခြမ်းက ဖြတ်မောင်းသွားမှာဆိုတော့. . မိုင်းကိုသူကြီးတို့ရွာအထွက်မှာဖောက်ခွဲပြီး. . ကျုပ်တို့ဝင်စီးမယ်. . ကျုပ်ပြောတာကို သူကြီးသဘောရောပေါက်ရဲ့လား"

"ပေါက်. . ပေါက်ပါတယ်"

"မနက်ကျ. . ကျုပ်တို့တပ်ထဲက ဖောက်ခွဲရေးသမားက လိုအပ်တာကို သင်ကြားပေးလိမ့်မယ်. . သူကြီးတို့ဘက်က လူရွေးချယ်ထားပါ. . ကျုပ်တို့သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ရဲဘော်နိုင်ကို နေပါဦး၊ စားသောက်ဖို့အတွက် ပြင်ဆင်ထားတယ်"

"ကောင်းပြီ. . စားသောက်ပြီးမှ သွားကြတာပေါ့၊ ဧည့် သူကြီး. . ."

"ဘာများလဲ"

"ဘာတွေလိုအပ်တာရှိလဲ. . ဟိုဘက်ရွာက သူကြီးကို ဖြုတ်ပြီး၊ သူကြီးကိုအပိုင်စားပေးတာရော ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ်. . ဒါကြောင့် ရဲဘော်နိုင်ကိုကို အားကိုးနေတာ. . တစ်ခုတော့ အကူအညီတောင်းချင်တယ်"

"ဘာများလဲ ပြောပါဦး. . ."

"ကျုပ်တူလေး ဟန်ထွေး. . ကရင်ရွာစုနားမှာ ပျောက်သွားတာ (၃)ရက်ရှိပြီ. . ဘာသတင်းမှ မရဘူး"

"ကရင်ရွာစုလေးက ခပ်အေးအေးရွာပဲ. . သူကြီးတူ ဘယ်မှာသွားပြီးခြေရှုပ်နေလဲမှ မသိတာ"

"ဒီကောင် ဘယ်လောက်ခြေရှုပ်ရှုပ် သတင်းတော့ပြန် ပြီးပို့တယ်. . ခုဟာက လုံးလုံးအစပျောက်နေတာ"

"ကျုပ်တပ်တွေဆီကို စုံစမ်းခိုင်းပေါ့မယ်. . ဘာမှမပူပါနဲ့၊ မပူပါနဲ့ဆို. . သူကြီးကိုပြောထားရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ရှဲဘော်နိုင်ကို"

"ခင်ဗျားတပည့်တွေ သိပ်ပြီးအတင့်မရဲစေနဲ့. . ဟိုတလောက ဟိုဘက်မှာစားပြဝင်တိုက်တာ ကျုပ်တို့တပ်တွေနဲ့တွေ့လို့ တော်သေးတာပေါ့. . ဟိုခွဲထွက်ရေးတပ်တွေနဲ့ဆို မလွယ်ဘူး. . ."

"ကျေးဇူးတင်ပါတယ် ဗျာ. . ကျွန်နို ပြောလို့သိပြီးပါပြီ ခုရက်ပိုင်းမှာတော့ ဘာမှမလုပ်ခိုင်းပါဘူး. . ကျွန်နို အဆင်သင့်ဖြစ်ပြီလား"

"ဖြစ်ပြီ. . သူကြီး"

"ကဲ. . သွားကြစို့"

"ကောင်းပြီ"

သျှင်ငယ်နှောင်း ကြားလိုက်ရသောစကားလုံးတွေက တုန်လှုပ်ချောက်ချားဖွယ်ကောင်းနေလေပြီ. . ဖခင်ဖြစ်သူ၏ လုပ်ရပ်တွေက အရမ်းကိုကြောက်မက်ဖွယ်ကောင်းနေလေပြီ ခုလည်း. . ရက်စက်လှသော အလုပ်ကြီးကို ဖခင်ဖြစ်သူလုပ်ကိုင်တော့မှာ သျှင်ငယ်နှောင်း ဘာလုပ်ရမှန်းမသိတော့ပေ. . ဖခင်ဖြစ်သူကို တားမည်ဆိုရင် ဘယ်လိုမှတား၍မရနိုင်ပေ။

"ဟော့. . . သျှင်ငယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . မြလေးစံ"

မြလေးစံက ကျွန်းချောင်းကျေးရွာသူလေးဖြစ်သလို သျှင်ငယ်နှင့် မြို့မှာအတူလိုက်ပြီးနေပေးခဲ့သော သူငယ်ချင်းဖြစ်သည်။

သျှင်ငယ်နှောင်း အောက်သို့ဆင်းလာပြီး. . .

"အပြင်သွားရင်ကောင်းမယ်. . နင့်ခြံထဲမှာက ဟိုအလံနီကောင်တွေနဲ့"

"အေး. . သွားကြမယ်"

မြလေးစံလက်ကလေးကို ဆွဲပြီး. . အပြင်သို့ထွက်လာခဲ့ကြသည်။

"သျှင်ငယ်. . ."

"ဘာလဲ. . မြလေးစံ"

"ဒီအလံနီကောင်တွေ ခုတစ်ခေါက်လာတာ ပုံစံတစ်မျိုးပဲနော်. . ."

"ဟုတ်တယ် မြလေးစံ. . သူတို့ကြောက်စရာကောင်းတဲ့အကြံအစည် တစ်ခုကိုလုပ်ကြတော့မယ်"

"ဟယ်. . ဘာလုပ်မှာလဲဟင်"

"နင်သိတော့ရော ဘာမှကူညီနိုင်မှာ မဟုတ်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"သျှင်ငယ်. . နင် ပြောမှာသာပြောပြပါဟာ. . လူတွေ ဒုက္ခရောက်မယ့်ကိစ္စဆိုရင်တော့ ငါတက်နိုင်တဲ့ဘက်က ကူညီရမှာပေါ့"

"နင်ကူညီနိုင်မလား. . ."

"သျှင်ငယ်. . နင့်ကို ငါယုံကြည်လို့ ပြောပြမယ်. . ငါက ဒီရွာမှာသူလျှိုလုပ်ပေးနေတဲ့သူ. . ."

"ဟယ်. . ."

"သူလျှိုဆိုလို့ အလံနီတပ်တွေရဲ့ မတရားလုပ်ရပ်တွေကို ကာကွယ်နိုင်ဖို့အတွက် လုပ်နေတာ"

"အစိုးရတပ်ကို သတင်းပေးတာပေါ့"

"အစိုးရတပ်နဲ့က ချက်ချင်းဆက်သွယ်လို့ မလွယ်ဘူး"

"ဒါဆို. . ."

"အလံနီတပ်တွေကို ဆန့်ကျင်တိုက်ခိုက်နေတဲ့. . အဖွဲ့တစ်ဖွဲ့ရှိတယ်. . သူတို့ကိုသတင်းပေးလိုက်ရင်တော့ တက်နိုင်သလောက် ကယ်တင်နိုင်မှာပါ"

"ဒါဆိုရင် ကောင်းတာပေါ့. . မြလေးရယ်၊ ခုလည်းမယ့်လပြည့်နေ့မှာ × + - × - × + - × - × + - × - × + - × - × + - × - × + - × -"



www.burmeseclassic.com

www.burmeseclassic.com



သျှင်ငယ်. . အကြောင်းစုံကို ဖွင့်ပြောပြလိုက်သည်။

"တော်တော် ရက်စက်ပါလားဟာ. . ဒီနေ့က (၁၃)ရက် ဆိုတော့ ကြားမှာ (၂)ရက်ပဲလိုတော့တယ်၊ ဟူး. . တော်ပါသေးရဲ့ဟာ၊ နင့်ဆီကဒီသတင်းကြားရလို့. . ဪ. . သျှင်ငယ်"

"ဘာလဲ မြလေးစံ"

"ဒီအဖွဲ့ကိုခေါင်းဆောင်တဲ့သူက ဘယ်သူလဲဆိုတာ နင်သိရင် အရမ်းအံ့ဩသွားမယ်"

"ဘယ်သူလဲ. . ."

"ပြေ"

"ဟင်. . ."

သျှင်ငယ်နှောင်း ရင်တစ်ခုလုံး တုန်လှုပ်သွားခဲ့လေပြီ။

"မြလေးစံ. . ."

"နင်. . ဘာပြောချင်လဲ သျှင်ငယ်"

"နင်. . ပြေနဲ့ဆုံနိုင်မလား"

"ဆုံနိုင်တယ်. . ."

"ဒါဆို ငါစာလေးတစ်စောင်ရေးပေးလိုက်မယ်. . ပြေ ပေးပေးပါ"

www.burmeseclassic.com



"ကောင်းပြီ. . နင်ရေးထားလေ၊ မနက်ဖြန်မနက် ငါ ဝင်ယူပြီး တစ်ခါတည်းသွားမယ်"

"အေး. . အေး. . ."

အဝေးဆီမှ'ဆည်းလည်းခတ်သံလေးကြောင့် သျှင်ငယ် လှမ်းပြီးကြည့်လိုက်တော့. . ပြေနှင့်ဆုံခဲ့သော စေတီလေးကို ဖူးမြော်လိုက်ရလေသည်။ တစ်ခါက ပြေနဲ့သူ ပြောခဲ့ဘူးသော စကားသံလေးတွေကို ပြန်ပြီးကြားယောင်နေမိသည်။ သျှင်ငယ် ကျောင်းပိတ်၍ ရွာကိုပြန်လာသည့်နေ့ကလေး တစ်နေ့ပင်. . .

ပြေ တစ်ယောက်. . ပလိုင်းလေးကို သိုင်းလွယ်ပြီး ကွန်လေးကိုကိုင်ပြီး ခေါင်းငိုက်စိုက်နှင့် လာနေသည်ကို. . သျှင်ငယ်လှမ်းပြီးတွေ့လိုက်ခြင်းကြောင့်. . .

"ပြေ. . ဟေ့ ပြေ. . ."

"ဩော်. . သျှင်. . နင်ဘယ်နေ့က ရောက်တာလဲ"

"မနေ့ညနေတုန်းက ရောက်တာ. . ပြန်ရောက်ရောက် ချင်း ထွက်လာလို့မရတာနဲ့ ခုမှထွက်လာရတာ အိမ်သူရော. .

"သူ့အဖေ ရလာတဲ့အမဲကိုဖျက်ပြီး. . လိုက်ရောင်းနေ တယ်. . ."

"ပြေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . သျှင်ငယ်"

"နင့် မျက်နှာမကောင်းပါလား . . ဘာဖြစ်လာလို့လဲ"

"ဘာ . . ဘာမှမဖြစ်ပါဘူး"

"နင်မညာပါနဲ့ဟာ . . နင်တစ်ခုခုဖြစ်လာတာမဟုတ်လား . . မှန်မှန်ပြော . . ငါကလိမ်တဲ့သူဆိုအရမ်းမုန်းတာ"

"ငါမပြောချင်လို့မဟုတ်ပါဘူးဟာ . . နင်သိတော့လည်း စိတ်မကောင်းဖြစ်တာပဲ အဖတ်တင်မှာပေါ့"

"အပိုတွေပြောမနေနဲ့ . . ပြောမှာသာပြော"

"ဒီမှာလေ . . ."

"ဟယ် . . ဘာလဲဟ"

ပြေက သူကိုင်ထားသော ကွန်ကိုပြလိုက်သည်။ တချို့နေရာတွေက ပြဲဆုတ်နေသည်ကိုတော့ တွေ့ရပေမယ့် . . သျှင်ငယ် . . ဘာမှနားမလည် . . .

"ဒီကွန်က ငါ့ရွာထဲက မုဆိုးမဒေါ်လုံးဆီက ငှားလာတာ . . ခုတော့ ငုတ်နဲ့ငြိပြီးဆုတ်သွားပြီ . . ဘယ်လိုလုပ်ပြီး လျော်ရမှန်းတောင် မသိပါဘူးဟာ"

"ပြေ . . ."

"သျှင်ငယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကွန်က ဘယ်လောက်တန်လို့လဲ. . ."

"(သုံးရာ)ကျော်လောက်တော့ တန်မယ် သျှင်ငယ်. . ဒီပိုက်ဆံကို ငါဘယ်လိုရှာပြီး ဆပ်နိုင်မှာလဲ. . နောက်ဆုံး ကွန်လေးကို ပြန်ပြီးဖာရင်တောင် (၅၀)လောက်ကျမယ်. . ဒီငွေတောင် ငါ့မှာမရှိဘူး. . ."

"နင်. . ဘာမှမပူနဲ့ ပြေ"

"သျှင်ငယ်. . နင်စိုက်ပေးမလို့လား"

"ဟုတ်တယ်"

"ဟာ. . မလုပ်ပါနဲ့ဟာ၊ တော်ကြာ နင့်အဖေသိသွားရင် ငါ့ကိုရိုက်နေပါဦးမယ်"

"ပြေရာ. . ငါက အဖေသိအောင်ပေးပါ့မလား၊ ပြီးတော့ သူတို့ပိုက်ဆံ မဟုတ်ဘူး. . ငါ့ကျောင်းမုန့်ဖိုးထဲက စုထားတဲ့ပိုက်ဆံ. . နင်အပိုင်သာဝယ်လိုက် ဒါမှ နောက်တခါ. . နင် ဆူမျှား ဆီကာ သွားပြီးမငှားရမှာ"

"သျှင်ငယ်. ."

"ဘာမှ စကားဆက်ပြီးပြောမနေနဲ့. . ရော့. . နင်နဲ့ အိမ်သူစားဖို့ ငါဝယ်လာတဲ့ကိတ်ခြောက်. . ယူထား ညနေ(၅) နာရီ ဘုရားကစောင့်နေ. . ငါ သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သျှင်ငယ်. . ."

သျှင်ငယ်နှောင်းပေးခဲ့သော မုန့်ထုပ်ကလေးကိုကိုင်ပြီး ပြေတစ်ယောက် ကျန်ခဲ့သည်ကို. . သျှင်ငယ်နှောင်း အဝေးရောက်မှ တစ်ချက်လှည့်ပြီး ကြည့်လိုက်သည်အထိ ပြေတစ်ယောက်ရပ်လျက်နေသည့်ပုံလေးကို ခုထိ. . သျှင်ငယ်မျက်လုံးထဲက မထွက်နိုင်ခဲ့ပေ။

သတိရခြင်းများနှင့်အတူ. . သောက အပူလှိုင်းတွေက ခိုက်ခတ်နေလျက်. . .။

www.burmeseclassic.com

www.burmeseclassic.com

မြလေးစံဆီက ရခဲ့သောသတင်းကြောင့် ပြေတို့
အားစု (၁၀)ယောက်. . အလံနီတပ်တွေ ပစ်မှတ်ထားသေ
နေရာတွင် ပုံစံမျိုးစုံနှင့် စောင့်နေပြီး. .

"မောင်ပြေ. . ."

"ဟုတ်ကဲ့. . ပြောပါ ဦးလေးဖိုး"

"ခု တိုက်ပွဲက အရင်တိုက်ပွဲတွေထက်ကြမ်းမယ်. .
ပြီးတော့ သဘော်ာပေါ်မှာလိုက်ပါလာတဲ့ကောင်တွေလက်ထဲ
မိုင်းတွေကိုအရင်လက်ဦးမှုရအောင် ယူရမယ်"

"ဒါဆို. . ဘယ်လိုလုပ်မလဲ ဦးလေးဖိုး"

"မင်းနဲ့ ဖိုးလစ်တို့(၂)ဦး သဘော်ာကြီးဒီကို မရောက်
သဘော်ာပေါ်ရအောင်တက်နိုင်မှဖြစ်မယ်"

"သဘော်ာပေါ်က တပ်ဖွဲ့တွေက ယုံကြည်မှုမဟုတ်
ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်တည်းကတော့ သိပ်ပြီးအလေးထားမှာမ ဟုတ်ဘူး"

"ဖိုးလစ်. . အချိန်မရှိတော့ဘူး သွားကြမယ်"

"ဟုတ်ကဲ့ ကိုပြေ"

လှေတစ်စင်းဖြင့် ပြေတို့သင်္ဘောကြီးလာမည့်လမ်း ကြောင်းအတိုင်း လှော်ခတ်လာကြတော့သည်။ ဦးစောသာဖိုး တို့တတော့. . ဝါးဖောင်သမားများ အသွင်ဖြင့် အခြေအနေကို စောင့်ကြည့်နေကြလေပြီ. . .

"ဘော်ဘူ. . . ဘော်ဘူ"

သင်္ဘောကြီး ဥသြသံပေးပြီး. . မြစ်တွင်းဆီသို့မောင်း လာခဲ့လေသည်။ သင်္ဘောထဲမှ မိုင်းခွဲမည့်သူများ၏ သတ်မှတ် နေရာနှင့် သိပ်ပြီးတော့မဝေးတော့ပေ. . .

"ဖိုးလစ် အားစိုက်ပြီးလှော်ပေဟ့. . အရမ်းကိုနီးနေပြီ"

နှစ်ယောက်သား တက်ညီလက်ညီလှော်ခတ်ရင်း. . သင်္ဘောကြီးကို အဝတ်စလှမ်းပြီးထောင်ပြလိုက်သည်။ သင်္ဘော ပေါ်မှ ရဲအရာရှိတစ်ဦး ဦးပိုင်းသို့ထွက်လာပြီး. . သူ့ရဲဘော်တွေ ကို အသင့်ပြင်ခိုင်းကာ. . ပြေတို့(၂)ယောက်ကို သင်္ဘောကြီး ပေါ်သို့ကပ်ခိုင်းတော့၏။

www.burmeseclassic.com



"ဘာကိစ္စလဲ. . မောင်ရင်တို့"

"ဆရာ. . ဒီလို + - × + × + - × + × + - × + × + - × + ×+ - × + × + - × + × + - × + ×"

ပြေ. . အကြောင်းစုံကိုပြောပြလိုက်သည်။

"ဟာ. . ဒါဆို သင်္ဘောပေါ်မှာ မိုင်းခွဲမယ့်ကောင်တွေ ပါလာတယ်ပေါ့"

"ဟုတ်တယ် ဆရာ. . ."

"ခက်တာက. . ဘယ်သူဘယ်ဝါဆိုတာ ခွဲထုတ်ဖို့ မလွယ်ဘူး"

"ကျွန်တော်ကူညီမယ် ဆရာ"

ပြေက. . . သူ့ရှာမှကောင်တွေကို သိသဖြင့် ခရီးသည် တွေကြားထဲမှာရှာဖွေလေတော့သည်။

"ဟာ. . ဟိုမှာ ထပြေးပြီ"

အခြေအနေကို သဘောပေါက်သွားသော ရွာသား(၂) ယောက် မြစ်ထဲသို့ ခုန်ချဖို့ကြိုးစားတော့သည်။

"ဖြောင်း. . အင့်. . ."

နှစ်ယောက်ထဲမှ တစ်ယောက်သာမိလိုက်ပြီး. . တစ် ယောက်ကတော့ မြစ်ထဲသို့ခုန်ချသွားပြီး. . တစ်ဖက်ကမ်းသို့



www.burmeseclassic.com

www.burmeseclassic.com



ထူးခတ်သွားတော့သည်။

"သူတို့အထုပ်တွေ ဒီမှာဆရာ. . ."

"ဖွင့်ကြည့်စမ်းကွာ. . ."

ရဲဘော်လေးတစ်ဦးက အထုပ်ကိုဖွင့်ကြည့်လိုက်သော အခါ. . . အပျော့စားမိုင်းတွေကိုတွေ့လိုက်ရတော့သည်။

"ရဲဘော်အားလုံးအသင့်ပြင်ထားပြီး၊ ခရီးသည်တွေကို လုံခြုံတဲ့နေရာကို ပို့ထားလိုက်. . ."

သဘော်ကြီးပေါ်တွင် လုံခြုံရေးတစ်ဖွဲ့ဝင် ရဲဘော်အား လုံး တစ်ဖက်မှတိုက်ခိုက်မည့်အခြေအနေကို ကာကွယ်ရန်. . အသင့်နေရာယူလိုက်တော့သည်။

"ဒက်. . ဒက်. . ဒိုင်း. . ဒိုင်း. . ဒိုင်း"

"ပစ်. . ဒိုင်း. . ဒိုင်း. . ဒိုင်း"

အပြန်အလှန် ပစ်ခတ်သံများဆူညံပွက်လောရိုက်သွား တော့သည်။ အလံနီများနှင့် ဦးအုံ့မောင်တပည့်များ၏ အင်အား တများသောကြောင့် သဘော်ကြီးမှ ခုခံနေရသောလုံခြုံရေးတစ် ဖွဲ့ဝင်တွေ အခက်ကြုံချိန်တွင်. . .

"ဝုန်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း"

ဦးစောသာဒိုးအဖွဲ့ကပါ အလံနီအဖွဲ့ကို အနီးကပ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး တိုက်ခိုက်တော့မှ အလံနီတပ်ဖွဲ့တွေအထိနာပြီး . . နောက်သို့ ပြန်ပြီးဆုတ်လေတော့သည်။

တိုက်ပွဲဖြစ်ချိန်မှာ နာရီဝက်နီးပါးဖြစ်ပြီး အားလုံး တိတ်ဆိတ်သွားလေတော့သည်။

"သင်္ဘောကို ကမ်းကိုကပ်လိုက်. . ဒဏ်ရာရသူတွေကို စစ်ပေ့. . ."

"ဟုတ်ကဲ့ ဆရာ"

လုံခြုံရေးတပ်ဖွဲ့မှ ရဲဘော်(၃)ဦးဒဏ်ရာ အနည်းငယ် ရပြီး၊ သေဆုံးမှုကတော့ မရှိခဲ့ပေ။ အလံနီတပ်ဖွဲ့မှ ဒဏ်ရာရှင် (၄)ဦး. . သေဆုံးသူ(၂)ဦးကို ရလိုက်ပြီးနောက်. . .

"ကိုပြေ. . ကိုပြေ"

"ဘာလဲ. . ဖိုးနစ်"

"ဦးလေးဖိုး ထိထားတယ်"

"ဟင်"

ပြေ. . ဦးလေး ဦးစောသာဒိုးဆီကို အပြေးကလေး သွားတော့. . ဒဏ်ရာမှာ ရင်ဘုံနားကို ထိမှန်သွားခြင်းဖြစ် သည်။

"ဦးလေး ဒိုး. . ."

"မောင်ပြေ. . ရှုပ်ပြီးမှန်သွားတာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစောသာဒိုး ဘာမှမဖြစ်သလို နေလိုက်ခြင်းကြောင့် သင်္ဘောပေါ်ပါလာသော အရာရှိမှုခေါ်မသွားတော့ဘဲ. .

"ကျေးဇူးတင်တယ်ကွာ. . ခုလို မင်းတို့ကူညီမှုကြောင့် အဖြစ်မှန်ပြည်သူတွေရယ်. . သင်္ဘောပေါ်မှာပါလာတဲ့ နိုင်ငံတော် ပစ္စည်းတွေ မဆုံးရှုံးခဲ့တာပါ၊ မင်းတို့အားလုံးကို မှတ်တမ်းတင်ထားပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာ. . ."

"ဒါဆို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

သင်္ဘောကြီးနှင့် လမ်းခွဲပြီး. . ပြေတို့အင်အားစုတွေ မြန် လာခဲ့ကြရင်း လမ်းအရောက်တွင်. . .

"မောင်. . . ပြေ"

"ဦးလေးဒိုး. . ."

ဦးစောသာဒိုး အခြေအနေက မကောင်းတော့ပေ. . .

"ကိုပြေ. . ဘယ်လိုလုပ်မလဲ"

"ရွာကို အမြန်ဆုံးရောက်အောင်သွားရမှာပဲ ဖိုးလစ်. . အမြန်ဆုံးလှော်ကွာ"

"ငါ့အတွက် ဘာမှ မစိုးရိမ်ကြနဲ့ မောင်ပြေး . . မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



သာဆက်ပြီး၊ ရွာသူရွာသားနဲ့ပြည်သူတွေကို ကာကွယ်ပေးပါ"

"အလံနီတွေ မရှိတော့ပဲ . . ဒေသအေးချမ်းသည်အထိ တိုက်ပွဲဝင်သွားမှာပါမယ်လို့ ကတိပေးပါတယ် ဦးလေးဖိုး"

ရွာလေးဆီသို့ရောက်သည်နှင့် ဦးလေးစောသာဖိုးကို . . ဝါးပုခက်လုပ်ပြီးထမ်းကာ ခေါ်ဆောင်သွားသည်။

"အမိုး . . အမိုး"

"ဟယ် . . ."

"ဦးလေးဖိုး . . ဒဏ်ရာရလာတယ်"

"တဲထဲကို အမြန်ခေါ် ခဲ့ကြစမ်း"

အမိုး . . ဦးလေးစောသာဖိုး ဒဏ်ရာကိုကြည့်ပြီးနောက်

"ကောင်လေး . . ."

"ဗျာ . . အမိုး"

"ကျည်ဆံက အထဲမှာဖောက်ဝင်နေတယ် . . ခွဲပြီးထုတ်ရမယ် . . သိပ်ပြီးအန္တရာယ်များတယ် . . အမိုးဒီလောက်ကြီး မကျွမ်းကျင်လှဘူးကွယ်"

"အမိုးမှ မကုရင် ဘယ်သူမှကုမယ့်သူမရှိဘူး"

"ဆရာဝန်တစ်ယောက်သာ ရှိရင် သိပ်ကောင်းမှာပဲ ကွယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

ဆရာဝန်ဆိုသော စကားကြောင့်. . ပြေ့ခေါင်းထဲတွင် သျှင်ငယ်နှောင်းကို သတိရမိလိုက်သည်။

"အမိုး. . ဦးလေးဒိုးအတွက် အချိန်ဘယ်လောက်ရနိုင်မလဲ"

"အမိုးဆေးက သူ့ကို(၅)နာရီလောက်တော့ သွေးတိတ်အောင် လုပ်ပေးနိုင်တယ်. . ကောင်လေးက ဘာလုပ်မလို့လဲ"

"ဖိုးနစ်. . မင်းငါနဲ့လိုက်ခဲ့"

"ဘယ်လဲ. . ကိုပြေ"

"ကျွန်းချောင်းကို သွားမယ်"

"ပြေ. . ."

"အိမ်သူဘာမှ မပူနဲ့. . သျှင်ငယ် ငါတို့နဲ့လိုက်ခဲ့မယ်ဆိုတာကို ယုံကြည်တယ်"

"သတိနဲ့တော့သွားပါ ကိုပြေ"

ဇနီးဖြစ်သူ လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး. . ဖိုးနစ်နှင့်အတူ ထွက်လာခဲ့ကြတော့သည်။ ပြေ့အတွက် မရောက်တာကြာပြီဖြစ်သော ရွာလေးဆီသို့ တစ်ခေါက်ရောက်ရတော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာဆီသို့မြစ်တစ်လျှောက် လှော်ခတ်လာပြီး၊ ရွာထဲသို့ ဝင်သည့် ချောင်းနိုးမှတစ်ဆင့် ရွာနားသို့ချဉ်းကပ်ခဲ့လေသည်။

"ရှေ့နားက လမုပင်နားမှာ. . ကပ်လိုက်ဖိုးနစ်"

လမုပင်တွင်လှေကလေးကို ကပ်ပြီး. . ကမ်းပေါ်သို့ တက်လာခဲ့ကြသည်။ ညနေစောင်း မှောင်စပျိုးနေသော အချိန်ကို ရောက်နေသောကြောင့် ပြေတို့အတွက် ရွာထဲသို့ဝင်သည်ကို ဘယ်သူမှမသိကြပေ. .

ပြေတို့ဝင်လာသော အိမ်မှာ. . သူငယ်ချင်းမြလေးစံ အိမ်ပင်ဖြစ်သည်။

"မြလေးစံ. . မြလေးစံ"

"ဟင်. . ပြေ. . ဘာ. . ဘာဖြစ်လာတာလဲ"

"ငါ. . သူ့ငယ်နဲ့တွေ့ချင်တယ်"

"ဟင်. . ကိစ္စရှိလို့လား"

"ဟုတ်တယ်. . သိပ်အရေးကြီးနေလို့ မြလေးစံ၊ ငါတို့ ဦးလေးဖိုးဒဏ်ရာရထားတယ်. . အခြေအနေက စိုးရိမ်ရတယ်၊ ဒါကြောင့် သျှင်ငယ်ကိုအကူအညီလာပြီးတောင်းတာပါ"

"သျှင်ငယ်လိုက်ပါ့မလား ရွာမှာလည်းသူ့အဖေ့ကြီး၊ နင့်ကြောင့် အလံနီတွေရဲ့အစီအစဉ် ပျက်သွားတယ်ဆိုပြီး. .



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူပုန်ထနေတယ်. . အင်းလေ နင်တို့ကြောင့် အပြစ်မဲ့တဲ့သူတွေ အသက်သေဘေးကလွတ်သွားတာ ဝမ်းသာစရာ ပဲ. . နင်တို့ ဒီကစောင့်နေ. . ငါသွားပြီးခေါ်ခဲ့မယ်၊ ဒီရောက်မှ နင်ခေါ် ကြည့်ပေါ့"

"အင်း. . အင်း"

"အိမ်ထဲမှာနေကြနော်. . အလံနီကောင်တွေ ရွာထဲမှာ ရှိနေသေးတယ်"

"အေးပါဟာ. . ."

မြလေးစံထွက်သွားပြီး ပြေတို့အိမ်ထဲတွင်စောင့်ကာ. . ကျန်ရစ်ခဲ့ကြသည်။ သိပ်မကြာ. . မြလေးစံနှင့်အတူ သျှင်ငယ်တို့ ရောက်လာကြသည်။

"ဟူး. . တော်သေးတာပေါ့ ပြေရယ်. . လမ်းမှာသွားပြီး တွေ့လို့ တစ်ခါတည်းခေါ်ခဲ့တာ"

"သျှင်ငယ်"

"ပြေ. . ."

"ငါတို့ကို ကူညီပါဟာ. . ."

"မြလေးစံ ပြောပြလို့သိပြီးပါပြီ. . အိမ်မှာက အလံနီကောင်တွေ နင့်ကိုမြေလှန်ရှာဖို့ အဖေနဲ့တိုင်ပင်နေကြတယ်. .



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို လာပြီးပြောမလို့ ထွက်လာတာဆိုတော့. . ငါ့မှာက ဆေးအိတ်က ပါမလာဘူး၊ ဒီလိုလုပ် ငါနဲ့မြလေးစံ အိမ်ကိုတစ်ခါပြန်ပြီး ဆေးအိတ်သွားပြီးယူမယ်၊ နင်တို့စောင့်မယ့်နေရာသာပြော. . ဒီမှာ ကြာကြာနေလို့မကောင်းဘူးဟ၊ ဟိုကောင်တွေ ရွာထဲမှာ ခြေရှုပ်နေတယ်"

"သျှင်ငယ်. . ငါတို့အနောက်ဘုရားကြီး လှေဆိပ်တစောင့်နေမယ်"

"အေး. . စောင့်နေ သတိတော့ရှိနော်"

စိတ်ချ

သျှင်ငယ်နှင့် မြလေးစံထွက်သွားပြီး. . ပြေတို့လည်း လှေထဲသို့ပြန်လာခဲ့ကြကာ. . အနောက်ဘုရားကြီးလှေဆိပ်တွင် စောင့်နေကြရင်း မိုးချုပ်စပြုလာလေတော့သည်။

"ရှပ်. . ရှပ်. . .

အမှောင်ထုထဲမှ ခြေသံကြောင့်. . ယူဆောင်လာသော ခြောက်လုံးပြူးကို အသင့်အနေအထားတိုင်း ပြင်ထားလိုက်သည်။

"မြေ. . .

"သျှင်ငယ်. . ငါတို့ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



သျှင်ငယ်နှောင်းနှင့် မြလေးစံတို့လက်ထဲမှ အိတ်တွေကို လှမ်းယူရင်း. . .

"သျှင်ငယ်"

"ဘာလဲ. . မြေ"

"နင့်ဆေးအိတ်က (၂)ခုတောင်မှပါလား"

"ဒါက အဝတ်အစားအိတ်ဟဲ့. . ."

"ဟာ. . ."

"ကဲပါ. . နောက်မှပြောမယ်၊ ဒီကနေ့အမြန်ဆုံးသွားဖို့လုပ်တော့"

လှေကိုကြိုးဖြုတ်ပြီး. . ချောင်းရိုးအတိုင်းလှော်ခတ်ခဲ့ကြတော့သည်။

"ဘယ်လိုတွေဖြစ်လာတာလဲ. . သျှင်ငယ်"

"ငါ. . မပြောချင်ဘူး၊ မြလေးစံသာမေးကြည့်တော့"

"ဒီလိုပြေရဲ့. . သျှင်ငယ်အဖေဟာ အလံနီခေါင်းဆောင် ရဲဘော်နိုင်ကိုနဲ့ သျှင်ငယ့်ကိုပေးစားပြီး. . အနောက်ရိုးမဘက်ကို ထွက်ပြေးဖို့စီစဉ်နေကြပြီလေ"

"ဟာ. . သျှင်ငယ်၊ နင့်အဖေက ရူးသွပ်သွားပြီလား"

"ဟုတ်တယ်. . ငါ့အဖေ၊ တကယ့်ကိုရူးသွပ်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ပြေ၊ ငါ ဘယ်လိုမှနားလည်လို့ မရတော့ဘူး. . ငါ့ကိုလည်း ရန်ကုန် မပြန်ရတော့ဘူးဆိုပြီး ပိတ်ဆို့ထားတာ. . ခုတော့ မြလေးစံကို ခြံအပြင်ကနေ စောင့်ခိုင်းပြီး နောက်ဖေးပေါက်က ထွက်ပြေး လာရတာ"

"ဟူး. . "

ပြေ. . သျှင်ငယ်အတွက် စဉ်းစား၍မရအောင်ဖြစ်သွား လေသည်။

"နင်. . ရှေ့ဆက်ပြီးဘယ်လိုလုပ်မလဲ"

"နင်တို့ဆီကနေ ရန်ကုန်ထိ သွားနိုင်အောင်တော့ကြိုး စားရမှာပေါ့ဟာ. . ဒါကို နင်ကူညီနိုင်မှာပါ"

"ကူညီနိုင်ပါတယ်. . သျှင်ငယ်ရယ်၊ နင်ကတော့ ဟုတ် ပြီ မြလေးစံကရော. . "

"ငါ့အတွက်တော့ သိပ်ပြီးမပူပါနဲ့. . ဘာလို့လဲဆိုတော့ ငါ့မှာက နောက်ဆံတင်းစရာမရှိဘူးလေ. . အဖေဖြစ်သူက ဘုန်းကြီးဝတ်နေပြီ၊ အမေက နဂိုကတည်းကမှမရှိတာ. . အဒေါ်ဖြစ်သူဆိုတာလည်း မလွဲသာလို့သာငါ့ကို စောင့်ရှောက် ထားတာ. . မရှိလေကောင်းလေပဲလေ၊ သျှင်ငယ်နဲ့ ဘယ် ဘဝရောက်ရောက် လိုက်ပြီးနေတော့မယ်. . "



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ အဆင်ပြေတာပေါ့. . ."

"ပြေ. . ."

"ဘာလဲ. . သျှင်ငယ်"

"နင်. . ငါ့ကို ရန်ကုန်မပြန်မချင်း ကျွေးထားနိုင်ပါ့မလား"

"သျှင်ငယ်ရယ်. . နင့်လိုလူတစ်ယောက်ဟာ တို့တစ်တွေအတွက် အလိုအပ်ဆုံးသောလူတစ်ယောက်ပါ. . တစ်သက်လုံးနေမယ်ဆိုရင်တောင်. . ငါတင်မကဘူး၊ တစ်ရွာလုံးက ကျွေးချင်နေမှာပါ"

"ခုလို ကြားရတာတင် ကျေနပ်လှပါပြီ အိမ်သူရော. . နေကောင်းရဲ့လား. . ."

"ကောင်းပါတယ် သျှင်ငယ်. . နင့်ကိုမြင်ရင် အရမ်းဝမ်းသာမှာ. . ငါပြောပြလို့ နင့်ကိုသိပ်ပြီးတွေ့ချင်နေတာ"

"နင်နဲ့ငါ မော်တော်မှာတွေ့တုန်းက နင်ဘာလို့လိမ်ခဲ့တာလဲ ပြေ. . ."

"ငါ့ကို ခွင့်လွှတ်ပါဟာ. . နင်နဲ့ငါတို့က အရမ်းကိုမတူညီတော့ဘူးလို့ စိတ်ထဲမှာထင်မှတ်ပြီး. . လိမ်ခဲ့ရတာပါ"

"ငါ့အဖေရဲ့ လုပ်ရပ်တွေဟာ. . ဥပဒေနဲ့လွတ်



www.burmeseclassic.com

www.burmeseclassic.com



ကင်းတဲ့အမြင် အတွေ့ရမှုကကြီးမားတာကို ငါဘယ်လိုမှခံစားလို့ မရဘူး. မြေ့ . . ဒါကြောင့် အမှန်တရားအတွက် ငါရွေးချယ် လိုက်ရတာပဲ. . မိဘကိုဆန့်ကျင်တဲ့ သမီးမိုက်တစ်ယောက် ပေါ့ဟာ"

"နင်. . သမီးမိုက်မဟုတ်ပါဘူး သျှင်ငယ်. . ရက်စက် ခြင်းကြောင့် ဘေးဒုက္ခရောက်နေသူတွေအတွက် နင်ဟာသူ့ရဲ့ ကောင်းတစ်ဦးပါ"

"ငါက. . သူ့ရဲကောင်းဆိုတော့. . နင်ကရော ဘာလဲ"

"ငါ. . မြေလေ"

"ဒါကတော့ နင်ပြောမှလားဟ. . ."

"ငါ့ကိုယ်ငါ ဘာလဲဆိုတာကို အမည်မဖော်တတ်ဘူး သျှင်ငယ်. . ဒါပေမယ့် ငါသိတာကတော့ ငါဟာအမှန်တရား အတွက် တိုက်ပွဲဝင်နေတဲ့လူတစ်ယောက်ဆိုတာပါပဲ သျှင်ငယ်"



www.burmeseclassic.com

www.burmeseclassic.com

"သျှင်ငယ်. . ပျင်းနေပြီလား"

"လာကွာ. . အိမ်သူ. . ."

အိမ်သူနှင့် ပြေ. . နေထိုင်သောခြံလေးထဲမှ လက်ပံပင်ကြီးအောက်တွင်. . သျှင်ငယ်ထိုင်နေစဉ် အိမ်သူရောက်လာပြီး၊ ဘေးတွင်ဝင်ထိုင်လိုက်သည်။

"မြလေးစံရော. . ."

"အိမ်ထဲမှာ ဟင်းချက်နေတယ်. . ပြေတို့ကတော့ ချစ်ဆိပ်ဘက်ကိုသွားကြတယ်"

"ဘာကိစ္စများလဲ. . ."

"သျှင်ငယ် ရန်ကုန်ကိုပြန်မယ့်မော်တော်ခရီးစဉ်ကို သွားပြီးစုံစမ်းကြတာ"

"အန္တရာယ်များပါဘိဟယ်. . ခုတလော အလံနီတပ်တွေနဲ့ အစိုးရတပ်တွေတိုက်ပွဲတွေက တရစပ်ဖြစ်နေကြတာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သျှင်ငယ်. . ပြေတို့လည်း အစိုးရတပ်တွေ အတွက် နေ့တိုင်းသွားပြီးကူပေးနေရတာ. . ဟူး"

အိမ်သူ. . သက်ပြင်းလေးချသည်ကို သျှင်ငယ်နှောင်း ကြည့်ပြီး. . .

"နင်. . ပြေအတွက် အမြဲစိတ်ပူနေရမှာပဲနော်"

"ပူရတာပေါ့ သျှင်ငယ်. . သူလုပ်ရတဲ့အလုပ်က ကျည် ဆန်တွေကြားမှာလေ. . ဘုရားရှေ့မှာနေ့စဉ်မပြတ် ဆုတောင်း နေတယ်ဟာ. . ခုလိုအခြေအနေဆိုးကြီးကနေ လွတ်မြောက်ချင် လှပါပြီ"

"သူငယ်ချင်း. . အိမ်သူ"

သျှင်ငယ်. . အိမ်သူ လက်ကလေးကို ဆုပ်ကိုင်ပြီး. . .

"ဘာမှ စိတ်အားမငယ်ပါနဲ့ဟာ. . ပြေတို့ရဲ့ လုပ်ရပ်တွေ ဟာ တကယ့်ကိုပဲမြင့်မြတ်လှပါတယ် အိမ်သူ. . တကယ်လို့အေး ချမ်းတဲ့အချိန်ကိုရောက်ပြီဆိုရင် ငါ့ဆီမှာလိုက်ပြီးနေကြပါလား"

"ကျေးဇူးတင်ပါတယ် သျှင်ငယ်. . ငါတို့တောသူ တောင်သားတွေအတွက်တော့ ကျေးရွာလေးမှာပဲခေါင်းချ ဇာတ်မြှုပ်ရမှာပါ"

"နင်တို့ ကျွန်းချောင်းကိုမပြန်တော့ဘူးလား"

"မပြန်တော့ဘူးလို့ ပြေကတော့ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"ကျွန်းချောင်းရွာဟာ. . သူရဲ့နာကြည်းစရာတွေ ခံပြင်းစရာတွေကောင်းတဲ့နေရာ ဖြစ်နေလို့တဲ့. . ခုတို့နေတဲ့ရွာကလေးက အရမ်းကိုနေလို့ကောင်းတယ်. . တစ်ယောက်ပေါ်တစ်ယောက် ချစ်ခင်ကြတယ်. . ကူညီကြတယ်၊ ဒါကြောင့် ဒီရွာလေး မှာပဲ နေတော့မယ်လို့တော့ ငါ့ကိုပြောတယ်"

"ငါကတော့ ငါ့သူငယ်ချင်း(၂)ယောက်နဲ့အတူတူနေချင်တယ်ဟာ"

"နင့်သံယောဇဉ်နဲ့ စေတနာကို တန်ဖိုးထားပါတယ် သျှင်ငယ်. . နင်နဲ့မဆုံဖြစ်ခဲ့ရင်တောင် ငါတို့ရင်ထဲမှာ အမြဲသတိရနေမှာပါ. . အု. . အော့"

"ဟင်. . အိမ်သူ"

အိမ်သူ ပို့အန်သလိုဖြစ်လာခြင်းကြောင့် သျှင်ငယ်. . ကျောလေးကို နှိပ်ပေးရင်း. . .

"အိမ်သူ. . နင့်မျက်လုံးတွေပြစမ်း"

သျှင်ငယ်. . အိမ်သူကို သေချာစွာကြည့်ပြီးနောက်. .

"နင့်ကို ဆေးစစ်ရမယ်"

"ဟင်. . ဘာဖြစ်လို့လဲ၊ ငါ့မှာ ဘာရောဂါမှမရှိပါဘူး သျှင်ငယ်ရာ. . အစာမကြေလို့ ရင်ပြည့်သွားတာဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ သူငယ်ချင်းတော့ ခက်နေပါပြီဟယ်. . လာ. . လာ

နင့်မှာ ကိုယ်ဝန်ရှိမရှိ စစ်ဆေးရမယ်"

"ဟယ်. . နင်ကလည်း ဟာ"

"အံမယ်. . ယောကျ်ားယူပြီး၊ ကိုယ်ဝန်ရှိတာ

အဆန်းလုပ်လို့"

အိမ်သူ. . လက်မောင်းကလေးကို ဆုပ်ကိုင်ပြီး အိမ်

လေးထဲသို့ခေါ်လာခဲ့ပြီး. . ဆေးစစ်မှုတွေကိုပြုလုပ်တော့သည်

"အိမ်သူရေ. . အိမ်သူ"

အပြင်ဘက်မှ ပြေအော်သံကြောင့်. . သျှင်ငယ်ထွက်

လာပြီး. . .

"ပြေ. . ပြန်လာပြီလား"

"အင်း. . အိမ်သူတစ်ယောက်ရော"

"ရှိပါ့တော်. . နင့်ကိုရှက်လို့တဲ့"

"ဘာ. . ငါ့ကို သူကရှက်လို့ဟုတ်လား"

"ဟုတ်တယ်"

"ရှက်စရာအကြောင်းရှိနေလို့လား. . ."

"ရှိလို့ပေါ့ပါ. . နင်ကိုယ်တိုင်သွားပြီး မေးကြည့်၊ အိမ်

ခန်းထဲမှာရှိတယ်"

"ဩော်. . သျှင်ငယ် နင်ရန်ကုန်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ. . ငါ့ကိစ္စကိုနောက်မှပြော၊ နင့်ကိစ္စကိုအရင်သွားပြီးရှင်းလိုက်. . ."

ပြေ ဘာကိုမှ နားမလည်နိုင်ဘဲ၊ အိပ်ခန်းထဲသို့ ဝင်ခဲ့လေသည်။

"အိမ်သူ. . ."

ပြေ ခေါ်တာကိုပြန်ပြီးမထူးဘဲ တစ်ဖက်သို့လှည့်နေသည်။

"အိမ်သူ. . နင်ဘာဖြစ်နေတာလဲဟာ၊ ငါစိတ်မကောင်းအောင်မလုပ်ပါနဲ့. . နင် ဘာဖြစ်နေတာလဲပြောပါ"

"မပြောချင်ဘူး. . ရှက်တယ်"

"ဘာကိုရှက်ရမှာလဲဟာ. . နင်နဲ့ငါက လင်မယားတွေတာ. . တစ်ယောက်နဲ့တစ်ယောက် ဘာမှဖုံးကွယ်စရာမရှိပါဘူး"

"လင်မယားမို့. . မပြောချင်တာ"

"ကဲဟော့. . ဒီကောင်ကြီးပြေကို စိတ်ဒုက္ခပေးမနေပါနဲ့ငါပဲ. . ကြားက ပြောလိုက်မယ်. . ပြေ နင်ကလေးအဖေဖြစ်တော့မယ်"

"ဘာ. . အိမ်. . အိမ်သူမှာ ကိုယ်ဝန်ရှိနေပြီပေါ့"

"ဟုတ်ပါသတဲ့တော်"

"အိမ်သူ. . တကယ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ."

ပြေအတွက် အနာဂတ်လမင်းလေးတစ်စင်းကို လှမ်းပြီး တွေ့လိုက်ရသလိုခံစားလိုက်ရတော့သည်။

အိမ်အပြင်ဘက်ဆီသို့ ပြန်ထွက်လာပြီး အိမ်ရှေ့ ကွပ်ပျစ်လေးတွင်ဝိုင်းဖွဲ့ပြီး ထိုင်လိုက်ကြသည်။

"သျှင်ငယ်. . ရန်ကုန်ကိုသွားမယ့်မော်တော်တွေက ခု ရက်ပိုင်းတွေမှာ ဘယ်သူမှမသွားရဲကြဘူး။ ရော၀တီရေလမ်း ကြောင်းတစ်လျှောက်မှာ အစိုးရတပ်တွေက ထိုးစစ်တွေစစ်ဆင် နေတော့ တိုက်ပွဲတွေဖြစ်နေကြတယ်. . တိုက်ပွဲတွေရပ်မှ နင် ပြန်လို့ရမယ့်သဘောဖြစ်နေတယ်"

"ဘာတတ်နိုင်မလဲဟာ. . ကိုယ်က ရောက်နေပြီးတော့ မှ ပြန်လို့ရတဲ့အချိန်ကျမှပဲ ပြန်ကြတာပေ့ါ. . ငါတကယ် စိုးရိမ် နေတာ နင်တို့(၂)ယောက်ပဲဟာ. . ဘာလို့လဲဆိုတော့ အိမ်သူမှာ နင့်ရင်သွေးလေးကို လွယ်ထားရသူဆိုတော့ နင်တစ်ခုခုဖြစ်သွား မှာကို ငါတွေးပြီးကြောက်နေမိတယ်"

"ဒီတော်လှန်ရေးကို အစပြုခဲ့တာငါဖြစ်နေေဘာ့. . ပြီးဆုံးတဲ့အထိ ဦးဆောင်ရမှာပါသျှင်ငယ်ရယ်. . ငါ့သွေး လေးအတွက် ငါ့ကုသိုလ်ကံပေ့ါ. . ငါက ခေါင်းဆောင်လုပ်နေ ပြီး စိတ်ဓာတ်ကျနေလို့မရဘူး. . ပြီးတော့ ခုကာလဟာ တွေဝေ



www.burmeseclassic.com

www.burmeseclassic.com



နေလို့မရဘူး. . သျှင်ငယ်”

“ဘာလဲ. . ပြေ”

“ငါ့ကို တစ်ခုကူညီပါလား”

“နင်နဲ့ငါ့ကြားမှာ အကူအညီတောင်းစရာမလိုပါဘူး

ဟာ. . နင့်ကို ဘာလုပ်ပေးရမလဲပြော”

“တကယ်လို့ ငါတစ်ခုခုဖြစ်သွားခဲ့ရင်. . အိမ်သူကို နင်

စောင့်ရှောက်ပေးပါဟာ”

“ပြေရယ်. . နိမိတ်မကောင်းတဲ့စကားတွေကို

ပြောမနေပါနဲ့၊ နင့်ကို ငါကတိပေးတယ်. . အိမ်သူနဲ့ပတ်သက်

ရင် နင်ဘာမှ နောက်ဆံမတင်းပါနဲ့. . အိမ်သူကို ငါ့ညီမလေး

တစ်ယောက်လိုချစ်သွားမှာပါ”

“ဝမ်းသာတယ်. . သျှင်ငယ်ရယ်”

“ကဲ. . ဝမ်းသာမနေနဲ့. . ထမင်းစားကြရအောင်”

မြလေးစံ နောက်ဖေးဘက်မှလှမ်းပြီး ခေါ်လိုက်သော

ကြောင့် အိမ်ပေါ်သို့(၃)ယောက်သား တက်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုပြေ . . ကိုပြေ"

"ဟင် . . ဖိုးလစ် . . ဘာဖြစ်လာတာလဲ"

ပြေ . . တောင်ယာခင်းထဲတွင် သစ်ပင်တွေကိုမြေဆွနေချိန် . . ဖိုးလစ်အပြေးကလေးရောက်ရှိလာခြင်းဖြစ်သည်။

"ရွာအရှေ့ဘက်ကွင်းထဲမှာ အလံနီတပ်အင်အားအများကြီး ရွာဘက်ကိုလာနေကြတယ်"

"ဟင် . . . "

"ပြေ . . ဘာတွေဖြစ်နေတာလဲ"

အိမ်သူ . . သျှင်ငယ်နှင့်အမိုးတို့အနားသို့ ရောက်လာပြီးမေးလေသည်။

"အမိုး . . ဟိုအလံနီကောင်တွေ လာနေပြီတဲ့"

"ဟယ် . . ဘယ်လိုလုပ်ကြမလဲ . . စောသာနီရဲ့ရာ"

"ဟိုမှာ . . လာနေပြီ"

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



ဦးစောသာဒိုး အနားသို့ရောက်တော့. . .

"ဒီကောင်တွေ အင်အားကောင်းတယ် မောင်ပြေရေ၊ တိုက်ပွဲဖြစ်လို့ရှိရင် ကိုယ့်ဘက်က အထိနာလိမ့်မယ်"

"ဒါဆို. . ဘယ်လိုလုပ်မလဲ"

"ငါတို့ ခဏရှောင်နေရမှာပဲ. . သူတို့ပုံစံက မောင်ပြေတို့ကိုမြေလှန်ရှာကြတာဖြစ်မယ်"

"သေချာတယ် စောသာဒိုး၊ ကောင်လေးတွေနဲ့နင်သွားပြီးပုန်းဖို့လုပ်တော့. . ကျန်တာငါကြည့်ရှင်းမယ်. . ဗီးလစ် ဟိုလှိုဏ်ကြီးထဲကို ခေါ်သွားတော့. . ."

"ဟုတ်ကဲ့. . အမိုး"

"သွား. . သွားကြတော့"

အမိုး. . ပြေတို့(၅)ယောက်ကို သွားခိုင်းလိုက်ပြီး၊ ခပ်အေးအေးပင် ယာခင်းတဲလေးပေါ်တွင် ရေနွေးကြမ်းသောက်နေသည်။

"ဒိုင်း. . ."

ခြံဝတွင်သေနတ်သံပေးပြီး၊ ဝင်လာသူက. . ကျားနီနှင့်အလံနီတပ်ဖွဲ့တွေပင်. . .

"အဘွားကြီး. . ဟိုကောင်တွေ ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်က ဘယ်သူတွေကိုပြောနေတာလဲ"

"ခင်ဗျားကြီး . . ဘာမသိချင်ယောင်ဆောင်နေတာလဲ၊ ဒီမှာ သေနတ်. . ."

"မောင်ရင်ကတော့ ခက်နေပြန်ပြီ . . အမိုးဘာမှမသိဘဲ ဘာကိုပြန်ပြီး ပြောရမှာလဲကွယ်"

"ငပြေဆိုတဲ့ကောင်နဲ့ မိန်းကလေး(၃)ဦး၊ ပြီးတော့ ဟို သူပုန်ဟောင်း စောသာဒိုး"

"မောင်ရင်ပြောတဲ့သူတွေ အမိုးမကြားဖူးပါလား"

"တောက်. . အဘွားကြီးကတော့ သေချင်ပြီ၊ ဟိုကောင် သာမိုးကို ခေါ်ခဲ့စမ်း"

"ဟင်. . ."

အမိုးတို့ရွာသားလေး သာမိုးကို ခေါ်ထုတ်လာသည်။ သာမိုးဆိုသည့်ကောင် ရွာကနေထွက်သွားခဲ့သည်မှာ တစ်ပတ်ကျော်နေပြီ. . အမိုးတို့ကတော့ ကဝကသူ့ဆွေမျိုးတွေဆီ သွားသည်ဟု ထင်ခဲ့ကြသည်။ ခုတော့ အလံနီများနှင့်အတူတွေ့လိုက်ခြင်းကြောင့် အံ့အားသင့်သွားသည်။

"သာမိုး. . ပြောလိုက်စမ်း"

"ဟုတ်တယ်. . အမိုးက ခေါ်ပြီးဆေးကုပေးထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"သာမိုး"

"အဘွားကြီး . . ခင်ဗျား ဘာငြင်းချင်သေးလဲ"

"ငါမငြင်းချင်ဘူး . . သူတို့လည်းမရှိတော့ဘူး"

"ဘာပြောတယ် အဘွားကြီး . . ခင်ဗျားသေချင်ပြီနဲ့တူတယ်"

"နင်တို့ သတ်ရဲရင်သတ်ပစ်လိုက် . . ငါမသိဘူး၊ ငါ့အသက်အရွယ်က သေခြင်းဘက်ကိုကူးဖို့ အချိန်တန်နေပြီ"

"ဆွဲခေါ်ခဲ့ကွာ . . ဗိုလ်ကြီး ဘာဆက်လုပ်မလဲ"

ရဲဘော်နိုင်ကိုဘက်ကို လှည့်ပြီးမေးလိုက်သည်နှင့် . .

"မေးလို့မရရင် ရှင်းပစ်လိုက် . . ."

ကျားနီ သူ့ခါးကြားမှသေနတ်ကိုထုတ်ပြီး၊ အမိုးကို ချိန်ပြီးပစ်မည်အပြု . . ဖိုးလစ် ပြေးဝင်လာပြီး . . .

"ခင်ဗျားတို့ ဘာမှအပြစ်မရှိတဲ့ ကျုပ်အမေကိုမသတ်နဲ့ ကျုပ်ကိုသတ်လိုက် . . ."

"ကျားနီ . . ."

"သူကြီး . . ပြော"

ဦးအံ့မောင် . . ကျားနီနားသို့ကပ်ပြီး တိုးတိုးလေးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်တွေ. . ဒီကောင့်ကို ဆွဲခေါ်ထုတ်လိုက်စမ်း. . ."

*ဖိုးလစ်ကို သေနတ်သမား(၂)ယောက်ကဆွဲခေါ်ထုတ်*
လိုက်ပြီး. . ကျွန်းနီအမိုးနားသို့ လျှောက်သွားပြီး. . .

"ဒီမှာတွေ့လား. . ဖိုးလစ်"

"ခင်. . ခင်ဗျား. . ကျုပ်အမေကို မထိနဲ့"

"မင်းအမေကို မထိချင်ပါဘူးကွာ. . ခက်နေတာက မင်းအမေက သက်သက်မဲ့ခေါင်းမာနေတာ. . ပြောစရာရှိတာ ပြောလိုက်ပေါ့"

"ဖိုးလစ်. . နင် ဘာလို့ ငါ့ဆီလာတာလဲ"

"အမိုး. . ."

"နင်. . ဘာမှ စကားသံမထွက်နဲ့ ငါ့ကိုသတ်ချင်သတ်ပါစေ"

"ကြာတယ်ဟေ့. . အချိန်မရဘူး၊ ဖိုးလစ် မင်းပြောမှာလား မပြောဘူးလား. . ."

"အမိုး. . ."

"ဖိုလစ်"

"ဟာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း. . ."

"အမိုး. . ."

အမိုး. . ကျားနီလက်ထဲက သေနတ်ကိုဆွဲလုချိန်. . . ကျားနီသေနတ်မောင်းကို ဖြုတ်ချလိုက်သောကြောင့် အမိုးရင်ဝဆီသို့ထိမှန်ပြီး. . နောက်ပြန်လွင့်စဉ်သွားသည်။ ဖိုးလစ်. . သူ့ကိုဖမ်းချုပ်ထားသော နှစ်ယောက်ဆီမှရုန်းထွက်ပြီး. . ကျားနီဆီသို့ပြေးပြီးအဝင်. . .

"ဒိုင်း. . ဒိုင်း. . အား. . ."

သေနတ်သံဆက်တိုက်ပေါ်ထွက်ပြီး၊ ဖိုးလစ် လွင့်စဉ်သွားတော့သည်။

"ဗိုလ်ကြီး နှစ်ယောက်လုံးတော့သွားပြီ"

"တောက်. . မထူးဘူး. . တစ်ရွာလုံးမီးရှို့ပစ်လိုက်၊ ပြီးရင်သွားမယ်"

"ဟုတ်ကဲ့. . ဟော့ကောင်တွေ မီးစပြီးရှို့တော့"

အေးချမ်းစွာတည်ရှိခဲ့သော ရွာကလေးကိုကြောက်မက်ဖွယ်ကောင်းသော မီးလုံးကြီးများကြားတွင် တွေ့မြင်နေရလေသည်။

အလံနီတပ်တွေနှင့် သူကြီးဦးအံ့မောင်တို့လူစုတွေ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လည်ထွက်သွားပြီးနောက် ပြေတို့ပြေးထွက်လာခဲ့ပြီး. .

"အမိုး. . ဖိုးလစ်"

အသက်ဝိညာဉ်ကင်းမဲ့နေသော. . အမိုးနှင့် ဖိုးလစ် အလောင်းတွေကို ပွေ့ဖက်ပြီး အားလုံးကြေကွဲခြင်း၊ နာကြည်းခြင်းများနှင့်. . .

"ဒင်းတို့ကို ငါသတ်မယ်"

"ဖိုးနစ်. . ."

အမေဖြစ်သူနှင့် ညီဖြစ်သူအတွက် နာကြည်းမှုတွေက မီးတောက်မီးလျှံသဖွယ် ခံစားနေရလေပြီ။

"နန်းဟာ. . တကယ့်ကို ဂုဏ်ယူထိုက်တဲ့တော်လှန်ရေးရဲ့မေတစ်ဦးပဲကွာ. . သူ့အတွက် ငါတို့အားလုံးလက်စားပြန်ပြီးချေရမယ်၊ ဒီလက်စားချေခြင်းဟာ မတရားအနိုင်ကျင့်နေတဲ့ လူတွေကို အမှန်တရားအတွက်. . လက်စားချေခြင်းတစ်ခုပဲ ကြေကွဲ ဝမ်းနည်းနေလို့မပြီးဆုံးဘူး. . လုပ်စရာရှိတာတွေကို လုပ်ကြရမယ်"

မီးလောင်ကျွမ်းပြီး ပျက်စီးယိုယွင်းနေသော အိမ်တွေကို ပြန်ပြုပြင်ဖို့နှင့်. . အမိုးနှင့် ဖိုးလစ်တို့၏ရျာပနကို ကောင်းမွန်စွာ သင်္ဂြိုဟ်ဖို့အတွက် ပြင်ဆင်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောရယ်. . ငါ့အဖေရဲ့လုပ်ရပ်တွေကိုကြည့်ပြီး၊ ငါလိပ်ပြာမသန့်ဘူးဟာ. . ."

"သျှင်ငယ်. . နင့်ဖခင်မကောင်းတာနဲ့ နင်ပါရောပြီး မကောင်းဘူးလို့ သတ်မှတ်လို့မရဘူးလေ"

"ငါ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီပြော"

"ဟင်. . နင် ဘာဆုံးဖြတ်ချက်ချလိုက်တာလဲ သျှင်ငယ်"

"နင်တို့နဲ့အတူ ဒီတိုက်ပွဲပြီးဆုံးတဲ့အထိ ငါကျွမ်းကျင်တဲ့ ဆေးပညာနဲ့ ဆေးကုသပေးပြီးပါဝင်မယ်"

"ကောင်းတာပေါ့. . သျှင်ငယ်ရယ်"

"အရေးကြီးတာတစ်ခုကိုတော့ လုပ်ရဦးမယ်"

"ဘာများလဲ. . ."

"ငါ့မှာပါလာတဲ့ ဆေးကသိပ်ပြီးမလောက်တော့ဘူး. . အများဆုံး ကုသပေးရင် လူ(၅)ယောက်ထက် ပိုနိုင်မှာမဟုတ်ဘူး. . ပြီးတော့ ဆေးရနိုင်တဲ့နေရာကို ရှာဖွေရတော့မယ်"

"ကိုပြော"

"ဘာလဲ. . ဖိုးသား"

"နေရာတစ်ခုတော့ရှိတယ်. . ကမာပါဒေသကမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာရေးဆေးခန်းကြီးတစ်ခုရှိတယ်. . အလံနီတွေ ဒီနယ်မြေကိုခြေချကတည်းက ဆေးမှူးရော၊ သူနာပြုဆရာမနှစ်ယောက်ရော. . ဒင်းတို့လက်ချက်နဲ့သေဆုံးပြီး ဆေးခန်းကြီးကိုဒီအတိုင်းပစ်ထားတာကြာပြီ"

"အဲဒီမှာသွားပြီး သယ်ရင်ကောင်းမယ်. . ဒီရွာအခြေအနေက. . ဘယ်လိုရှိလဲဖိုးသား"

"ဒီရွာက တောကြီးကိုကျောပေးပြီး တည်ထားတာဆိုတော့. . အလံနီတပ်တွေအတွက် အလွယ်တကူသွားနိုင်တဲ့ရွာကလေးပဲ. . အရင်ကတော့တပ်စွဲထားတယ်၊ ခုတော့အစိုးရတပ်တွေကြောင့် တောထဲမှာစခန်းလုပ်ထားတာကိုသိထားတယ်"

"စွန့်စားပြီးသွားရမယ့်ခရီးပဲ. . အမိုးတို့ရွာပနပြီးရင်သွားကြမယ်"

"မြေ. . ."

"သျှင်ငယ်"

"သွားရင်. . ငါပါလိုက်မယ်"

"ဟာ. . မဖြစ်ဘူး. . သျှင်ငယ်၊ ခရီးက အန္တရာယ်များတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မျှားပါစေဟာ. . ငါပါမှလိုအပ်တဲ့ဆေးဝါးတွေကို သယ်ယူနိုင်မှာ နင်တို့ချည်းပဲသွားရင် မလိုအပ်တဲ့ဆေးတွေပါ လာရင် အပိုပဲဟ"

"ချွင်ငယ်"

"ဘာလဲ. . အိမ်သူ"

"မလိုက်သွားပါနဲ့ဟာ. . ကမာပါက သွားရမှာအဝေး ကြီး. . ."

"ဘယ်လောက်ဝေးဝေးဟာ. . ငါလိုက်မှ အကျိုးရှိမှာ"

"ကလေးမရဲ့ဆုံးဖြတ်ချက်ဟာ မှန်တယ်မောင်ပြေ. . သူပါလိုက်တော့ အကျိုးရှိနိုင်တဲ့ဆေးဝါးတွေကို သယ်နိုင်မှာပေါ့"

"ဟူး. . ."

ပြေတစ်ယောက် ဘာမှဆက်ပြီးမပြောတော့ဘဲ. . ချွင်ငယ်နှောင်းမျက်နှာလေးကို ကြည့်မိလိုက်သည်။

ချွင်ငယ်နှောင်းမျက်နှာဆီမှာ တက်ကြွသောအသွင်ကို ဆောင်လျှက်. .။

၈ ၇ ၈



www.burmeseclassic.com

www.burmeseclassic.com

မနက်အရုဏ်မဘက်မီ လရောင်လေးနှင့်. . . ပြေ

သျှင်ငယ်နှောင်း၊ ဖိုးသား၊ ဖိုးနေပ်နှင့် စောရူးတို့(၅)ယောက်ထွက်

လာခဲ့ကြသည်။ ရေလမ်းကြောင်းက အန္တရာယ်များသောကြော

လယ်ကွင်းပြင်နှင့် တောလမ်းလေးတွေဆီမှ ခြေလျင်လျှောက်

ကြသည်။

"သျှင်ငယ် မောနေပြီလား"

"ဘာလဲ. . နင်က ငါ့ကိုဆရာဝန်ဆိုပြီး အထင်သေ

တာလား။ ဆေးတက္ကသိုလ်တုန်းက ဘတ်စကက်ဘောအသင်း

မှာကစားခဲ့တာ. . ဒီလောက်တော့ ဘာမှမဖြစ်ဘူး၊ ခု

လရောင်လေးနဲ့ လမ်းလျှောက်ရတာကို စိတ်ထဲမှာကြည်နူး

သလိုပဲ. . ငါတို့ဘယ်အချိန်လောက်မှ ရောက်နိုင်မလဲ"

"လမ်းမှာမနားဘူးဆိုရင် နံနက်(၇း၀၀)လောက်

ရောက်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့သေနတ်တွေကို ရွာဝင်ရင်ဘယ်လိုလုပ်ခဲ့မှာလဲ"

ပြေတို့(၄)ယောက်လုံးမှာ ခြောက်လုံးပြူးကိုယ်စီယူဆောင်လာခြင်းဖြစ်သည်။

"ဒီလိုပဲဖွတ်ပြီးယူရမှာပေါ့ ချင်ငယ်. . အန္တရာယ်ကြုံရင် ကိုယ့်ဘက်က လက်နက်မရှိလို့မဖြစ်ဘူး"

ပြေတို့စကားပြောရင်း လျှောက်လာခဲ့စဉ်. . .

"ဟာ. . ဟိုမှာမီးရောင်တွေ"

"ဟုတ်တယ်"

မီးတုတ်တွေနှင့် လူတစ်စုကိုတွေ့လိုက်ရသဖြင့် သစ်ပင်အွယ်တွေမှာပုန်းပြီး. . စောင့်ကြည့်လိုက်ကြသည်။ လူတစ်ယောက်ကိုလက်ပြန်ကြိုးတုပ်ပြီး ခေါ်ဆောင်လာခြင်းဖြစ်သည်။

"ခွေးမသားကို ဒီမှာပဲသတ်ကွာ"

နောက်မှလိုက်ပါလာသော(၃)ယောက်ထဲမှတစ်ယောက်အပြောလိုက်သည်နှင့် ဖမ်းလာသောသူကို ဒူးထောက်ခိုင်းပြီး. .

"မင်းကို နောက်ဆုံးအခွင့်အရေးပေးမယ်. . အစိုးရအပ်တွေဘယ်နေ့လာမှာလဲ"

"ကျုပ်မသိဘူး. . သတ်ချင်သတ်လိုက်"

"ကြာပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုင်း. . အား"

သေနတ်ကျည်ဆံက ပြေတို့ဘက်မှ ထွက်သွားသော အသံဖြစ်ပြီး. . ပထမသေနတ်သမား နောက်ပြန်ကျသွားပြီး ဘေးမှ(၂)ယောက်အံ့အားသင့်နေသည်ကို အခွင့်ကောင်းယူပြီး ဖိုးနစ်သပ်ပြီးပစ်ချလိုက်သည်။

"ခွေးမသားတွေ သေ. . သေ"

"ဖိုးနစ်တော်တော့ သေနေပြီ"

သေနေသည့်(၃)ကောင်ကို ဖိုးနစ်နာကြည်းချက်များ နှင့် ကန်နေခြင်းကို ပြေ တားလိုက်သည်။ ပြီးမှ. . ဖမ်းဆီးလာ သူ ကြိုးဖြေပေးလိုက်သည်။

"မင်းက ဘယ်ရွာမှာနေတာလဲ"

"ကမာပါ၊ကပါ. . ဆရာတို့က ဘယ်သူတွေလဲ၊ အစိုး တပ်ကလား"

"အစိုးရတပ်ကတော့မဟုတ်ဘူး. . ဒါပေမယ့် အစိုး တပ်ကိုပဲ ဒ႑လံနီကောင်တွေကို တိုက်ခိုက်နေတဲ့ အဖွဲ့"

"ဟာ. . ကျေးဇူးပါပဲဆရာ. . ကျွန်တော်က အစိုး သတင်းပေးတစ်ဦးပါ။ ဒါကို ဒီကောင်တွေသိသွားပြီး. . ခုလို ဖမ်းခေါ်ပြီးသတ်ဖို့လုပ်ကြတာ. . ဆရာတို့ကယ်လို့ အသက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရတဲ့ဘဝပါ။ ဒါနဲ့ဆရာတို့က ဘယ်ကိုသွားကြမှာလဲ"

"မင်တို့က ကမာပါ့ကကိုး. ."

"ဟင်. . ဘာကိစ္စများရှိလို့လဲ"

"ဆေးခန်းကိုသွားပြီး ဆေးတွေသယ်ချင်လို့. . ကမာပါ အခြေအနေ ဘယ်လိုရှိလဲ"

"ရွာမှာက အလံနီတပ်တွေရှိတော့ ရှိတယ်. . ဒီလောက်ကြီးမဟုတ်ဘူး၊ ကျွန်းချောင်းရွာက သူကြီး ဦးအုံမောင်ရဲ့တပည့် တွေကြီးစိုးနေကြတာ"

"ကျွန်းချောင်းမှာ ဘာလို့မနေတာလဲ"

"နေလို့မရတော့ဘူးလေ. . ကျွန်းချောင်းကို စစ်တပ်က သိမ်းလိုက်ပြီး. . တပ်စွဲထားတယ်၊ ဒါကြောင့် ဦးအုံမောင်တို့အား လုံး အလံနီတွေနဲ့ပေါင်းပြီး ဒီမှာနေကြတာ"

ဖခင်ဖြစ်သူ၏သတင်းကို ကြားရတော့ သျှင်ငယ်နှောင်း စိတ်မကောင်းဖြစ်ပေမယ့်. . ခုချိန်မှာ ဘယ်လိုမှမရနိုင်တော့ ပေ။ သူမဖခင်၏ မိုက်ပြစ်မိုက်ဒဏ်ကို ခံရဖို့ပဲရှိတော့သည်။

"မင်း. . ငါတို့ကိုကူညီနိုင်မလား"

"ကူညီပါမယ်ဗျာ. . ရွာမှာကျွန်တော့်လိုပဲ အမာခံသူ တွေရှိပါတယ်. . သူတို့နဲ့ဆက်သွယ်ပြီး လှုပ်ရှားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် အဆင်ပြေတာပေါ့. . သွားကြမယ်၊ မင်းနာမည်ကရော. . ."

"မိုးထွန်းလို့ခေါ်ပါတယ်"

ပြေက. . အားလုံးနှင့်မိတ်ဆက်ပေးပြီး၊ ရွာဆီသို့လာခဲ့ကြသည်။

"အနောက်ဘက်လမ်းက ဝင်ရင်. . အန္တရာယ်များကင်းမယ် ဆရာပြေ"

"မင်း. . ကောင်းသလိုပဲလုပ် မိုးထွန်း"

မိုးထွန်းခေါ်ဆောင်သည့် နောက်မှလိုက်ခဲ့ကြပြီး ရွာနောက်ဘက် ငှက်ပျောတောဆီသို့ရောက်ခဲ့သည်။

"ဆရာပြေတို့. . ဒီမှာခဏစောင့်"

"အေး. . ."

မိုးထွန်း. . သူတို့ကို ငှက်ပျောတောထဲမှာထားခဲ့ပြီး ငှက်ပျောခြံထဲရှိတဲလေးဆီသို့ ထွက်သွားပြီး. . သိပ်မကြာ ပြန်ရောက်လာသည်။

"ဆရာပြေ. . သွားမယ်"

"အေး"

တဲအိမ်ကလေးဆီသို့ ခေါ်ဆောင်လာပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"တဲပေါ်တက်ခဲ့ကြဟေ့. . ."

တဲထဲမှ အမျိုးသားကြီးတစ်ယောက် ခေါ်လိုက်သော ကြောင့် အိမ်ပေါ်သို့တက်ခဲ့ကြသည်။ မိုးကလည်း လင်းစပြုနေ လေပြီ. . .

"မောင်ရင်တို့ ဆေးခန်းကိုဝင်မယ်ဆိုရင် ခုအလင်းရှိတဲ့ အချိန်ဝင်လို့ မလွယ်လှဘူး. . ညကိုစောင့်ရမယ်"

"ကျွန်တော်တို့လည်း ဒီလိုပဲတွက်ထားတာပါ. . မနက် ပိုင်းမှာ အခြေအနေကိုလေ့လာပြီး. . ညပိုင်းကျမှဝင်မှာပါ"

"ညပိုင်းဝင်ဖို့အတွက် ဦးလေးတာဝန်ထား. . ဦးလေး ကျွဲတဲက မင်းတို့ဝင်မယ့်ဆေးခန်းနားမှာဆိုတော့ မင်းတို့ဝင်မယ့် အချိန် ဦးလေးဘက်က ပြင်ဆင်စရာတွေပြင်ဆင်ထားမယ်"

"ကောင်းတာပေါ့ ဦးလေး"

"အင်း. . ငါ့တူတို့လို လူငယ်တွေရှိမှ ဒီကောင်တွေရန် က အမြန်ဆုံးလွတ်မြောက်မှာ. . အစိုးရတပ်တွေကလည်း ဒီ ကောင်တွေကို မြလှန်နေပါပြီ. . သူတို့ချင်းလည်း ကွဲပြဲနေကြ ပြီးအချင်းချင်းသတ်ကြဖြတ်ကြနဲ့ ကြာရင်ကိစ္စတုံးတော့မှာ"

"ကျွန်မတို့က တစ်နေ့လုံးဒီထဲမှာပဲ နေကြရမှာလား"

"ဟုတ်တယ် တူမ. . ဒီနေရာလေးက လုံခြုံတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ခြံထဲဝင်လာရင်လည်း. . ဒီကောင်တွေ မတွေ့နိုင်တဲ့ နေရာကိုဦးလေးလုပ်ထားတယ်. . ဟောဟိုက ကောက်ရိုးပုံကြီး ဘေးက ညောင်ပင်ကြီးထဲမှာ လူ(၆)ယောက်လောက်နေလို့ ရတဲ့သစ်ခေါင်းကြီးရှိတယ်. . ကောက်ရိုးတွေကြားထဲက လမ်း လုပ်ထားတာ. . မျိုးထွန်း"

"ပြောပါ. . ဦးသာစံ"

"ကလေးတွေအတွက် စားသောက်ဖို့. . စီစဉ်ပေးလိုက် ဦး၊ မင်းရွာထဲမထွက်နဲ့ မင်းပထွေးတွေက မင်းမသေဘူးဆိုတာ သိရင်. . ခေါင်းမီးတောက်ပြီး ရွာကိုရန်ရှာတော့မှာ. . ငါအပြင် သွားပြီး သတင်းလေးဘာလေး စုံစမ်းဦးမယ်"

"ဟုတ်ကဲ့. . ."

ဦးလေးဦးသာစံ ထွက်သွားပြီး၊ ပြေတို့(၅)ယောက်ထဲမှ တစ်ချို့မှာ တဲပေါ် တွင်ကျောခင်းကာ လှဲချလိုက်သည်။

"စိတ်ချပြီးသာ အနားယူပါ. . အစောင့်တာဝန်ကိုကျွန် တော်ယူပါ့မယ်"

သျှင်ငယ်က ခရီးပန်းလာသောကြောင့် ပြေပခုံးလေးကို မှီပြီးအနားယူနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အမှောင်ထုကိုရောက်သည်နှင့် မြေတို့အပြင်ဆီသို့ ထွက်လာခဲ့ကြသည်။ ရွာထဲတွင် အလံနီတပ်ဖွဲ့ဝင်တွေနှင့် ကျားနီတို့လူစုသာ အရက်မူးပြီးသွားလာနေကြသည်။ ရွာသူရွာသားတွေက အပြင်ကိုတစ်ယောက်မှမထွက်သလို မီးခွက်တောင်မထွန်းကြတော့ပေ. . .

"ဒိုင်း. . ဒိုင်း. . ဒိုင်း. . ."

"ဟား. . ဟား. . ဟား"

သေနတ်ကို မိုးပေါ်ပစ်ဖောက်ပြီး၊ ရွာသူရွာသားတွေ စိတ်ချောက်ချားအောင် ကျားနီတို့ပြုလုပ်နေကြသည်။

"ဟိုရှေ့က မြင်နေရတာဆေးခန်းပဲ. . ကျွန်တော်တို့က ဘေးကနေသွားပြီး ဦးသာစံတဲကိုဝင်ရမှာ"

မိုးထွန်းပြောသည့်အတိုင်း ကျွဲတဲကြီးဆီသို့ ဝင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာကြ . . ဒီကောင်တွေက ဆေးခန်းကိုသိပ်ပြီး အလေးထားတာမဟုတ်ဘူး . . ဆေးခန်းကို သူတို့ညအိပ်စခန်း လောက်ပဲနေကြတာ"

"ဦးလေးသာစံ . . ဆေးခန်းထဲမှာ ဘယ်နှစ်ယောက် လောက်ရှိလဲ"

"(၃)ယောက်လောက်ပဲ ကျန်ခဲ့တယ် . . တခြားကောင် တွေကအပြင်မှာထွက်ပြီး ပေါက်ကရလုပ်နေကြတယ် . . ငါရှေ့ ကနေ ဟိုလိုလိုဒီလိုလိုနဲ့ ဒီကောင်တွေကို အရက်ပုလင်းပေးပြီး စကားပြောမယ် . . မင်းတို့ နောက်ကနေဝင်ပေတော့ . . "

ဦးသာစံ အသင့်ဝယ်ထားသော အရက်ပုလင်း(၂)လုံး ကိုကိုင်ပြီး ဆေးခန်းထဲသို့ ဝင်သွားသည်။

"ဦးသာစံ . . ဘာလဲ အရက်လာပြီးပို့တာလား"

"ဟုတ်တယ်ကွ . . မင်းတို့(၃)ယောက်တည်းလား . . ကျန်တဲ့လူတွေရော"

"သိတဲ့အတိုင်းလေး ရွာထဲသွားပြီးအရက်သောက်မယ် ဟိုဟာ ဒီဟာလုပ်မှာပေါ့ဗျာ . . ကျုပ်တို့တောင် အရက်ပြတ်သွား လို့ ရွာထဲသွားပြီးရှာဖို့လုပ်နေတာ ခင်ဗျားပါလာတာအဆင် သင့်တာပေါ့ . . ပေးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရော့"

ဦးသာစံ အရက်ပုလင်းတွေကိုပေးပြီး ဝိုင်းဖွဲ့ထိုင်နေလိုက်သည်။

"အမြည်းမရှိဘူးလား"

"ရှိတယ် . . အခန်းထဲမှာ"

"သွားယူဗျာ"

"ငါတစ်ယောက်တည်း မသွားရဲတော့ဘူး"

"ဘာဖြစ်ရတာလဲ"

"အခန်းက အရင်လိုမဟုတ်ဘူး . . သရဲခြောက်သလိုလို ဘာလိုလိုနဲ့ကွ"

"ခင်ဗျားဗျာ . . အသက်ကြီးမှသရဲကြောက်ရတယ်လို့ အားနီ . . မင်းလိုက်သွား . ."

"ကဲ . . လာဗျာ . . ဘာသရဲလဲ . . အားနီနဲ့တွေ့သွားရင် သရဲဘဝပါပြောင်းသွားမယ်မှတ်"

ဆေးခန်းအမြင်ဘက် ကွပ်ပျစ်ပေါ်တွင် (၂)ယောက်ပဲကျန်ရစ်ချိန်တွင် . . .

"ကိုပြေ . . ဒီကောင်တွေကို မရှင်းဘဲဝင်မလား"

"ရှင်းပြီးဝင်မှ ကောင်းမယ် . . ဒါမှ တို့ယူစရာရှိတာကို



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကင်းကင်းသယ်ယူနိုင်မှာ"

"သျှင်ငယ်. . မင်းရှေ့က အယောင်ပြလိုက်ပါလား. . လုပ်ရဲတယ်မဟုတ်လား"

"လုပ်ရဲပါတယ်"

သျှင်ငယ် ထဘီလေးကို ခပ်တိုတိုဝတ်ပြီး ထွက်သွားသည်။

"ဟင်. . မင်း. . မင်း. . ."

"ဥစ္စာစောင့်လား မသိဘူး"

"ဟာကွာ. . ကျောက်ရှူး. . ဘာဥစ္စာစောင့်မှမဟုတ်ဘူး. . လူ. . လူကွ. . ဟုတ်တယ်မဟုတ်လား ညီမလေး"

"သိပ်ဟုတ်တာပေါ့. . ကျွန်မဒုက္ခရောက်လာလို့ ဝင်ပြီးအကူအညီတောင်းရတာပါ"

"ကူညီ. . ကူညီရမှာပေါ့ကွာ၊ လာ. . လာ. . ဘာမှ အားမငယ်နဲ့. . ကြားလား"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ. . ဪ. . အစ်ကို မရှိမသေ ကျွန်မအပေါ့သွားချင်လို့"

"ဟဲ. . ဟဲ. . ကို. . ကိုယ်လိုက်ပို့ပေးမယ်. . ကျောက်ရှူး မင်းဒီက စောင့်နေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မဲဇာ"

"ကျောက်ရှူး . . မင်းပါးစပ်ပိတ် . . ငါသဘောပေါက်တယ်"

"ဒါဆိုပြီးရော . . ."

သျှင်ငယ်နှောင်း မဲဇာဆိုသည့်ကောင်ကို ခေါ်သွားသည်နှင့် . . ဖိုးနစ်က ကျန်ခဲ့သော ကောင်ကို အသံတိတ်ရှင်းလိုက်သည်။

"ဟော့ကောင် . . ."

"မင်း . . မင်း"

"ခွပ် . . အိ"

ပြေ . . သျှင်ငယ်နှင့်အတူပါလာသောမဲဇာကို သေနတ်ခင်နှင့် ရိုက်ချလိုက်သလို ဦးသာစံနောက်ကကောင်ကိုလည်း ဖိုးသားတို့က ရှင်းလိုက်သည်။ ဆေးခန်းထဲသို့ဝင်ပြီး . . သျှင်ငယ်နှောင်း သူမလိုအပ်သော ဆေးဝါးတွေကို အိတ်ထဲသို့ထည့်ကာ . . .

"ပြေရေ . . ဒီလောက်ဆို တော်တော်လေးပြည့်စုံပြီ . . သွားကြရအောင် . ."

ကျောပိုးအိတ်ထဲမှာ ဆေးဝါးတွေကိုထည့်ပြီး ဆေးခန်း



www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ရောက်သည်နှင့်. . .

"ကဲ. . သွားကြတော့ ဒီကောင်တွေ ပြန်ပြီးမရောက်ခင် သွားကြ"

"ဆရာပြေ"

"ဘာလဲ မျိုးထွန်း"

"ကျွန်တော် ဆရာတို့နဲ့လိုက်ပါရစေ"

"လိုက်ချင်တဲ့ဆန္ဒရှိရင် လိုက်ခဲ့ပေါ့ကွာ. . မင်းက ဒီမှာ ဆက်ပြီးနေလို့မှ မရတော့တာ"

"ဟေ. ဟိုမှာ ခြေသံတွေကြားတယ်"

"ဟေ့. . ရန်သူ. . ပစ်. . ပစ်"

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

သေနတ်သံတွေက ဆက်တိုက်ထွက်ပေါ်လာပြီး ပြေတို့ အဖွဲ့ကို ဝိုင်းပြီးပစ်ခတ်ကြသည်။ ဒါပေမယ့် အရက်မူးပြီး ထင် ရာပစ်နေကြသဖြင့် တခြားစီဖြစ်နေသည်။ ပြေတို့ကတော့ ပြန် ပြီး ခုခံဖို့ထက် ထွက်ပေါက်ဆီကို ပြေးခဲ့ကြတော့သည်။

"ရှေ့မှာ ချောင်းရိုးရှိတယ် ဆရာပြေ"

"အေး. . သျှင်ငယ်. . ငါ့လက်ကို ဆွဲပြီးလိုက်ခဲ့"

သျှင်ငယ်ချောင်း ပြေ့လက်ကိုဆွဲပြီး အမှောင်ထုထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားခဲ့ကြသည်။

"လိုက်. . လိုက်. . တစ်ယောက်မှမလွတ်စေနဲ့"

ပြေတို့အနောက်ဘက်မှ အသံပြုပြီး လိုက်ခဲ့ကြပေမယ့် နည်းနည်းအလှမ်းဝေးနေလေပြီ. . .

"မျိုးထွန်း. . ချောင်းကို ဘယ်လိုကျော်မလဲ"

"ကျော်စရာမလိုပါဘူး ဆရာပြေ. . ချောင်းရိုးအတိုင်း ထွက်ရမှာပါ"

"ဘယ်မှာလဲ လှေ"

"မပူပါနဲ့ ကျွန်တော်စီစဉ်ပါ့မယ်"

မျိုးထွန်း ချောင်းရိုးနံဘေးမှ ချုံကြီးထဲဆင်းသွားပြီး စက်တပ်ထားသောလှေ တစ်စီးကို ဆွဲထုတ်လာသည်။

"ကဲ. . တက်ကြတော့ သွားမယ်"

ပြေတို့အားလုံး စက်လှေပေါ်သို့ ရောက်သည်နှင့် စက်နှိုးကာ မောင်းထွက်ခဲ့တော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

"သျှင်ငယ် ဝပ်နေ"

စက်လှေကို အဝေးမှ လှမ်းပြီးပစ်ခတ်မှုမှာ ထိရောက်မှု မရှိလှပေ။ ပြေတို့စက်လှေကလေး ချောင်းရိုးအတိုင်းစက်ရှိန်



www.burmeseclassic.com

www.burmeseclassic.com



မြင့်စွာနဲ့ မောင်းနှင်သွားလေတော့သည်။

"မြစ်ဘက်ရောက်ရင် ခြေလျင်ဆက်ပြီးသွားမယ် မျိုးထွန်း"

"ဟုတ်တယ် ဆရာမြေ. . အလံနီတပ်တွေက မြစ်ကမ်း စပ်တွေမှာ ရှိနေကြတယ်. . ခုလောက်ဆို ကျွန်တော်တို့ကို ကြောင်းလိုင်းလမ်းတွေက ပိတ်ဆို့ထားလောက်ပြီ"

ကောင်းကင်ထက်တွင် ထိုးထွက်စပြုနေသော လမ အလင်းအောက်တွင် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။

"မြေ. . တကယ်ကို ရင်မောစရာကြီးပဲနော်. . ငါမြင် ခုမှပဲ အသက်ရှူချောင်တော့တယ်"

လရောင်လင်းတန်းလေးအောက်တွင် သျှင်ငယ် အပြုံးလေးကို တွေ့လိုက်ရသည်၊

"ငါတို့အတွက် အောင်မြင်မှုက တစ်ဝက်ရခဲ့ပါပြီ. . ရွာကိုပြန်ရောက်မှပဲ သက်ပြင်းချတော့ သျှင်ငယ်ရေ"

"မြေ"

"ဘာလဲ သျှင်ငယ်"

"ငါ့ကို သေနတ်ပစ်သင်ပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . မလုပ်ပါနဲ့ သျှင်ငယ်ရယ်. . လူတွေရဲ့အသက်ကိုကယ်တဲ့ နင့်လက်ထဲမှာ လူကိုသေစေတဲ့ သေနတ်ကိုင်ဖို့ မကောင်းလှပါဘူး"

"ကိုယ့်အသက်ကို ရန်ရှာလာရင် ကာကွယ်ဖို့တော့ လိုအပ်တယ်လေ"

"ဟုတ်တယ် ကိုပြေ. . မမသျှင်ငယ်ကို သေနတ်ပစ်တော့ သင်ပေးလိုက်ပါ. . ဒါမှ အရေးကြုံရင် ရင်ဆိုင်လို့ရမှာပေ့ါ"

"ကောင်းပြီ. . ရွာရောက်တဲ့အခါ သင်ပေးမယ်"

စက်လှေကလေးမှ မြစ်ဝဆီသို့ ရောက်လုလုမှ စက်ရှိန်သတ်လိုက်ပြီး ကမ်းဆီသို့ ကပ်လိုက်တော့သည်။

"ခြေလျင်. . ခရီးဆက်ဦးစို့"

သျှင်ငယ့်လက်ကလေးကို ဆွဲကိုင်ပြီး ကမ်းပေါ်သို့ တင်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အလံနီတပ်တွေက ဧရာဝတီတိုင်းနယ်မြေခွင်ကနေ
ဆုတ်ကုန်ကြပြီး၊ တချို့က လက်နက်ချလိုက်ကြသည်။

ဦးစောသာဒိုးဆီက ကြားလိုက်ရသောသတင်းကြောင့်
ပြေတို့အားလုံး ပျော်ရွှင်သွားသည်။ တိုက်ပွဲတွေကြားမှာ ဖြတ်
သန်းခဲ့ရသောဘဝကို ပြေငြီးငွေ့ခဲ့လပြီ. . အိမ်သူ၏ကိုယ်ဝန်
က ဗိုက်ကလေးပင်ထွက်နေလေပြီ. . .

သျှင်ငယ်နှောင်းကတော့ ရွာလေးထဲတွင် ဆေးခန်းက
လေးဖွင့်ပြီး တိုးတိုးတိတ်တိတ် ဆေးကုနေရသည့်ဘဝက. .
လွတ်မြောက်တော့မည်ဖြစ်သောကြောင့် ပျော်ရွှင်နေလေသည်။

"မောင်ပြေ. . ."

"ဗျာ. . ဦးလေး"

"ငါတို့တစ်တွေ ဒီကောင်တွေတပ်ဆုတ်သွားပြီဆိုပြီး
ပေါ့လျော့လို့မရဘူး. . ဒီကောင်တွေဆုတ်လမ်းကြောင်းက ငါတို့

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



ရွာနဲ့ဆက်စပ်နေတယ်"

"ဟင်. . ."

"ဟုတ်တယ် ကိုပြေ. . ဒီကောင်တွေ ဒီကနေဆုတ်ပြီး ထွက်မှရမှာ. . ."

"ဒါဆိုရင်တော့. . ရွာကိုလုံခြုံရေးလုပ်ဖို့ ပြင်ဆင်ရမယ်. . ."

"ငါလည်း ဒါကိုပြောမလို့ဘဲ. . စစ်တပ်ဘက်ကသတင်းပို့ထားတယ်. . ငါတို့ရွာကနေ ဒီကောင်တွေကို ပိတ်ဆို့ပြီး တိုက်ပေးထားပါတဲ့"

"ဦးလေးဗိုး. . ကျွန်တော်တို့ခုကတည်းက ပြင်ဆင်မှဖြစ်မယ်၊ ဖိုးနစ်နဲ့ ဖိုးရွှန်. . ရွာကလူတွေနဲ့တောထဲမှာ ဝါးတွေသွားပြီးခုတ်၊ ကျန်တဲ့သူက ကတုတ်ကျင်းတူးတဲ့သူကတူးပြီး. . ခိုင်ခိုင်မာမာ ပြင်ဆင်ရမယ်"

"တစ်ရွာလုံး တက်ညီလက်ညီလုပ်ရမှာပဲ. . ငါ့ရွာထဲက လူအားလုံးကို ပေါက်တူး၊ တူရွင်းတွေနဲ့ထွက်ခိုင်းလိုက်မယ်"

ဦးစောသာဗိုး. . ဖိုးနစ်တို့တာဝန်ကိုယ်စီနှင့် ထွက်သွားကြပြီး. . ပြေပေါက်တူးကို တဲပေါ်သို့တက်ယူပြီးအထွက်တွင်. .

"ပြေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သူ. . ဘာလို့ရေဆွဲနေရတာလဲ ခက်တော့တာပဲ ဒီမိန်းမတော့. . ."

"ပြေရယ်. . ကိုယ်ဝန်ကမရင့်သေးပါဘူး၊ လုပ်လို့ရပါတယ်"

"ရင့်ရင့် မရင့်ရင့်မလုပ်နဲ့"

"ဟော့. . ဒီလင်မယား ဘာတွေတွတ်ထိုးနေတာလဲ"

"သျှင်ငယ်. . မင်းသူငယ်ချင်းကို ကြည့်ပြောဦး. . ဒီမှာ ရေတွေဆွဲနေတယ်"

"အိမ်သူ. . ငါ့စကားကိုနားမထောင်ဘူးလား"

"မဟုတ်ပါဘူးဟာ. . ငါလုပ်နိုင်သလောက် လုပ်တာပါ"

"ဩော်. . ပြေ. . မှာကိုစည်းရိုးကာမလို့ဆို"

"ဟုတ်တယ် သျှင်ငယ်. . အလံနီတပ်တွေ ဒီလမ်းကြောင်းကနေ ဆင်းလာမယ်လို့သတင်းရထားတယ်၊ ဒါကြောင့် ပြင်ဆင်ထားတာ"

"ငါလည်း လိုက်မယ်. . ."

"ဒေါက်တာမကြီးရယ်. . နေခဲ့ပါ၊ ဆေးခန်းမှာထိုင်ပြီး ဆေးပဲကုပါဗျာ. . သွားမယ်"

ပြေ. . ပေါက်တူးလေးကိုထမ်းပြီး၊ ထွက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"အိမ်သူ. . ."

"ဘာလဲ. . သျှင်ငယ်"

"နင်. . မြေကိုသိပ်ချစ်တာပဲလား"

"သျှင်ငယ်ရယ်. . ငါအမှန်အတိုင်းပြောရရင် သူ့ကို ငါကအဖျိုဘော်ဝင်စကတည်းက ချစ်ခဲ့ရသူပါ. . ဒါကြောင့် လည်း သူနဲ့ပတ်သက်ပြီး၊ ဘာမဆိုငါရင်ဆိုင်ဝံ့ခဲ့တာပါ. . နင်က ဘာလို့ မေးတာလဲ"

"ဘာလို့မေးရမလဲဟ. . သိချင်လို့ပေါ့၊ နင်တို့နှစ် ယောက်ဘဝလေးကို ခုလိုတွေ့မိတိုင်း ငါစိတ်မကောင်းဖြစ်မိ တယ်. . ."

"ဟယ်. . ဘာဖြစ်လို့လဲ"

"ငါ့အဖေကြောင့်. . ခုလိုနင်တို့ ဒုက္ခတွေကြုံနေရတာ တိုပါ"

"ဒီလိုတော့ နင့်စိတ်ထဲမှာစွဲမထားပါနဲ့ဟာ၊ ငါတို့ဘဝ တွေခုလိုဖြစ်ခဲ့ရတာက အလံနီကောင်တွေရဲ့ အယူအဆ သဘောထားတင်းမာမှုတွေကြောင့် ဖြစ်ခဲ့ရတာပါ. . ငါတို့ထင် ဆိုးဝါးတဲ့ အခြေအနေတွေတောင်ရှိဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ငါ့အဖေ လူမိုက်ကြီးလည်း ဘယ်လိုဘဝတွေ ကြုံတွေ့နေပြီလဲမသိပါဘူးဟာ"

"ငါ. . နင့်အတွက်စိတ်မကောင်းပါဘူး သျှင်ငယ်"

"စိတ်မကောင်းဖြစ်စရာ မဟုတ်ပါဘူး. . သူ့ရဲ့အတ္တ ကြောင့် သူ့ဘဝနစ်မွန်းနစ်ခဲ့တာပဲလေ. . နင်ပျင်းရင် ငါ့ဆေးခန်းကို လိုက်ခဲ့"

"ဩော်. . သျှင်ငယ်"

"ပြော. . အိမ်သူ"

"နင် ရန်ကုန်ပြန်ဖို့နီးစပ်နေပြီနော်"

"ရေလမ်းကြောင်းတွေ ပြန်ပြီးပွင့်ရင်တော့ ပြန်ရပြီပေါ့ ဟာ. . ငါလေ နင့်တို့နဲ့ခွဲပြီးပြန်ရမှာကို ရင်ထဲမှာဘယ်လိုမှခံစား လို့မရဘူး. . ငါက အစိုးရဝန်ထမ်းဖြစ်နေတော့ ကိုယ့်ကိုယ်ကို ကိုယ်မပိုင်ဘူးလေ. . အိမ်သူ ငါနဲ့တော့ အဆက်အသွယ်မပြတ် ပါနဲ့နော်"

"အေးပါ. . ."

တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်လိုက်ပြီး လျှောက်ခဲ့ကြသည်။

"ဆရာမ. . ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . အိုက်မေ"

"ဟို. . ဟို. . ဖိုးထူးမိန်းမ ဗိုက်နာနေလို့"

"အေး. . အေး. . ခု ဆေးအိတ်ယူပြီး လိုက်ခဲ့မယ်၊ သွားနှင့်. . ."

"ဟုတ်ကဲ့"

"အိမ်သူ. . ငါလိုက်သွားဦးမယ်"

"ကောင်းပြီ သူငယ်ချင်း"

အပြေးကလေး ထွက်သွားသော. . သျှင်ငယ်နှောင်း ကျောပြင်ကလေးကိုကြည့်ပြီး. . အိမ်သူသက်ပြင်းချမိလေသည်။ ဘဝချင်းမတူပေမယ့်. . သျှင်ငယ်နှောင်းသည် ငယ်ငယ်လေး ကတည်းကဖခင်ဖြစ်သူကိုဆန့်ကျင်ပြီး၊ သူတို့(၂)ယောက်ကိုခင် တွယ်ခဲ့သော သူငယ်ချင်းကောင်းတစ်ယောက်ပင်ဖြစ်သည်။

သျှင်ငယ်နှောင်းနှင့် ခွဲခွာရမယ်ဆိုသော အသိလေး ကြောင့်. . အိမ်သူ့ရင်ထဲမှာမကောင်းလှပေ၊ ဒါပေမယ့် မတူညီ ကြသောဘဝတွေကို ပိုင်ဆိုင်ထားသူတွေဆိုတော့ ခွဲခွာခြင်းဟာ အမှန်တရားတစ်ခုပင် မဟုတ်လား. . .။

၀ ၇ ၀



www.burmeseclassic.com

www.burmeseclassic.com

## ကောက်ညှင်းပေါင်းအနံ့

၇

"ကိုပြေ. . ."

ရွာ၏အပြင်ဘက်တွင် ကင်းစောင့်ချထားသော ဖိုးသားနှင့် မျိုးထွန်း အပြေးကလေးရောက်လာကြသည်။

"ဘာလဲ. . ဖိုးသား"

"အနီကောင်တွေလာနေပြီ"

"ဟင်. . ."

"အင်အား ဘယ်လောက်ရှိမလဲ. . ."

"(၅၀)ဝန်းကျင်လောက်ရှိမယ် ဦးလေးဒိုး"

"မောင်ပြေ. . အားလုံးကိုအသင့်ပြင်ထားနိုင်းပြီး. . ရွာထဲက ကလေး၊ လူကြီး၊ မိန်းကလေးတွေကို လုံခြုံတဲ့နေရာမှာအားလုံးရွှေ့ပြောင်းပြီး နေခိုင်းကြတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . ဖိုးနစ် မင်းရွာထဲကသူတွေကို ဘေးကင်းတဲ့ဆီကို သွားခိုင်းလိုက်တော့"

"ဟုတ်ကဲ့ . . ကိုပြေ"

ပြေနှင့် ဦးစောသာဖိုးတို့က လာနေသောအလံနီတပ်ဖွဲ့တွေကိုခုခံရန် အသင့်နေရာယူထားကြတော့သည်။

အဝေးဆီမှ ဆုတ်ပြေးလာကြသော အလံနီတပ်ဖွဲ့တွေကို မြင်တွေ့နေရလေပြီ. . .

"ဒီကောင်တွေပုံစံက. . ဆုတ်ပြေး ပြေးလာတဲ့ပုံပဲ"

"ဟုတ်မယ် ဦးလေးဖိုး. . သူတို့နောက်မှာ စစ်တပ်ပါလာနိုင်တယ်၊ ရွာတော့အရောက်မခံနိုင်ဘူး. . အပြင်ကဆီးပြီးတိုက်မယ်"

တဖြည်းဖြည်း နီးကပ်လာသောအလံနီတပ်ဖွဲ့ကြီးကတော့ သူတို့ကိုရန်မူမည့်သူမရှိတော့ဘူးထင်ကာ. . ဆုတ်ပြေးပြေးလာခဲ့ကြသည်။

"ပစ်"

ပြေ. . အသံပြုလိုက်သည်နှင့် ပစ်ခတ်သံတွေက ဆူညံပွက်လောရိုက်ပြီး၊ အလံနီကောင်တွေ အလူးအလဲဖြစ်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒက်. . ဒက်. . ဒက်. . ."

အလံနီအဖွဲ့တွေဘက်မှ ပြန်လည်ခုခံမှုတွေကြောင့်. . တိုက်ပွဲက ပိုပြင်းထန်သွားတော့သည်။ အနောက်မှ စစ်တပ်က လည်း တစ်ရှိန်ထိုးလိုက်ပြီးပစ်သောကြောင့် အလံနီတပ်ဖွဲ့အား လုံး အကျအဆုံးများသွားပြီး ပြေးပေါက်မရှိတော့ချေ။

"ဟာ. . ဟိုမှာ ဖိုးခွားလေး"

"ဒီကလေးကတော့ကွာ"

သေနတ်သံတွေကြောင့် ကလေးတစ်ဦး ပုန်းနေရာက နေ ပြေးထွက်သွားလေသည်။

ပြေ. . ကလေးနောက်က ပြေးလိုက်သွားတော့. . .

"ဒိုင်း. . အား. . ."

"မောင်ပြေ. . ."

ကလေးငယ်ဆီသို့ မရောက်ခင်သေနတ်မှန်ပြီး လဲကျ သွားသည်။

"ဟား. . ဟား. . ဟား. . ဒီကလေးက ငါ့ရဲ့ထွက် ပေါက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်ကို ပွေ့မပြီး . . သေနတ်နှင့်တော့လိုက်သူက. . ဦးအံ့မောင်၊ သူ့ဘေးတွင် ကျားနီ. . .

“အားလုံးတွေ့တယ်နော်. . မင်းတို့ဆက်ပြီးပစ်ရင် ကလေးကို သတ်ပစ်လိုက်မယ်”

“ဦးအံ့မောင်. . ခင်ဗျား ကလေးကိုလွှတ်ပေးလိုက်”

“ငမြေ. . မင်းကြောင့် ငါ့ဘဝခုလိုဖြစ်ရတာ မင်းကိုပါ သတ်မယ်. . ဘယ်မှာလဲ ငါ့သမီး”

“အဘ. . သမီးတောင်းပန်ပါတယ်၊ မြေ့ကိုမသတ်ပါနဲ့ ပြီးတော့ကလေးကို လွှတ်ပေးပြီးအဖမ်းခံလိုက်ပါ”

“ခွေးမ. . နင့်ပါးစပ်ပိတ်စမ်း၊ ဘယ်တော့မှငါဆိုတဲ့ကောင်က သူကြီးရာထူးဖယ်မှာ မဟုတ်ဘူး. . ဟား. . ဟား. . ဟား. . ကျားနီ ဘာကြောင်ကြည့်နေတာလဲ. . ဒီကောင့်ကို သတ်လိုက်တော့”

“သူ. . သူ. . ကြီး. . .”

“ဘာလဲ. . မင်း သွေးကြောင်နေပြီလား”

ကျားနီတစ်ယောက် သူ့ရဲ့ဇာတ်သိမ်း မကောင်းဘူးဆိုသည်ကို သဘောပေါက်လိုက်သောကြောင့်. . လက်နက်ချပြီး၊



www.burmeseclassic.com

www.burmeseclassic.com



အဖမ်းခံဖို့ စဉ်းစားလေသည်။

"ပစ်ဆို. . . ပစ်ကွာ"

ကျားနီ ပြေ့ကိုသေနတ်နှင့်ချိန်ပြီး မပစ်ရဲချေ. . .

"ကဲကွာ. . ဒိုင်း. . အား"

ကျားနီကို ဦးအံ့မောင်ပစ်ချလိုက်ခြင်းကြောင့် ပြေ့ဘေး နားသို့ ကျားနီမှောက်ပြီးကျသွားသည်။

"ဖေဖေ. . လက်နက်ချလိုက်ပါတော့"

"သျှင်ငယ်. . မလာနဲ့. . မလာနဲ့"

ဦးအံ့မောင် . . စိတ်ထဲဘီလူးဆရဲစီးသလိုဖြစ်သွားပြီး သမီးဖြစ်သူကိုပင် ရန်သူလို့ထင်မှတ်ကာ. . .

"နင့်ကိုလည်း သတ်ရမယ်. . နင်. . သစ္စာဖောက်. . သေစမ်း"

"ဒိုင်း. . အား"

"အဘ. . ."

ပြေ့. . မလွဲသာသည့်အဆုံးမို့ ကျားနီလက်ထဲမှ သေ နတ်နှင့် ဦးအံ့မောင်ကို ပစ်ချလိုက်တော့သည်။ တိုက်ပွဲကပြီးဆုံး သွားခဲ့လေပြီ၊ အာလိနီတပ်ဖွဲ့ဝင်(၁၀)ဦးနှင့်အတူ ရဲဘော်နိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကတော့ သွေးအိုင်ထဲတွင် ကျဆုံးခဲ့ပြီး ကျန်သည့် အင်အားစုတွေက လက်နက်ချလိုက်လေပြီ. . .

"သျှင်ငယ်. . ငါ့ကိုခွင့်လွှတ်ပါဟာ"

"မြေ. . ငါ. . ငါ. . နားလည်ပါတယ်၊ သူ့မိုက်ပြစ်အတွက် သူခံခဲ့ရတာပါ"

"နှင့်ဘက်က ခုလိုမြင်ပေးခဲ့တာကို ကျေးဇူးတင်ပါတယ် တစ်ခုတော့ နှင့်တို့တောင်းပန်ပါရစေ. . .

"နှင်. . ဘာပြောချင်လဲ မြေ"

"နှင့်အဖေကို ငါသတ်လိုက်ခြင်းဟာ နာကြည်းချက်တွေကြောင့် ကလဲ့စားချေခဲ့တာမဟုတ်ပါဘူး. . နှင့်အဖေရဲ့ ခန္ဓာကိုယ်ထဲမှာသိပ်ပြီးကြောက်စရာကောင်းတဲ့ စိတ်ရိုင်းတွေ ဝင်နေလို့ ငါတားလိုက်ရတာပါ"

"ငါ့အဖေနဲ့ ပတ်သက်ပြီး. . နောက်ဆုံးအခြေအနေကို ငါတွေးထားပြီးသားပါ မြေရာ. . ."

သက်ဆိုင်ရာစစ်တပ်များမှ. . .

"ဦးစောသာဒိုးနဲ့ ကိုပြေတို့နဲ့ ရွာကလူတွေအားလုံးကို ကျွန်တော်တို့ မှတ်တမ်းတင်ထားပါမယ်. . ခုဆို ရှေ့တော်နယ်



www.burmeseclassic.com

www.burmeseclassic.com



မြေအားလုံး အေးချမ်းသာယာသွားပါပြီ. . ခုအဖွဲ့ဟာ နောက်ဆုံးအဖွဲ့တစ်ခုပါ. . ဗြော်"

"ပြောပါ. . ဗိုလ်ကြီး"

"ဒေါက်တာကို ခေါ်ဆောင်ဖို့ အထက်ကညွှန်ကြားမှုပါတယ်. . ကျွန်တော်တို့တပ်နဲ့ တစ်ခါတည်းလိုက်ခဲ့ရပါမယ်"

"ရှင်. . ."

"ဟင်"

ခွဲခွာခြင်းသည် မမျှော်လင့်ဘဲ ရောက်ရှိလာပြီဖြစ်သည်။

"မြေ. . ."

"ငါတို့တွေ ပြန်ဆုံချင်သေးတယ်. . သျှင်ငယ်ရယ်"

"ဆုံကြရမှာပါ. . ရန်ကုန်မှာ ငါ့ဘက်ကရှင်းလင်းစရာတွေကို ရှင်းပြီးရင်. . နင်တို့ဆီငါ ပြန်လာခဲ့ပါဦးမယ်"

"သျှင်ငယ်"

"အိမ်သူ. . ."

"နင်. . စစ်တပ်နဲ့တစ်ခါတည်း လိုက်သွားရမယ်ဆို"

"ဟုတ်တယ် အိမ်သူ. . အထက်ကနေ တိုက်ရိုက်ခေါ်ခိုင်းတဲ့ ညွှန်ကြားလွှာပါလာခဲ့ပြီဆိုတော့. . ငါ ငြင်းလို့မရတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး. . ."

"ငါက. . နင်ငါ့ကို မွေးပေးမယ်လို့ထင်နေတာ. . ခုတော့. . ."

"အိမ်သူ. . နင်မွေးချိန်ကို ငါပြန်ရောက်နိုင်အောင်ကြိုးစားပေးပါ့မယ်"

"ဒေါက်တာ. . သွားကြရအောင်"

"ကောင်းပါပြီ ဗိုလ်ကြီး"

သျှင်ငယ်နှင့်အတူ မြလေးစံပါ လိုက်ပါသွားခဲ့ပြီဖြစ်သည်။

မြေတို့နှစ်ဦးကို ကျောခိုင်းထွက်သွားသော သျှင်ငယ်နှောင်းတို့၏ ကျောပြင်ကိုကြည့်ပြီး. . .

"မြေ. . ."

"ဘာလဲ. . အိမ်သူ"

"စိတ်မကောင်းဖြစ်နေလား"

"အိမ်သူရယ်. . ခရီးကြမ်းတစ်ခုလုံးမှာ အတူတူနေခဲ့ရတဲ့ သူငယ်ချင်းတစ်ယောက် ခုလိုခွဲခွာသွားတော့လည်း. . ရင်ထဲမှာ မကောင်းဘူးပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . မြေကိုတောင်းပန်စရာတစ်ခု ရှိတယ်"

"ဘာလဲ. . အိမ်သူ"

"လွန်ခဲ့တဲ့(၇)နှစ်လောက်က အဖြစ်အပျက်လေးတစ်ခုပါ. . သျှင်ငယ်ဆေးတက္ကသိုလ်တက်တဲ့နှစ်က ဒို့ဆီကိုစာတစ်စောင်ရောက်ခဲ့တယ်"

"ငါ့ဆီကိုလည်း ရောက်တာပဲ"

"နင့်ဆီကို ရောက်တဲ့စာနဲ့. . ငါ့ဆီကိုရောက်တဲ့စာက မတူဘူး"

"ဘာတွေ. . ကွဲပြားလို့လဲ"

"ကွဲပြားတယ်. . ခဏနေဦး"

အိမ်သူ. . အိမ်လေးထဲဝင်သွားပြီး၊ ပြန်ထွက်လာတော့ လက်ထဲမှာ နှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်သော စာအိတ်ကလေးကို လှမ်းပေးလိုက်သည်။

"နင်ဖတ်ကြည့်ရင် သိသွားမှာပေါ့"

"ဘာများလဲ အိမ်သူရယ်. . ."

"ဖတ်ကြည့်ပါဆို"

မြေ့စာအိတ်ကလေးကို ဖွင့်ပြီးဖတ်ကြည့်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ. .

"အိမ်သူ. . "

"ငါစာရေးလိုက်တယ်. .

ငါ ခုဆို. . ဆေးတက္ကသိုလ်တက်နေရပြီ၊ နင်တို့နဲ့လူချင်းမဆုံ

ပေမယ့်. . နင်တို့သတင်းကိုတော့ ငါအမြဲကြားနေရတယ်၊

အရင်က နင်တို့နှစ်ယောက်ကို စာတစ်စောင်တည်းအတူတူ

ရေးပြီး. . သတိရကြောင်းတွေ ပြောခဲ့ပေမယ့်. . ခု တစ်

ခေါက်တော့ ငါသီးခြားစီခွဲပြီး ရေးလိုက်တယ်. .

အဲဒါ. . ဘာကြောင့်လဲဆိုတော့ နင့်ကိုရင်ဖွင့်စရာရှိလို့. .

ငါလေ ဘယ်လိုရေးစက်ကြောင့်လည်းမသိဘူး အိမ်သူရယ်၊

မြေ့ပေါ်မှာ အရမ်းခင်တွယ်ခဲ့တယ်. . .

သူ့မျက်နှာလေးကိုမြင်တိုင်း အရမ်းကိုခံစားခဲ့ရတယ်. . ငါနဲ့

ပြေပြာ ဘဝချင်းတူတာတွေ မတူတာတွေ ငါ့ခေါင်းထဲမှာ

မရှိဘူး အိမ်သူ. . .

ငါ့ရင်ထဲမှာ အရောင်မခွဲခြားတဲ့သံယောဇဉ်နဲ့ သူ့ကိုခင်တွယ်

ခဲ့တယ်. . ဒီလောက်ဆို နင်ငါ့ရဲ့ခံစားချက်ကို သိမှာပါ. .

မြေ. . ငါ့ကို ဘယ်တော့မှချစ်တယ်လို့ ဖွင့်ပြောမှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာကို ငါသိထားပါတယ်. . .

ဒါပေမယ့်. . .

ငါ့ဘက်က ချစ်နေမိတာကို နင်သိအောင်ပြောပေးလို့. . သူ

သိခဲ့ရင် ငါကျေနပ်ပါပြီ. . .

နင် ပြောပြပြီးရင်. . ငါ့ဆီကိုစာပြန်ပြီးရေးပေးပါ။

ငါမျှော်လင့်နေမယ်. . . "

"သျှင်ငယ်နှောင်း"

ပြေ. . အိမ်သူပေးသည့်စာရွက်ကလေးကို တစ်စေ့

ဆုတ်ဖြဲပစ်လိုက်သည်။

BURMESE CLASSIC

"ဟယ်. . ပြေ ဒါဘာလုပ်တာလဲ"

"အိမ်သူရယ်. . ဘဝမှာမလိုအပ်တဲ့အရာတွေကို ဘာလို့

ဆက်ပြီး သိမ်းထားရမှာလဲ. . ပြီးတော့ သျှင်ငယ်ရဲ့သိက္ခာတရား

အတွက်ငဲ့ရဦးမယ်ဟာ. . . "

"ပြေ. . ငါ့ကို ခွင့်လွှတ်တယ်နော်"

"မိန်းမရယ်. . ငါ့နှလုံးသားမှာ တကယ်ချစ်ပြီးလက်

ထပ်ခဲ့တာ. . ဟေမာမီအား ချစ်ဇနီးလေးပါ"

"တကယ်လို့. . ငါက နင့်ကိုသျှင်ငယ်နှောင်းပြောခိုင်း



www.burmeseclassic.com

www.burmeseclassic.com



တာကို ပြောခဲ့ရင်ရော. . ."

"ငါစဉ်းစားမိမှာ မဟုတ်ဘူးအိမ်သူ. . မတူညီနိုင်တဲ့ခရီး တစ်ခုကို အတူတူသွားဖို့ဆိုတာ မလွယ်လှပါဘူးဟာ"

"ငါ့ကို သျှင်ငယ်ကမေးတယ်. . ငါရေးပေးလိုက်တဲ့စာ ရလားတဲ့. . ငါလေ. . ပထမ ဘာပြောရမှန်းမသိဘူးဖြစ်သွားပြီး ဆက်ပြီးညာခဲ့မိတယ်. . ငါ့ဆီကိုရောက်မလာဘူးလို့ ပြောလိုက် တယ်. . ဒီ့အတွက် စိတ်ထဲမှာခုထိမကောင်းဘူး. . ငါက နင့်ကို အရမ်းချစ်ခဲ့တဲ့စိတ်နဲ့ စာလေးကိုမပြဘဲထားလိုက်တာပါ... ပြေရယ်. . ."

BURMESE CLASSIC

""အိမ်သူ. . ဒါတွေကို မေ့ပစ်လိုက်. . ခုဆိုရင် ငါတို့ရဲ့ ကျေးဇူးရှင်အမိုးပေးခဲ့တဲ့ လယ်ကွက်လေးပေါ်မှာ ငါတို့အနာ ဂတ်လေးကို လှလှပပလေးတည်ဆောက်ကြတာပေါ့. . ."

"ခု. . ဘယ်ကိုသွားမှာလဲ"

"အမိုးအုတ်ဂူလေးဆီကိုသွားပြီး ကန်တော့ကြမယ်"

"အင်း. . ."

ချစ်ဇနီးလေး၏ လက်ကလေးကိုဆွဲပြီး ထွက်လာကြ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သူ. . ဟိုမှာကြည့်လိုက်စမ်း"

ပြေ. . ရွာကလေးကို လှမ်းပြီးပြလိုက်လေသည်။

"သာယာလှပတဲ့ ရွာကလေးဖြစ်သွားပြီနော်. . ."

"ဟုတ်တယ်နော်. . ငါတို့ဖြတ်သန်းခဲ့ကြရတဲ့ ခရီးကြမ်းကြီး ပြီးဆုံးသွားပြီမို့. . ငြိမ့်ညောင်းတဲ့ခရီးလေးကို လျှောက်ကြဖို့ပဲ ရှိပါတော့တယ်"

BURMESE CLASSIC

"ပြေ. . ငါ့လက်ကို လွှတ်မသွားရဘူးနော်. . ."

"ထာဝရ၊ ထာဝရ. . မခွဲသောလက်နဲ့ တွဲလို့ခေါ်သွားမှာပါ အိမ်သူရယ်. . ."

ရွှေဘဝင်

ပရိသတ်အားပေးမှုကို အစဉ်လေးစားလျှက်...



www.burmeseclassic.com